The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 16, NO . 18 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 23 , 2016

## လုပ်ငန်းသုံးယာဉ်ယန္တရားများအား နယ်စပ်စခန်းများမှ ပြန်လည်တင်သွင်းခွင့်ပြုပြီ

|pmrsu ES- 20|

## AWI P နှင့် MIP တို့တွင် One Stop Service ဖြင့် ကုန်သေတ္တာ အတင်အချလုပ်ငန်းများကို ၂၄ နာရီ ဆောင်ရွက်ပေးလျက်ရှိ

|pmrsu ES- 18|

## သီလဝါအစုရှယ်ယာများ စတော့အိတ်ချိန်းဈေးကွက်တွင် အရောင်းစတင်၊ ဈေးကွက်တွင် အဝယ်သာရှိပြီး အရောင်းနည်းပါးနေခဲ့

|pmrsu ES- 9|

# မူဆယ်နယ်စပ်ခရီး မှသည် ကုန်သွယ်မှုတိုးတက်ရေးသို့

မိုးကောင်းကင်ကြီးက ကြည်လင်လွန်းလှသည်။ သွားရမယ့် ခရီးက မူဆယ်။ မူဆယ်မြို့ဟာ မြို့သေးသေးလေးသာဖြစ်ပေမယ့် နိုင်ငံတော်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းတွေကို အဓိကထားပြီး လုပ်ဆောင်ပေးနေတဲ့နယ်စပ် ဒေသမြို့လေးတစ်မြို့ပါ။

မြို့ကလေးက ငယ်ငယ်၊ ကုန်သွယ်မှုက ကြီးကြီးဆိုသလို တစ်ဖက်တရုတ်နိုင်ငံနဲ့ နယ်စပ်မျဉ်းလေးတစ်ကြောင်းသာ ခြားထားတဲ့မြို့ငယ်လေးတစ်မြို့ပါ။

မူဆယ်မြို့ကို ရောက်တဲ့အချိန်က ညနေခင်းအချိန်ဖြစ်လို့ ညရဲ့အေးမြမှုကို ခံစားလိုက်ရပါတယ်။ တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်တာကြောင့် ရန်ကုန်မြို့ရဲ့ ရာသီဥတုနဲ့ အကွာကြီးကွာခြားနေတာကိုလည်း သတိပြုမိခဲ့ပါတယ်။

နံနက်ပိုင်းမှာတော့ မူဆယ်မြို့ရဲ့ နယ်စပ်ဂိတ်အသစ်တစ်ခုဖြစ်တဲ့ ကျိန်စမ်းကျော့ဂိတ်ကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနဲ့ အတူသွားရောက်လေ့လာခဲ့ပြီး အရှေ့မြောက်တံခါးသစ် သီးကုန်သည်များအသင်းဥက္ကဋ္ဌနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

မူဆယ်မြို့ရဲ့ သစ်သီးကွင်းကို ရေရှည်တိုးတက်ကောင်းမွန်စေရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအာဏာပိုင်

|pmrsu ES- 15|




## BuildTech Yangon 2016 ပြပွဲ ပြသမည်

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် စင်ကာပူ ပရက်စ်ဟိုးလ်ဒင်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Sphere Exhibits တို့ ပူးပေါင်းကျင်းပသည့် BuildTech Yangon 2016 ပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ

|pmrsu ES- 24|




## ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အနာဂတ်အခွင့်အလမ်းများနဲ့ သီဟိုဠ် ကုန်ချောပြည်ပသို့ တိုက်ရိုက်တင်ပို့တော့မည်

|pmrsu ES- 23|

## ကယားပြည်နယ်နဲ့ ကြယ်ပဲအကြောင်းတစေ့တစ်စောင်း

မြန်မာနိုင်ငံကို sacha inchi လို့ခေါ်တဲ့ ပဲတစ်မျိုးဟာ ၂၀၁၄ ခုနှစ်က စတင် ဝင်ရောက် ခဲ့တာဖြစ်ပါတယ်။ မူရင်းဒေသကတော့ ပီရူး နိုင်ငံကပါ။ အသီးမှာ အမွှာလေးတွေနဲ့ ကြယ်ပုံလေးမို့လို့ကြယ်ပဲလို့မြန်မာလူမျိုးတို့က ခေါ်ဆို ခဲ့ကြကြောင်း သိရှိရပါတယ်။ ကြယ်ပဲကိုအယ်လ် ဆာဒိုင်း ကုမ္ပဏီက စတင်တင်သွင်းခဲ့တာဖြစ်ပြီး အဲဒီ

|pmrsu ES- 12|



CB SECURITIES

"We help you make a difference"

**CB Securities Ltd တွင် Securities Trading Account ဖွင့်လှစ်ပြီး ရန်ကုန်စတော့အိတ်ချိန်း (YSX) စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများအား အရောင်းအဝယ် ပြုလုပ်နိုင်ပါပြီ။**

Securities Trading Account ဖွင့်လှစ်ရန်လိုအပ်သော အထောက်အထားများ

- မှတ်ပုံတင် မူရင်း၊ မိတ္တူ
- Email လိပ်စာတစ်ခု
- သန်းခေါင်စာရင်းမိတ္တူ
- ဘဏ်စာရင်းအမှတ်တစ်ခု





#03-04, Union Financial Center,Corner of Mahabandoola Road & Theinphyu Road, Botahtaung Tsp,Yangon, Myanmar.

+95 18610309, 8610331-35 contact@cbsecurities.com.mm www.cbsecurities.com.mm



# BBB

# ဘီသုံးလုံး ကားရောင်းစင်တာ

## Big Boss Brothers Services Co.,Ltd.

38+40 ကမ္ဘာအေးဘုရားလမ်း (နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။

Email : bbbservices99@gmail.com Facebook : www.facebook.com/bbbservices

**Phone: 09-7320-7777**

# Myanmar-India Business Conclave သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်




မြန်မာနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုပမာဏများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် Myanmar-India Business Conclave ကို ရန်ကုန်မြို့၊ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါ စီးပွားရေးဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာအတူတကွ နေထိုင်လာခဲ့ကြသည့် အိမ်နီးချင်းနိုင်ငံများပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကျင်းပသည့် စီးပွားရေးဖိုရမ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အထောက်အကူပြုမည့် ပြယုဂ်တစ်ခုပင်ဖြစ်ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံ၏ အနာဂတ် စီးပွားရေးပိုမိုတိုးတက်လာနိုင်မည်ဟုယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ယခုလောလောဆယ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိနေပါကြောင်း၊မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ပဲအမျိုးမျိုး၊ အထပ်သား၊ သစ်အချောထည်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနဲ့ ပရဆေးကုန်ကြမ်းများကို တင်ပို့လျက်ရှိသကဲ့သို့ အိန္ဒိယနိုင်ငံမှလည်း စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အိမ်သုံးဆေးဝါးများ၊ ဆေးရုံသုံးဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်း၊ စက်အပိုပစ္စည်းများနှင့် လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်းများကို တင်သွင်းလျက်ရှိနေပါကြောင်း၊ ယခုစီးပွားရေးဖိုရမ်တွင် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ ဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ယခုအခါတွင်

စာမျက်နှာ ၁၈ သို့ ➲

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အေးရှားဝေါလ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် မြန်မာစက်မှုဆိပ်ကမ်းတို့အား လိုက်လံကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအေးလွင်တို့ လိုက်ပါလျက် မေ ၂၀ ရက်က ရန်ကုန်မြို့ရှိ အေးရှားဝေါလ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် မြန်မာစက်မှုဆိပ်ကမ်းတို့အား လိုက်လံကြည့်ရှုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှေးဦးစွာ အေးရှားဝေါလ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ရောက်ရှိခဲ့ရာ အေးရှားဝေါလ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ တာဝန်ရှိသူများ၊ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးယဉ်မင်းအောင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်တို့က

စာမျက်နှာ ၁၈ သို့ ➲

# ရန်ကုန်မြို့ ကုန်တင်ကုန်ချဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချပြုလုပ်ရာ၌ အခက်အခဲများဖြစ်ပေါ်နေခြင်းကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခြင်း

ရန်ကုန်မြို့ ကုန်တင်ကုန်ချ ဆိပ်ကမ်းများတွင် ကုန်တင် ကုန်ချပြုလုပ်ရာ၌ အခက်အခဲများဖြစ်ပေါ်နေခြင်းကို ဖြေရှင်းပေးရန်နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၈ ရက် နံနက်က ရန်ကုန်မြို့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများမှ သက်ဆိုင်ရာလုပ်ငန်းဌာနများ၊ ကုန်သည်စက်မှုအသင်းမှ

စာမျက်နှာ ၁၈ သို့ ➲




**Commerce JOURNAL**

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်
ဝင်းလွင်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊ ချိုသက်မှူ

**လက်ထောက်စာတည်း**
ချောစုမာ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ မြင့်မြင့်မာ

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်
အုန်းခင်

**ကွန်ပျူတာ**
မြတ်ဆုလှိုင်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချောနဲ့ဆန်ကြမ်း ဒိုင်အဝင်ပုံမှန်ရှိသော်လည်း အရောင်းအဝယ်အေးနေ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ မေ ၂၀ ရက်လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၅၀၀၀ ကျပ်၊ အလတ်စ ဆန်တစ်အိတ် ၃၃၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ထိပ်စ၊ လတ်စဆန်တစ်အိတ်ကို ၁၀၀၀ ကျပ်ခန့် ဈေးမြင့်လာပါတယ်။ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၃၇၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၆၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စတစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးတက်လာတာ တွေ့ရပါတယ်။ နယ်စုံပေါ်ဆန်းဆန်များကတော့ ထိပ်စ တစ်အိတ် ၃၄၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၃၀၀၀ ကျပ်ဖြစ်လို့ ထိပ်စတစ်အိတ် ၁၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးမြင့်လာကြောင်း ဝါးတန်းကုန်စည်ဒိုင် ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ပေါ်ဆန်းဆန်ချောများ ကုန်စည်ဒိုင်သို့ အဝင်ပုံမှန်ရှိနေပြီး အရောင်းအဝယ်မှာ အေးနေကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ညော့်မထဆန် ထိပ်စတစ်အိတ် ၂၃၅၀၀ ကျပ်၊ လတ်စဆန် တစ်အိတ် ၂၂၀၀၀ ကျပ် နဲ့ ဈေးနှုန်းတည်ငြိမ်နေပြီး၊ မနောသုခရှယ် ဆန်တစ်အိတ် ၂၄၀၀၀ ကျပ်မှ ၂၅၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်-၁၀၀၀ ကျပ်ခန့်ဈေးမြင့်လာပါတယ်။ နှွေသီးထပ် (ရှယ်) ဆန် တစ်အိတ် ၁၇၈၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်ဖြစ်လို့ တစ်အိတ် ၂၀၀ ကျပ်ခန့် ဈေးကျလာကြောင်း၊ နွေဆန်ရက်၉၀ ဆန်ဈေးနှုန်း တစ်အိတ် ၂၀၀၀၀ ကျပ်မှ ၂၁၀၀၀ ကျပ်ဖြစ်ကြောင်း၊ ကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ညော့်မထဆန်များ ကုန်စည်ဒိုင်သို့ ဝင်ရောက်မှုမှာ ပုံမှန်သာရှိပြီး အရောင်းအဝယ်မှာ အေးနေကြောင်း ရှေ့ဆက်ပြီးလည်း တက်ရိပ်မရှိနိုင်ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ မေ ၂၀ ရက် ဈေးနှုန်းများအရ ညော့်မထ ၅ မှတ်၊ မော်ဘီနဲ့ စူပါ တစ်အိတ်ကို ၁၄၆-၁၄၉ ယွမ်၊ ညော့်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါတစ်အိတ်ကို ၁၄၂-၁၄၄ ယွမ်၊ ညော့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၃၂-၁၃၈ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၄၃-၁၄၅ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၃၆ ယွမ် အသီးသီးဖြစ်ကြောင်း သိရပါတယ်။ တရုတ်လိုင်းမူဆယ်ရဲ့ ဆန်ဈေးကွက်အခြေအနေမှာ ရွှေလီမှ ကူမင်းသွားတဲ့လမ်းမှာ စစ်ဆေးမှုများ ရှိနေတဲ့အတွက် အရောင်းအဝယ်အေးနေကြောင်း၊ ဝယ်လက်လည်း သိပ်မရှိတာကြောင့် ဈေးကျနေတယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ မေ ၂၀ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၇၈ ဒသမ ၂၅ ကျပ်ဖြစ်ကြောင်း၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၁၄၆၂ တန်ခန့် ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန်တန်ချိန် ၇၃၁၁ တန်ခန့် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၁၃ ရက်အထိ တင်ပို့မှုမှာ တန်ချိန် ၅၇၅၂၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၄၃၆၈၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅ သန်းကျော် ရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၈၉၀၇၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၃၂ ကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၁၃၈၃၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၅၀၂၃၄ ကျော်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**MT- YGN**

# ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ဆန်ကွဲတင်ပို့မှု ပိုမိုသော်လည်း ပင်လယ်ရေကြောင်းမှ တင်ပို့မှုလျော့ကျ

မေဒုတိယပတ်ဖြစ်တဲ့ ၇ ရက်မှ ၁၃ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၅ ဒသမ ၁၁၅သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၃၉၃၂ တန် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ကုန်သွယ်ရေးဇုန်နဲ့ စခန်းအလိုက်ကြည့်ရင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၇၆၈၈ တန်၊ ညော့်မထဆန် ၁၈၆၇ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၇၇၄ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၆၃၂ တန်အသီးသီးတင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ၅၆၃၇ တန် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ အလားတူ ဆန်ကွဲကိုလည်း မူဆယ်မှ ၂၄၀၁ တန်၊ ချင်းရွှေဟော် ၂၇၇ တန်၊ လွယ်ဂျယ်မှ ၈၈ တန် တင်ပို့ပြီး ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၉ သန်းရရှိခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာလည်း ၉၆၅ တန် ပိုမိုကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းမှ မေ ၈ ရက်မှ ၁၄ ရက်အထိ ကန်ဒေါ်လာ သုည ဒသမ ၆၃၂ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၈၁၅ တန်တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့နိုင်ငံနဲ့ ပမာဏမှာ တရုတ်နိုင်ငံသို့ ညော့်မထဆန် တန် ၁၀၀၀၊ အီးယူနိုင်ငံများသို့ ညော့်မထဆန် ၅၂၅ တန်နဲ့ ပေါင်းဆန် တန် ၂၉၀ ဖြစ်ပါတယ်။

ယခင်တစ်ပတ် တင်ပို့မှုထက် ၁၂၅၆ တန် လျော့နည်းခဲ့ပါတယ်။ အီးယူနိုင်ငံများသို့ ဆန်သာမက ကန်ဒေါ်လာ သုည ဒသမ ၂၄၁ သန်း တန်ဖိုးရှိ ဆန်ကွဲ ၈၇၅ တန်ကို တင်ပို့ခဲ့ပါတယ်။

ဆန်တင်ပို့မှုမှာလည်း ၁၇၅ တန် လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ပြီး ပင်လယ်ရေကြောင်းမှ ဆန်ရော ဆန်ကွဲပါ တင်ပို့မှု လျော့ကျခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

| ၁၆-၅-၂၀၁၆ မှ ၂၀-၅-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 190 | 7,891,441.268 |
| 2 | Form D | 80 | 5,373,141.660 |
| 3 | Form E | 73 | 1,767,661.160 |
| 4 | Korea GSP | 2 | 40,091.300 |
| 5 | Form AK | 36 | 1,501,074.830 |
| 6 | Form AJ | 3 | 129,679.340 |
| 7 | Form AI | 36 | 1,857,812.750 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **420** | **18,560,902.308** |

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၉-၅-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၃၉ | ၄၄၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၂၄ | ၄၃၄ | △ | ၃၇၀ | ၃၇၅ | △ | ၃၇၅ | ၃၇၅ | □ | ၃၈၅ | ၄၁၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၀၉ | ၄၁၆ | △ | ၃၅၅ | ၃၄၅ | ▽ | ၃၅၀ | ၃၅၅ | △ | ၃၃၅ | ၃၆၅ | △ |
| ပေါင်းဆန် | ၄၂၀ | ၄၂၅ | △ | - | - | - | ၃၆၀ | ၃၆၅ | △ | - | - | - |

*Source: oryza.com*

# အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၉-၅-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၃၅ | ၄၄၀ | △ | ၄၂၅ | ၄၂၅ | □ | ၄၁၅ | ၄၁၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၀ | ၄၅၀ | □ | - | - | - | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၂၀-၅-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညော့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၄၆၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၀၀၀ | □ | ၇၇၃၀ | △ | ၃၄၀၀၀ | △ |
| ပဲခူး | ၅၃၀၀ | □ | ၂၀၀၀၀ | □ | ၇၀၀၀ | □ | ၃၀၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၃၀၀၀၀ | □ | ၁၁၈၅၀ | △ | ၃၇၀၀၀ | □ |
| စစ်တွေ | ၅၄၀၀ | □ | ၂၃၀၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၅၀ | □ | ၂၂၀၀၀ | □ | - | - | ၃၃၅၀၀ | □ |
| မန္တလေး | ၇၄၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၈၇၀၀ | △ | ၂၆၅၀၀ | △ | - | - | ၃၅၀၀၀ | □ |
| မော်လမြိုင် | ၅၉၅၀ | □ | ၂၂၀၀၀ | □ | ၇၃၀၀ | □ | ၂၈၀၀၀ | △ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | △ | - | - | ၄၆၀၀၀ | △ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | △ | ၂၃၀၀၀ | □ | - | - | ၂၆၅၀၀ | ▽ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၃၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညော့်မထ အုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ် ဈေးများ ဖြစ်ပါသည်။

# ကယားပြည်နယ်လွိုင်ကော်မြို့တွင် ဆန်ဈေးအနည်းငယ် မြင့်တက်

ယခုတစ်ပတ်အတွင်း လွိုင်ကော်မြို့၌ ဆန်ဈေးများ အနည်းငယ်မြင့်တက်သွားပါတယ်။ ယခင်တစ်ပတ်က ပေါ်ဆန်းမွှေးဆန်တစ်အိတ်လျှင် ၄၃၀၀၀ ကျပ်ရှိခဲ့သော်လည်း ယခုတစ်ပတ်တွင် ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ၄၆၀၀၀ ကျပ် အထိ မြင့်တက်ခဲ့ပါတယ်။ အလားတူယခင်တစ်ပတ်တွင် ညော့်မထ ဆန်ဈေး တစ်အိတ်လျှင် ၂၅၀၀၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ညော့်မထ ဆန်ဈေးတစ်အိတ်လျှင် ၂၆၀၀၀ ကျပ်ထိအနည်းငယ်မြင့်တက်ခဲ့ပါတယ်။ ယခု တစ်ပတ်အတွင်း ပြည်နယ်အတွင်းသို့ ပေါ်ဆန်းမွှေး ဆန် ၄၅၀ အိတ်၊ ညော့်မထ ဆန် ၁၂၀၀ အိတ်နှင့်ငစိန် ၁၃၀၀ အိတ်ခန့် ဆန်များဝင်ရောက်မှုရှိခဲ့ပါတယ်။

**ဗညားထက် (မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့) လွိုင်ကော်မြို့**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၀-၅-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၃/၅ | ၂၀/၅ | ပြောင်းလဲမှု | ၁၃/၅ | ၂၀/၅ | ပြောင်းလဲမှု | ၁၃/၅ | ၂၀/၅ | ပြောင်းလဲမှု | ၁၃/၅ | ၂၀/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၈၃၃ | ၂၈၂၅ | ▼ | - | ၂၇၀၀ | - | ၂၇၀၀ | ၂၇၀၀ | ■ | ၂၇၀၀ | ၂၇၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၅၂၃ | ၂၄၇၄ | ▼ | - | - | - | - | ၂၄၃၅ | - | ၂၄၃၅ | ၂၄၄၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၄၃၀ | ၁၄၀၀ | ▼ | - | ၁၆၃၆ | - | ၁၇၃၇ | ၁၆၃၂ | ▼ | ၁၆၃၀ | ၁၆၃၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၆၀၀ | ၂၅၀၀ | ▼ | - | - | - | - | - | - | ၁၉၇၅ | ၁၉၅၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၉၅၀ | ၉၅၀ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | - | - | - | ၁၀၅၀ | ၁၀၅၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | ၇၁၀ | - | ၅၂၆ | ၆၀၅ | ▲ | ၅၅၀ | ၅၈၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၀-၅-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၂/၅ | ၁၉/၅ | ပြောင်းလဲမှု | ၁၂/၅ | ၁၉/၅ | ပြောင်းလဲမှု | ၁၂/၅ | ၁၉/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၃၀ | ၁၅၀၀ | ▼ | ၁၇၇၂ | ၁၇၇၀ | ▼ | ၁၆၅၂ | ၁၇၈၅ | ▲ |
| ၂ | ပဲစင်းငုံ | ၁၃၇၀ | ၁၃၃၀ | ▼ | ၁၃၃၇ | ၁၂၇၂ | ▼ | ၁၃၆၇ | ၁၃၂၄ | ▼ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၉၄၆ | ၈၉၂ | ▼ | ၉၉၁ | ၉၅၂ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၈၀၀ | ၈၀၀ | ■ | ၈၈၆ | ၉၂၂ | ▲ | ၈၇၉ | ၉၂၂ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၇.၅.၁၆)ထိ | ယခုတစ်ပတ် (၁၄.၅.၁၆)ထိ | (၁.၁.၁၆) မှ (၁၄.၅.၁၆) ထိ |
| မတ်ပဲ | ၂၇၈၉၈ | ၁၂၃၉၇ | ၁၇၆၉၂၂ |
| ပဲတီစိမ်း | ၁၀၇၉၁ | ၄၂၀၁ | ၉၅၈၄၃ |
| ပဲစင်းငုံ | ၆၉၁၇ | ၃၀၉၈ | ၁၁၉၁၀၆ |
| ကုလားပဲ | ၈၈၄ | ၂၆၄ | ၁၁၅၆၈ |
| ပဲလွန်းဖြူ | ၅၃၁ | ၃၀၅ | ၉၁၅၂ |
| မြေထောက်ပဲ | ၁၀၈၉ | ၂၁၆ | ၄၀၃၇ |



## မုံရွာ ကုလားပဲ ပြည်တွင်းဝယ်လက် အဆွဲကောင်းလို့ ဈေးဆက်မာ

ပြီးခဲ့တဲ့နှစ်က တွက်ခြေမကိုက်လို့ မုံရွာခရိုင်အတွင်း ကုလားပဲစိုက်ဧက လျော့ခဲ့ကာ ရာသီဥတုဖောက်ပြန်မှု ထပ်ဆောင်းလို့ ဒီနှစ်အထွက်လျော့ခဲ့တဲ့ ကုလားပဲမှာ ပြည်တွင်းဝယ်လိုအားကောင်းနေလို့ အမြင့်ဈေးမှာ ဆက်လက်မာနေတာ တွေ့ရပါတယ်။

ပြည်တွင်းပဲခွဲခြမ်းဈေး တစ်ပိဿာ ၂၆၀၀ ကျပ်အထိ ဈေးကောင်းရပြီး အဝယ်လိုက်လို့ ဒေသခံပဲခွဲစက်သမားများ အဝယ်ရှိသလို ပွင့်လင်းရာသီမှာ မုံရွာကြာဆန်စက်သမားတွေ ကုန်ချောအတွက် မရှိမဖြစ် ဝယ်နေရလို့ အရောင်းအဝယ်သွက်နေတာဖြစ်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

ဒ့ါအပြင် တပ်မတော်ရိက္ခာအတွက် တင်ဒါအောင်သူတွေ ဝယ်လက်လည်း ရှိလို့ ဈေးမာနေခြင်းဖြစ်ကာ ယခုတစ်ပတ်အတွင်း ကုလားပဲဖြူလုံးကြီး တစ်တင်း ၃၉၃၀၀ ကျပ်၊ တစ်တင်း ၃၈၅၀၀ ကျပ်နဲ့ ထိုင်ဝမ်ကုလားပဲတစ်တင်း ၃၈၅၀၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ပေါ်နေပြီး၊ အရောင်းအဝယ်အားဖြင့် ကုလားပဲမျိုးစုံ တစ်ရက် အိတ် ၁၅၀၀ မှ ၂၀၀၀ ကြားဖြစ်ခဲ့တယ်လို့ ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ရှိသော မတ်ပဲနှင့် ပဲစင်းငုံသီးနှံ၏ နှစ်အလိုက် ကာလတူအချိန်ဈေးနှုန်းနှိုင်းယှဉ်မှု

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်း မတ်ပဲသီးနှံအပြင် အခြားပဲများလည်း စိုက်ပျိုးလျက်ရှိရာ မတ်ပဲသီးနှံသာ စိုက်ဧကအများဆုံးဆောင်းသီးနှံအဖြစ် စိုက်ပျိုးပြီး၊ ပဲတီစိမ်းကိုတော့ မိုး/ဆောင်းနှစ်မျိုးစိုက်ပျိုးကာ ပဲစင်းငုံ၊ ပဲပုပ်သီးနှံများလည်း မိုးသီးနှံအဖြစ် စိုက်ပျိုးကြပါတယ်။ အခြားပဲများကတော့ ဆောင်းသီးနှံစိုက်ပျိုးရာ ရာသီချိန်တွင်သာ စိုက်ပျိုးခဲ့ကြပါတယ်။ ပဲမျိုးစုံစိုက်ပျိုးထွက်ရှိခဲ့ရာမှ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများကတော့ ပြည်ပဝယ်လိုအားရှိတဲ့အတွက် ရန်ကုန်၊ မန္တလေးဝယ်လက် များက ပြည်ပဈေးကွက်မှတစ်ဆင့် ဝယ်ယူကြတာကိုလည်း တွေ့ရပါတယ်။

ယခုနှစ်တွင် ပဲဈေးနှုန်းများ အသီးသီးမြင့်တက်ခဲ့တဲ့အတွက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲစသည့်သီးနှံများ ဈေးကောင်းရရှိခဲ့တဲ့နှစ်ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ပြည်ပဝယ်လိုအားကောင်းတဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများအနက် မတ်ပဲသီးနှံနှင့် ပဲစင်းငုံသီးနှံတွေရဲ့ နှစ်အလိုက်ကာလတူအချိန်ဖြစ်ပေါ်ခဲ့တဲ့ ဈေးများကို အောက်ဖော်ပြပါဇယားအတိုင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ပဲတီစိမ်းသီးနှံမှာ စိုက်ပျိုးထွက်ရှိချိန်ကာလများတွင်သာ အဓိကထားရောင်းချခဲ့ရပြီး ယခုကာလတွင် ပဲလက်ကျန်လည်းမရှိ၊ အရောင်းအဝယ်လည်းအေးနေခဲ့တဲ့ သီးနှံဖြစ်ခဲ့ ပါတယ်-

| ခုနှစ် | မတ်ပဲ | | ပဲစင်းငုံ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ၂၀၁၃ ခုနှစ် မေလလယ်ထိ | ၁၇၂၀၀ | ၁၇၅၀၀ | ၂၀၅၀၀ | ၂၀၈၀၀ |
| ၂၀၁၄ ခုနှစ် မေလလယ်ထိ | ၂၄၀၀၀ | ၂၅၀၀၀ | ၁၉၄၀၀ | ၂၀၀၀၀ |
| ၂၀၁၅ ခုနှစ် မေလလယ်ထိ | ၃၈၀၀၀ | ၃၉၅၀၀ | ၃၆၅၀၀ | ၃၈၀၀၀ |
| ၂၀၁၆ ခုနှစ် မေလလယ်ထိ | ၅၃၅၀၀ | ၅၄၇၀၀ | ၄၈၅၀၀ | ၅၀၀၀၀ |

မတ်ပဲနဲ့ ပဲစင်းငုံသီးနှံဈေးနှုန်းဟာ ယခုနောက်ပိုင်းနှစ်များမှာ ဈေးပြိုင်နီးပါး မြင့်တက်လာခဲ့ပြီး ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် မတ်ပဲဈေးက တစ်တင်းကျပ်နှစ်သောင်းအောက်ရရှိပြီး၊ ဈေးအလွန်အေးတဲ့နှစ်ဖြစ်ခဲ့ကာ ပဲစင်းငုံသီးနှံဟာ ၂၀၁၃ ခုနှစ်တွင် မတ်ပဲဈေးထက်ဈေးပိုပြီး တစ်တင်း ကျပ်နှစ်သောင်းကျော်ရရှိနေခဲ့သလို ၂၀၁၄ ခုနှစ် မေလမှာ မတ်ပဲဈေးက ယခင်နှစ်ထက် ဈေးပိုရလို့ တစ်တင်းကျပ် ၂၅၀၀၀ ခန့်ရရှိလာခဲ့ပါတယ်။ ပဲစင်းငုံက ယင်းနှစ်မှာ ယခင်နှစ်ထက် ဈေးလျော့ခဲ့သလို မတ်ပဲသီးနှံနဲ့နှိုင်းယှဉ်ပါကလည်း ဈေးလျော့နည်းခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံက ၂၀၁၄ ခုနှစ်မှစ၍ တစ်တင်းကျပ် နှစ်သောင်းအောက်သာရရှိခဲ့ပြီး၊ ဧပြီလမှစ၍ ဈေးတဖြည်းဖြည်းမြင့်တက်လာခဲ့လို့ ကျပ်နှစ်သောင်းကျော်လာကာ နှစ်ကုန်ပိုင်းမှာ ကျပ်သုံးသောင်းအထိ မရရှိသော်လည်း ကျပ်သုံးသောင်းနီးပါးဈေးပိုရခဲ့တာကို တွေ့ရပါတယ်။ ပဲစင်းငုံသီးနှံမှာ ၂၀၁၄ ခုနှစ် အတွင်း မတ်ပဲဈေးကို မမီဘဲ ကျပ်နှစ်သောင်းတစ်ပတ်လည်ခန့်သာရရှိခဲ့ပြီး၊ မေလလယ်အထိ ဈေးငြိမ်နေခဲ့ပါတယ်။ နှစ်ကုန်မှာ တော့ တစ်တင်းလျှင် ကျပ် ၂၄၃၀၀ အထိဈေးပိုရခဲ့သော်လည်း မတ်ပဲဈေးအောက်သာရရှိနေခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာတော့ ပဲဈေးနှုန်းများမြင့်တက်လာလို့ မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးများဟာ တစ်တင်းလျှင် ကျပ်လေးသောင်းနီးပါးထိရရှိလာပြီး၊ မတ်ပဲဈေးနှုန်းမှာ မေလလယ်တွင် တစ်တင်း ကျပ် ၃၈၀၀၀ မှ ၃၉၅၀၀ ကျပ်ရရှိသလို၊ ပဲစင်းငုံသီးနှံမှာ မတ်ပဲနီးပါးဈေးကောင်းရလာတဲ့အတွက် တစ်တင်း ကျပ် ၃၆၅၀၀ မှ၃၈၀၀၀ ကျပ်အထိရရှိခဲ့ပါတယ်။ သို့သော်လည်း ပဲဈေးကွက်အတွင်း မတ်ပဲသီးနှံမှာ တစ်နှစ်ပတ်လုံးလိုလို အရောင်းအဝယ်ဖြစ်ပေမယ့် ပဲစင်းငုံသီးနှံမှာ ထွက်ရှိချိန်၊ အထွက်လှိုင်ချိန်များတွင်သာ ရန်ကုန်ဝယ်လက်နေ့စဉ်ဝယ်ယူလို့ အဝယ်သွက်ခဲ့ပါတယ်။ ယခုလို ပဲလက်ကျန်နည်းသွားသည့် အချိန်များတွင်တော့ ရန်ကုန်ဝယ်လက်မှ ရက်ခြားလောက်သာ ဝယ်ယူမှုရှိတယ်လို့သိရပါတယ်။

၂၀၁၅ ခုနှစ်အတွင်း မတ်ပဲသီးနှံဈေးဟာ ဇွန်လမှစ၍ တစ်တင်း ကျပ် ၄၁၀၀၀ အထိရရှိလာပြီး၊ တဖြည်းဖြည်းဝယ်လိုအားပေါ်မူတည်၍ ဈေးထပ်မံမြင့်တက်ခဲ့ပါတယ်။ စက်တင်ဘာလကုန်တွင် တစ်တင်း ငါးသောင်းကျော်ခန့်အထိ ရရှိလာကာ၊ အောက်တိုဘာလတွင် တစ်တင်း ၇၂၀၀၀ ကျပ်အထိ စံချိန်တင်မြင့်တက်ခဲ့တာကိုတွေ့ရပါတယ်။ ယင်းနှစ်အတွင်း ပဲဈေးနှုန်းကလည်း တစ်နှစ်မှ မဖြစ်စဖူးဈေးအထိ မြင့်တက်လာခဲ့တာကြောင့် လှောင်ပဲသမားများနဲ့ တောင်သူအချို့ကလည်း ရှိသမျှပဲများကို ရောင်းချခဲ့တဲ့အတွက် ဒီဇင်ဘာလမှာ ပြည်ပဲဈေးကွက်မှာ ပဲလက်ကျန်ပြတ်သလောက် ဖြစ်ခဲ့ပါတယ်။ မျိုးပဲမကျန်တဲ့ ပဲစိုက်တောင်သူများကလည်း ကျပ်ခုနစ်သောင်းကျော် ရှစ်သောင်းကျပ်နီးပါးအထိ မျိုးပဲများ ဝယ်ယူစိုက်ပျိုးခဲ့ရတယ်လို့ သိရပါ တယ်။ ပဲစင်းငုံသီးနှံမှာ ၂၀၁၅ ဧပြီမှစ၍ မတ်ပဲဈေးနဲ့အပြိုင် ဈေးပြိုင်မြင့်တက်လာခဲ့ပြီး၊ ယခု မေလလယ်အထိ တစ်တင်း ကျပ် ၃၈၀၀၀ အထိ မတ်ပဲဈေးနဲ့အပြိုင် ရရှိခဲ့တာကိုတွေ့ရပါတယ်။ သို့သော်လည်း မတ်ပဲသီးနှံကဲ့သို့ ဈေးသိသိသာသာ တစ်ဟုန်ထိုးမြင့်တက်လာခြင်းမရှိတော့ဘဲ ဩဂုတ်လမှာတော့ တစ်တင်းလျှင် ၅၃၀၀၀ ကျပ်အထိ ဈေးကောင်းရခဲ့ကာ စက်တင်ဘာလလယ်မှစ၍ ပစ္စည်းလက်ကျန်ပြတ်သွားခဲ့တယ်လို့သိရပါတယ်။

၂၀၁၆ ခုနှစ် ကာလတူအချိန် ဈေးနှုန်းနှိုင်းယှဉ်ရာမှာ မတ်ပဲဈေးမှာ တစ်တင်း ၅၃၅၀၀ ကျပ်မှ ၅၄၇၀၀ ကျပ်အထိရရှိပြီး မေလအတွင်း ဈေးအတက်အကျသိပ်မဖြစ်ဘဲ ယခင်နှစ်က ဈေးထက်တော့ ဈေးပိုရလာခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာ ယခင်နှစ်ထက်ဈေးပိုရပြီး တစ်တင်း ၄၈၅၀၀ ကျပ်မှ ကျပ် ၅၀၀၀၀ အထိရရှိခဲ့ပေမယ့် ယခုအချိန်တွင် မတ်ပဲသီးနှံသာ တစ်ရက် အိတ် ၃၀၀ ကျော် ရောင်းဝယ်နေကြရပြီး၊ ပဲစင်းငုံသီးနှံကတော့ လက်ကျန်နည်းတဲ့အတွက် အရောင်းအဝယ်အေးခဲ့တယ်လို့ သိရပါတယ်။

**စိုးအောင်-မန္တလေး**



## မိုးကြိုပဲတီစိမ်းများ မုံရွာကုန်စည်ဒိုင်သို့ အဝင်လှိုင်

မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ပုလဲမြို့ စသည့် နယ်စုံမှ ပဲတီစိမ်းသီးနှံများ ဝင်ရောက်မှုရှိသလို ရွှေဘိုခရိုင်မြို့နယ်များမှ မန္တလေးမြို့သို့ တိုက်ရိုက် စီးထွက်မှုများလည်းရှိပါတယ်။ တရုတ် Export ဝယ်လက်အဆွဲရှိပြီး မိုးကြို ပဲတီစိမ်းကြီး အထွက် လှိုင်ချိန်ဖြစ်လို့ မုံရွာကုန်စည်ဒိုင်မှာ တစ်ရက်ကို ပျမ်းမျှ တင်း ၇၀၀ ကျော် အရောင်းအဝယ်ဖြစ်ကာ အရောင်းအဝယ်အကောင်းဆုံးသီးနှံထဲတွင် ပဲတီစိမ်းသီးနှံလည်း ပါဝင်ကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင်၌ ပဲတီစိမ်းကြီးတစ်တင်း ပေါက်ဈေးနှုန်းမှာ မေလဆန်းတွင် ကျပ် ၃၄၀၀၀ မှ မေတတိယပတ်တွင် ကျပ် ၃၁၀၀၀ သို့ ဈေးအနည်းငယ် လျော့ကျခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ယခင်လကာလတူ ဈေးနှုန်းအောက်နဲ့ အရောင်းအဝယ်ဖြစ်တဲ့ မန်းကုန်စည်ဒိုင်မှ သီးနှံများရဲ့ ဈေးနှုန်း

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ ၂၀၁၆ ခုနှစ်မေတတိယအပတ် အရောင်းအဝယ်ဖြစ်ခဲ့တဲ့ လယ်ယာထွက်ကုန်သီးနှံ (ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲ)များရဲ့ ဈေးနှုန်းများမှာ-

**တစ်ပိသာဈေး-ကျပ်**

| စဉ် | သီးနှံအမည် | မေလ တတိယပတ် | |
|---|---|---|---|
| | | နိမ့် | မြင့် |
| ၁ | ပဲတီစိမ်းရွှေဝါ | ၁၆၅၃ | ၁၆၈၉ |
| ၂ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၈၃ |
| ၃ | ပဲကြီး | ၁၃၅၇ | ၁၄၄၈ |
| ၄ | ပဲနီပြား | ၁၀၈၆ | ၁၁၂၂ |
| ၅ | ပဲပုပ် (ရှမ်း) | ၈၄၅ | ၉၃၉ |
| ၆ | ပဲပုပ် (ဗမာ) | ၉၃၉ | ၉၇၇ |
| ၇ | ပဲယင်း | ၇၂၅ | ၇၃၃ |
| ၈ | ထောပတ်ပဲ | ၅၆၉ | ၈၀၀ |
| ၉ | နိုင်လွန်းပဲ | ၈၁၀ | ၈၄၄ |
| ၁၀ | မြေထောက်ပဲ | ၁၀၃၉ | ၁၁၆၇ |
| ၁၁ | မတ်ပဲ | ၂၆၈၃ | ၂၇၀၀ |
| ၁၂ | ပြောင်းဖူးစေ့ (ရှမ်း) | ၄၂၆ | ၄၃၁ |
| ၁၃ | ပြောင်းဖူးစေ့ (ဗမာ) | ၄၀၇ | ၄၁၇ |
| ၁၄ | ပြောင်းဖူးစေ့ (CP) | ၄၃၅ | ၄၃၉ |
| ၁၅ | ထွက်တိုးပြောင်း | - | ၅၃၈ |
| ၁၆ | ဆန်ပြောင်း | | ၅၃၂ |
| ၁၇ | နှမ်းဖြူ | ၂၁၅၆ | ၂၂၂၂ |
| ၁၈ | နှမ်းညို | ၁၅၅၆ | ၁၇၇၈ |
| ၁၉ | နှမ်းနက် | ၂၂၂၂ | ၂၅၅၆ |
| ၂၀ | နှမ်းနက် (စမုံ) | ၃၆၆၇ | ၄၀၀၀ |
| ၂၁ | ပန်းနှမ်း | ၂၀၆၇ | ၂၀၈၉ |
| ၂၂ | မြေပဲ ( S1လုံးဆန်) | ၂၆၅၀ | ၂၇၀၀ |

ယခု ၂၀၁၆ ခုနှစ် မေတတိယပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲအများစုဟာ ယခင်လကာလတူ ဈေးနှုန်းအောက်နဲ့ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ပဲများအနက် ပဲလွန်းဖြူနဲ့ မြေထောက်ပဲသာ ယခင်လကာလတူဈေးထက် ပဲလွန်းဖြူတစ်ပိဿာ ၈၃ ကျပ်၊ (တစ်တန် ၅၀၈၂၈ ကျပ်)၊ မြေထောက်ပဲတစ်ပိဿာ ၅၇ကျပ်၊ (တစ်တန် ၃၄၉၀၆ ကျပ်) ဈေးမြင့်တက်သွားပါတယ်။ ပြောင်းဖူးစေ့များမှာ ဈေးအနိမ့်/အမြင့် အနည်းငယ်ရှိပေမယ့် ဈေးနှုန်းကွာဟမှု အနည်းငယ်နဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

နှမ်းရောင်စုံများအနေနဲ့ ပန်းနှမ်းတစ်မျိုးတည်းသာ ယခင်လကာလတူ ဈေးနှုန်းအထက် တစ်ပိဿာ ကျပ် ၂၀၀ (တစ်တန် ၁၂၂၄၇၈ ကျပ်) ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ပြီး ကျန်နှမ်းရောင်စုံများမှာ ယခင်လကာလတူ ဈေးငြိမ်နဲ့ ဈေးအောက် ရောက်ရှိနေပါတယ်။ မြေပဲဆန် (လုံးဆန်) မှာ ယခင်လကာလတူဈေးအထက် တစ်ပိဿာ ကျပ် ၅၀ (တစ်တန် ကျပ် ၃၀၆၂၀) ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရ ပါတယ်။

ဒီတစ်ပတ်အတွင်းမှာ သီးနှံစုံ အဝင်နည်းတဲ့အတွက် အရောင်းအဝယ်အေးပြီး၊ ဈေးအေးပြီး၊ အိန္ဒိယလိုင်းနဲ့ တရုတ်လိုင်းတွေက ပုံမှန်အဝယ်ရှိပေမယ့် ပစ္စည်းရှားလို့ အရောင်းအဝယ်ပါးကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**စိုးအောင်(မန္တလေး)**

## ပြည်မြေပဲဆန်ဈေးကွက် ဝယ်လက်အဝယ်ရှိပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

မြေပဲဆန်ကို ပြည်ဈေးကွက်သို့ ကံမ၊ မင်းတုန်း၊ ပေါက်ခေါင်းနှင့်ရခိုင် ပြည်နယ်ဘက်မှ တစ်နေ့လျှင်အိတ် ၁၀၀၀ ခန့် ပုံမှန်ဝင်ရောက်နေတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မထွေးဆီစက်နှင့်ရန်ကုန် ဝယ်လက်များက အဝယ်ပုံမှန်ရှိနေသော်လည်း မြေပဲဆန်ဈေးမှာ အပြောင်း အလဲမရှိဘဲ ဈေးငြိမ်နေတာတွေ့ရပါတယ်။ မြေပဲဆန်ကို ပြည်ပဝယ်လက်များ က အဝယ်ရှိနေတဲ့အတွက် ပြည်ဈေးကွက်မှာ တစ်နေ့ကို အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ်မြေပဲဆန်ဈေးမှာ ဆီဆန် တစ်ပိဿာလျှင် ကျပ် ၂၁၅၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ နှင့်လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၃၅၀ ဈေးနဲ့ ဈေးငြိမ်နေတာတွေ့ရပါတယ်။ **ဝေဝေမင်း**

# ရှမ်းကြက်သွန်ဖြူ ဈေးကွက်သို့ လှိုင်လှိုင်ဝင်

ဈေးကွက်ဝင်သီးနှံတစ်မျိုးဖြစ်တဲ့ ရှမ်းကြက်သွန်ဖြူတွေကို မတ်လလယ်ခန့်မှစပြီး ရိတ်သိမ်းတဲ့အတွက် ဧပြီ၊ မေမှာ အဝင်လှိုင်လာတယ်လို့လည်း သိရပါတယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်က တစ်ပိဿာစိုက်ရင် ခုနစ် ဆရှစ်ဆခန့်ထွက်ခဲ့ပေမယ့် ဒီဘက်နှစ်တွေမှာ အထွက်နှုန်းက သိသိသာသာ လျော့လာပါတယ်။ ရာသီဥတုပြောင်းလဲလာတာကြောင့် တစ်ပိဿာစိုက်ရင် နှစ်ဆ၊ သုံးဆမှ အများဆုံး ငါးဆခန့်သာထွက်ရှိလာတယ်လို့လည်း သိရပါတယ်။ တချို့နေရာတွေမှာဆိုရင် မထွက်တော့သလောက် ဖြစ်သွားတယ်လို့ သိရပါတယ်။

အခုလိုအထွက်နှုန်းပျက်သွားရတဲ့ အဓိကအကြောင်းရင်းကတော့ နှင်းခါးရိုက်တာရယ်၊ ရေမရတာရယ်ကြောင့် လို့လည်း ဆိုပါတယ်။ မနှစ်ကစပြီး လူမှုကွန်ရက်တွေ၊ ကျန်းမာရေး အသိပေးစာစောင်တွေမှာ ကြက်သွန်ဖြူက ကျန်းမာရေးအတွက်ကောင်းတဲ့ အစားအစာဖြစ်ပြီး၊ ပုံမှန်စားသုံးပေးပါက အအေးမိတာခံနိုင်သလို နှာစေး၊ ချောင်းဆိုးတာကိုလည်း သက်သာပျောက်ကင်းစေတယ်လို့ ရေးသားလာတာကြောင့် ဝယ်ယူသုံးစွဲမှု ပြန်လည်ကောင်းလာတယ်လို့လည်း သိရပါတယ်။ ရှမ်းကြက်သွန်ဖြူကို ရန်ကုန်မှ အဓိကဝယ်ယူပြီး၊ မြေလတ်ဒေသဖြစ်တဲ့ မိတ္ထီလာအနီးတစ်ဝိုက်ကတော့ ကြက်သွန်ကြော်ဖို့အတွက် ညှံ့စတွေကို ဝယ်ယူကြတယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ကြက်သွန်ဖြူ တစ်ပိဿာပေါက်ဈေးတွေက (လတ်ခြား) ကျပ် ၁၅၀၀၊ (ထူး-၁) ကျပ် ၁၈၀၀၊ ထူး(၂) ကျပ် ၂၀၀၀၊ (ထူး-၃)ကျပ် ၂၂၀၀၊ (ထူး-၄) ကျပ် ၂၄၀၀ ဈေးရှိပြီး၊ လဲချားကြက်သွန်ဖြူက တစ်ပိဿာ ကျပ်၁၅၀၀မှ ကျပ် ၂၅၀၀ ဈေးရှိပါတယ်။အောင်ပန်းဈေးကွက်မှာတော့ (ထူး-၁)က ကျပ် ၂၀၀၀၊ (ထူး-၂) ကျပ် ၂၂၀၀၊ (ထူး-၃) ကျပ် ၂၄၀၀၊ (ထူး-၄) ကျပ် ၂၆၀၀၊ (ထူး-၅) ရှယ်က ကျပ် ၃၀၀ ဈေးရှိတယ်လို့ ဈေးကွက်မှ သိရှိရပါတယ်။

**ဧခိုင်(တောင်ကြီး)**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၂၀ ကျော် တင်ပို့

မူဆယ်ကုန်သွယ်ရေးဇုန်မှ မေ ၇ ရက်မှ ၁၃ ရက်အတွင်း သီဟိုဠ်စေ့ ၂၆ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၆၀ သန်းဖိုးတင်ပို့နိုင်ခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်မှ တင်ပို့နိုင်ခြင်းမရှိဘူးလို့ သိရပါတယ်။ ဧပြီလအတွင်းက မူဆယ်နှင့် မြဝတီကုန်သွယ်ရေးဇုန်မှ သုည ဒသမ ၄၀၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၆၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၆၁ တန်ကျော်၊တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၃၆၈ သန်းနဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ၄ တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၃၇ သန်းတို့ ဖြစ်ပါတယ်။ **ခင်မြနွယ်**



## ယခုနှစ်ပြည်ကုလားပဲ ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်မှာ ယခုမေလလယ်မှစ၍ ပဲအဝင်လျော့သွားပြီး ကုလားပဲသီးနှံသာ တစ်ရက် အိတ် ၂၀၀ ကျော် ၃၀၀ခန့်သာ ပန်းတောင်း၊ ကံမမြို့နယ်များမှ ဆက်လက်ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်လျော့သွားခဲ့ကာ တစ်တင်း ကျပ် ၃၈၃၀၀ နဲ့ လှော်ပဲသမားများ ဝယ်ယူသိုလှောင်ကြသလို ပဲခွဲစက်သမားများလည်း အဝယ်ရှိခဲ့လို့ နေ့စဉ်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ယခုနှစ်ဈေးနှုန်းများအရ ပဲသစ်ပေါ်ချိန်မှစ၍ ဈေးအမြင့်နဲ့ ဆက်တိုက်အရောင်းအဝယ်ဖြစ်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ယခင်နှစ်က မေလအတွင်း ကုလားပဲသီးနှံ တစ်တင်းဈေးနှုန်းမှာ ကျပ် ၂၄၀၀၀ သာ ရရှိခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲကြီးဈေးကွက် ပဲကြော်ဖို လုပ်ငန်းသမား နေ့စဉ်အဝယ်ရှိ

ပြည်ပဲဈေးကွက်သို့ မင်းတုန်း၊ ကံမ၊ ပန်းတောင်းမြို့နယ်များမှ ပဲကြီးသီးနှံဝင်ရောက်လျက်ရှိပြီး တစ်ရက်အိတ် ၃၀၀ ခန့်နေ့စဉ် ဝင်ရောက်ခဲ့ကာ ပဲကြော်ဖို လုပ်ငန်းသမားများ ဝယ်ယူနေကြတဲ့အတွက် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းကတော့ မေလဆန်းမှစ၍ ယခုအချိန်ထိ ဈေးငြိမ်လျက်ရှိခဲ့တာကြောင့် (ရွှေကျွန်း) တစ်တင်း ကျပ် ၂၈၀၀၀ (ကမ်းနား) တစ်တင်းကျပ် ၂၅၅၀၀ ရရှိနေခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ယခင်နှစ်က ဈေးထက် ဈေးပိုကောင်းလာသော်လည်း ပဲကြီးသီးနှံကတော့ ယခင်နှစ်ကရော ယခုနှစ်မှာပါ ကျပ်သုံးသောင်းအောက်သာ ရရှိခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲလွန်းဖြူ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိ

မေလလယ်အတွင်း ပြည်ပဲဈေးကွက်သို့ ပဲလွန်းဖြူသီးနှံအဝင်ပါးသွားပြီဖြစ်လို့ အိတ် ၂၀ ကျော် ၃၀ ခန့်သာ နေ့စဉ်ဝင်ရောက်ခဲ့ပါတယ်။ ပြည်ခရိုင်အတွင်း ပဲလွန်းဖြူသီးနှံကို စိုက်ဧက သုံးထောင်ကျော်သာ စိုက်ပျိုးပြီး၊ ရွှေတောင်၊ ပန်းတောင်းမြို့နယ်တို့မှာ စိုက်ပျိုးမှုများလို့ ပဲထွက်ပေါ်ချိန်ရာသီတွင်သာ ဈေးကွက်သို့ ဝင်ရောက်မှုများခဲ့သော်လည်း ကျန်ကာလများတွင် ပဲလက်ကျန်လောက်သာ အနည်းငယ်ဝင်ရောက်ခဲ့ကြပါတယ်။

ပဲလွန်းဖြူသီးနှံမှာ ဝင်ရောက်မှုများသည့်အချိန်တွင် ရန်ကုန်ဝယ်လက်အချို့ရော လက်လီသမားများပါ အဝယ်သွက်ခဲ့ပြီး ယခုလို လက်ကျန်နည်းချိန်တွင် ဒေသတွင်းရှိလက်လီဝယ်ယူသူများ ဝယ်ယူနေခဲ့ကြတာကြောင့် ပဲတစ်တင်း ကျပ် ၂၀၀၀၀ ဖြင့် ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲပုပ်လက်လီ အရောင်းအဝယ်ဖြစ်ကာ ဈေးငြိမ်

ပြည်ပဲဈေးကွက်အတွင်း ပဲဝင်ရောက်မှုမရှိဘဲ လက်ကျန်ပဲများနဲ့ နေ့စဉ်အရောင်းအဝယ်ဖြစ်ပြီး၊ လက်လီသမားဝယ်ယူလို့ အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်တဲ့ပဲကတော့ ပဲပုပ်သီးနှံဖြစ်ခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ ပဲအထွက်လှိုင်လာချိန်များတွင် ရန်ကုန်ဝယ်လက်ဝယ်ယူမှုများပြီး အရောင်းအဝယ်သွက်ပေမယ့် ယခုလိုရာသီတွင်တော့ လက်ကျန်လှောင်ပဲ များသာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲဈေးနှုန်းကလည်း ယခုနှစ် နှစ်စမှစ၍ တစ်တင်းကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀ အကြား ဈေးအတက်အကျ သိပ်မဖြစ်ဘဲ ဈေးငြိမ်ခဲ့တာကို တွေ့ရ ပါတယ်။ ယခုတစ်ပတ်လက်လီ အရောင်းအဝယ်ဖြစ်တဲ့ ဈေးအရတစ်တင်း ကျပ် ၂၁၀၀၀ ရရှိခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ချင်း

### ရှမ်းချင်းကို ပြည်တွင်းမှအဝယ်ရှိ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ရှမ်းချင်းကပုံမှန်အဝင်ရှိသလို၊ ပုံမှန်လည်းအရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဝယ်လက်မရှိပေမယ့် ပြည်တွင်းသုံးတွေ အဝယ်ရှိနေတာကြောင့် ချင်း(စို)က အရင်တစ်ပတ်ကထက် အရောင်းအဝယ်ပိုဖြစ်နေတယ်လို့လည်း သိရပါတယ်။ ဒေသတွင်းက မျိုးအတွက် ဝယ်ယူနေပြီး၊ အခြားဒေသတွေကတော့ ခေါက်လှီးချင်းအတွက် ဝယ်ယူနေပါတယ်။ မိုးမရွာသေးတဲ့အတွက် စိုက်ဖို့ပြင်ဆင်နေတုန်းပဲလို့ တောင်သူတွေထံမှ သိရပါတယ်။ တပ်ကုန်းဝယ်လက်တွေကတော့ ခေါက်လှီးချင်းအတွက် ညှံ့စတွေကို ဝယ်ယူနေသလို ရန်ကုန်၊ စစ်တွေ၊ ပြည်ကတော့ လှော်ဖို့နဲ့ ပြန်ပြီးရောင်းချဖို့အတွက် ဝယ်ယူနေလို့ ဒီတစ်ပတ်အတွင်းမှာ ချင်း(စို) ပိဿာချိန်ပေါင်း တစ်သိန်းခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်း(စို) က တစ်ပိဿာကို အနိမ့်ဆုံး ကျပ် ၂၀၀ မှ အမြင့်ဆုံး ကျပ်၄၅၀ ဈေးပေါက်ပါတယ်။ ချင်းခြောက်ကတော့ လက်ကျန်များနေပြီး အဝယ်အေးနေလို့ အရင်တစ်ပတ်ကထက် တစ်ပိဿာကို ကျပ် ၂၀၀ ဈေးကျလာပါ တယ်။ ဒီတစ်ပတ်ချင်း ခြောက်ပေါက်ဈေးက တစ်ပိဿာ ကို ကျပ် ၁၇၀၀ သာရှိပြီး၊ ရန်ကုန်၊ မုံရွာ၊ ပြည်က အနည်းအကျဉ်းစီဝယ်ယူနေလို တစ်ပတ်အတွင်းမှာ ပိဿာချိန်ပေါင်း ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ဧခိုင် (တောင်ကြီး)**

### ပြည်ချင်းဈေးကွက် ဈေးနှုန်းတည်ငြိမ်ပြီး၊ အရောင်းအဝယ်အေး

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၅၀ ခန့် အဝင်ရှိပြီး ယခင်တစ်ပတ်ကထက် အဝင်များလာပါတယ်။ ယခင်နှစ်ကာလတူအချိန်ဈေးထက်လည်း ကျပ် ၆၀၀ ဈေးလျော့ခဲ့ပါတယ်။ ဈေးနှုန်းအားဖြင့် ချင်းတစ်ပိဿာ (ရှယ်) ကျပ် ၁၁၀၀ နှင့် ကျပ် ၁၃၀၀ (ဂွန်) -ကျပ် ၈၀၀၊ ကျပ် ၉၀၀ တို့နဲ့ ဈေးနှုန်း အပြောင်းအလဲမရှိဘဲ အရောင်းအဝယ်အေးနေပါတယ်။ ဈေးကွက်အတွင်း တစ်နေ့ကို ပိဿာချိန် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်သို့ ဈေးကွက်မှတစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀၀ ခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်**



## နနွင်း

### ရှမ်းနနွင်းအဝင်နည်းသလို အရောင်းအဝယ်လည်းပါး

ဟိုပုံးဈေးကွက်မှာတော့ ဒီတစ်ပတ် ရှမ်းနနွင်းက အဝင်နည်းနေသလို အရောင်းအဝယ်လည်း ပါးနေပါတယ်။ ချင်း၊ နနွင်းတွေကို တောင်သူတွေက ပြန်စိုက်ဖို့ ပြင်ဆင်နေတာကြောင့် ဈေးကွက်မှာ အဝင်နည်းလာတယ်လို့ သိရပါတယ်။ ဝယ်လက်တွေဖြစ်တဲ့မူဆယ်ကလည်း အဝယ်နားနေသလို၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်စတဲ့ ပြည်ပဝယ်လက်တွေကလည်း ဥပုသ်လရောက်တော့မှာဖြစ်လို့ အဝယ်နားတယ်လို့ သိရပါတယ်။ ဈေးကွက်မှာတော့ ပြီးခဲ့တဲ့တစ်ပတ်ကစပြီး အရောင်းအဝယ်လည်း နည်းသွားသလို တစ်ပိဿာကျပ် ၁၈၀၀ ဈေးနဲ့ ပိတ်သွားတယ်လို့လည်း သိရပါတယ်။ ပြန်စိုက်ကြမယ့် တောင်သူတွေကတော့ မျိုးနနွင်းတစ်ပိဿာကို ကျပ် ၆၀၀/၇၀၀နဲ့ အချင်းချင်းပြန်ဝယ်ယူကြတယ်လို့လည်း သိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ပြည်ပဝယ်လက်မရှိပေမယ့် ပြည်တွင်းဝယ်လက်တွေ ဝယ်လို့ အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေပါတယ်။ ရန်ကုန် နဲ့မုံရွာက လှော်လက်တွေကလည်း ဝယ်နေသလို နေပြည်တော်ကလည်း လက်လီနဲ့ ဈေးပတ်သမားတွေ ဝယ်ယူနေတဲ့အတွက် တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ငါးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ကျပ်၁၃၀၀ မှ အမြင့်ဆုံး ကျပ် ၂၅၀၀ ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်က သိရှိရပါတယ်။

**ဧခိုင် (တောင်ကြီး)**

### မူဆယ်ကုန်သွယ်ရေးဇုန်မှ နနွင်းတက်နဲ့ နနွင်းခေါင်းတင်ပို့

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၇ ရက်မှ ၁၃ ရက်အထိကာလအတွင်း နနွင်းတက် (ရှမ်းစ) ၈၃ တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ဝ၆၅ သန်းတန်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က နနွင်းတက် ၂၆၅ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုသီတင်းပတ်မှာတော့ ၁၈၂ တန်ကျော် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ နနွင်းတက်အပြင် မူဆယ်ကုန်သွယ်ရေးဇုန်မှ နနွင်းခေါင်း ၄၁ တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ဝ၂၃ သန်းဖိုးလည်း တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ နနွင်းတက် တစ်တန်ကို မိမိဖက်ပေါက်ဈေး ၉၀၉၀၆၉ ကျပ်ဈေးနဲ့ နနွင်းခေါင်းတစ်တန် မိမိဖက်ပေါက်ဈေး ၆၄၃၃၄၁ ကျပ်ဈေးရှိတယ်လို့သိရပါတယ်။ တရုတ်နိုင်ငံမှာ နနွင်းတက်ကိုအမှုန့်ပြုလုပ်ပြီး ပရဆေးကုန်ကြမ်းအဖြစ် အသုံးပြုရန်ဝယ်ယူနေတာကြောင့် ပုံမှန်အရောင်းအဝယ်ရှိတဲ့အပြင် ပြည်တွင်းမှာလည်း ပရဆေးအဖြစ်အသုံးပြုတဲ့ နနွင်းမှုန့် တစ်ပိဿာ ၃၀၀၀ ကျပ်ဈေးရှိတယ်လို့သိရပါတယ်။

**တင်တင်ထွန်း**

### နနွင်းတန်ချိန် ၁၀၀ ကျော်တင်ပို့

မေ ၈ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း နနွင်း၁၀၂ ဒသမ ၄၈၅ တန်ကို စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ ၉၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် ၅ တန်ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၇၈၅၈၈ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း (DOT)**

## မန်ကျည်း

### ပြည်မန်ကျည်းမှည့် ဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်မန်ကျည်းမှည့်ပွဲရုံတွင် မေ (တတိယပတ်) ၌ မန်ကျည်းမှည့်ဈေး အတက်အကျမရှိဘဲ ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ပွဲရုံများသို့ နေ့စဉ်မန်ကျည်းမှည့်ပိဿာချိန် ၈၀၀ ကျော် ဟင်္သာတ၊ မြန်အောင်၊ကြံခင်းတို့မှ ပုံမှန်ဝင်ရောက်နေပြီး ဒေသတွင်း အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရခိုင်သို့နေ့စဉ်တင်ပို့မှုရှိကြောင်းလည်း သိရပါတယ်။

ယခုတစ်ပတ် မန်ကျည်းမှည့် တစ်ပိဿာ (ပွဲရုံဈေး) ကျပ် ၁၆၀၀၊ လက်လီတစ်ပိဿာဈေးကျပ် ၁၈၀၀ နဲ့ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုတစ်ပတ် ရခိုင်သို့ ပိဿာချိန် ၇၅၀ ခန့် နေ့စဉ်တင်ပို့နေရကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

### မန်ကျည်းပို့အား ဆက်လက်လျော့

ဧပြီ ၈ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၁၄၆ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ ၇၃ တန်၊ ပါကစ္စတန် နိုင်ငံသို့ တန်၅၀ နဲ့ စင်ကာပူသို့ ၂၃ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။

ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံကို အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ် မန်ကျည်းတင်ပို့မှုမှာ တန်ချိန် ၃၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၁၇၀ ကျော် တင်ပို့မှုလျော့ခဲ့ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ၆၀၂၇၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်

### ပြည်ကြက်သွန်နီဈေးကွက်တွင် အိတ်ဆွဲသမားများ တွက်ခြေကိုက်

ပြည်ဈေးကွက်သို့ ယခုတစ်ပတ်အတွင်း အောင်လံစကြက်သွန်နီများ ဝင်ရောက်မှုများနေပြီး ပွဲရုံလက်ကားဈေးအနေဖြင့် ပိဿာ ၃၀ ဝင် တစ်အိတ်လျှင် ကျပ် ၁၅၀၀ ခန့် ကျဆင်းသွားကြောင်း သိရပါတယ်။ မြို့မစည်ပင်ဈေးကြီးရှိ ပွဲရုံများ၌ လက်ကားဈေးအနည်းငယ်ကျဆင်းမှုကြောင့် အိတ်ဆွဲသမားများ အဝယ်လိုက်နေပြီး လက်ကားတစ်ပိဿာ(ကြီး) ကျပ် ၅၀၀ ၊ (လတ်) ကျပ် ၄၅၀၊ (သေး) ကျပ် ၄၀၀တို့နှင့် ပုံမှန်ထက်အနည်းငယ်အရောင်းအဝယ်ကောင်းလာကြောင်း သိရပါတယ်။ အဝင်များလို့ ပွဲရုံဈေးကျပေမယ့် လက်လီဈေးတွင် အသေးများဈေးမကျဘဲ ပုံမှန်တစ်ပိဿာကို (ကြီး) ကျပ် ၆၅၀၊ (လတ်) ကျပ် ၆၀၀၊ (သေး) ကျပ် ၅၀၀ တို့နှင့် ရောင်းဝယ်လျက်ရှိနေပါတယ်။

ပြည်ဒေသတစ်ဝိုက်တွင် ကြက်သွန်နီစိုက်ပျိုးသော မှော်ဇာ၊ ကုန်းရိုး၊ ရှမ်းစုကျေးရွာများရှိ တောင်သူများမှာ အမြတ်နည်းသဖြင့် ဈေးကောင်းစောင့်မျှော်လျက်ရှိပြီး တောင်သူအများစုမှာ စားသုံးသူဆီ တိုက်ရိုက်ရောင်းချမှုမရှိတော့ဘဲ တောင်သူလယ်ဝယ်ထားရှိခြင်းများလည်း ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

### ပြည်စားဖိုဆောင်သီးနှံ ကြက်သွန်ဖြူ အဝင်နည်းဈေးတက်

ယခုတစ်ပတ် ပြည်ဈေးကြီးပွဲရုံများသို့ (ရှမ်းပြည်) ဘက်မှ ကြက်သွန်ဖြူအဝင်နည်းနေကြောင်း သိရပါတယ်။ တာချီလိတ်၊ ကျိုင်းတုံတို့ မှ အဝယ်ရှိနေတာကြောင့် ပြည်တွင်းကြက်သွန်ဖြူဈေးတွေ မြင့်တက်နေ ခြင်းဖြစ်ပါတယ်။ ၂၀၁၆ တွင်ကြက်သွန်ဖြူဈေးတွေဟာ ဆက်တိုက်မြင့် တက်နေခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်တွင်းက ကြက်သွန်ဖြူဝင်ရောက်မှု ပုံမှန် စီးဆင်းနေခဲ့တာကြောင့် (ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၁၂၀၀ လောက်(ရှမ်းစ) တစ်ပိဿာ ကျပ် ၁၆၀၀ အထိသာဈေးရှိခဲ့ပြီး ယခုတစ်ပတ် ကြက်သွန်ဖြူဈေး ကတော့ (ကြူကုတ်) တစ်ပိဿာ ကျပ် ၃၇၀၀ လောက်(ရှမ်းစ) တစ်ပိဿာလျှင် ကျပ် ၃၄၀၀ ဖြင့် လက်ကားဈေးပေါက်နေပါတယ်။ လက်လီဈေးဆိုလျှင် (ကြူကုတ်) ကျပ် ၄၅၀၀ (ရှမ်းစ) ကျပ် ၄၀၀၀ တို့ဖြစ်ပါတယ်။ ပြည်မြို့ရဲ့ ကြက်သွန်ဖြူဈေးမြင့်တက်မှု ကြောင့် အရောင်းအဝယ်လည်း အသင့်အတင့်လောက်သာ ရှိနေပါတယ်။

**နီနီဝင်း**

### မြဝတီရော မူဆယ်မှပါ ကြက်သွန်နီတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ မေ ၇ ရက်မှ ၁၃ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ ၇၄၁၇၆ တန်ဖိုးရှိ ကြက်သွန်နီ ၂၄၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တန် ၃၁၀ ကျော် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ကြက်သွန်နီ တင်ပို့မှု၆၃ တန်ကျော် လျော့နည်းခဲ့တာ တွေ့ရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ကတော့ ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၆၆၇ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၂၂၁၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ကြက်သွန်နီ တစ်တန်ကို မူဆယ်ကုန်စည်ဒိုင်ငွေလဲနှုန်းအရ မိမိဖက်ပေါက်ဈေး ၃၇၃၈၀၀ ကျပ်ရှိတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ၃၂၅၇၄၀ ကျပ်ရှိတာမို့ ယခုတစ်ပတ်မှာတော့ ကြက်သွန်နီတစ်တန် ၄၈၀၆၀ ကျပ်ဈေးမြင့်တက်လာတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**တင်တင်ထွန်း**

# ရပ်နိုင်ပေ့ ကယားပြည်နယ်

|ဖန်ခါးမြေမောင်မောင်|



လူသားတို့ရဲ့ သဘာဝအရ ကိုးလလွယ် ၁၀ လဖွားပြီးလျှင် ပထမပက်လက်၊ နောက် မှောက်လျက်၊ လေးဘက်ထောက်ရာမှ ခုနစ်လသားလောက်ရောက်လျှင် သွားငုတ်တုတ် လူငုတ်တုတ် ဆိုကာ ထိုင်နိုင်လေပြီ။ အထက်သွား၊ အောက်သွား၊ ရှေ့သွား နှစ်ချောင်းစီမြင်နေရပြီ။

ထိုမှတစ်ဖန် ထိုင်ရာကနေ တစ်ခုခုကိုင်ပြီး ရပ်ဖို့ကြိုးစားကြသည်။ ၁၀လ၊ ၁၁လ အရွယ်မှာ လက်လွှတ်ရပ်နိုင်ကြပြီ၊ ထိုသို့ ရပ်နိုင်ရန်မိဘများ၊ လူကြီးများက တွဲကိုင်ပြီး ဘေးကနေ "ရပ်နိုင်ပေ့. . . ရပ်နိုင်ပေ့"ဆိုကာ အားပေးကြရသည်။ နောက်တော့ ကလေးကို ယုံကြည်စိတ်ချစွာဖြင့် ကိုင်ထားသောလက်များကို တစ်ဖက်ချင်းလွှတ်ကာ သူ့ခြေထောက်ပေါ် သူရပ် နိုင်အောင် လွှတ်ထားလိုက်ကြသည်။ တစ်ခါတစ်ရံ ကလေးကိုယ်တိုင်က သူ့ကိုယ်သူအားပေးသည့်အနေဖြင့် လက်ဝါးလေး နှစ်ဖက် တီးရင်း စိတ်ချလက်ချရပ်သွားနိုင်ကြသည်။ ထိုမှ လမ်းလျှောက် သင်လျှင်လည်း ထို့အတူပထမတွင် လူကြီးများက လက်ကိုကိုင် ထားပြီး တွဲခေါ်၊ ဆွဲခေါ်လာမည်။ စိတ်ချရသည့် အချိန်တစ်ခုတွင် လက်ကိုလွှတ်လိုက်လျှင် သူတို့ခြေထောက်ကလေးများနှင့် တစ်လှမ်းစ၊ နှစ်လမ်းစလှမ်းနိုင်ကြသည်။ ယင်းသို့ပင်လျှင် ကျွန်တော်တို့ စာရှုသူတို့သည်လည်းလမ်းလျှောက်ပြေးလွှား၊ ဆော့ကစားလာနိုင်ခဲ့ကြသည် မဟုတ်ပါလား။

ကယားပြည်နယ်သည် ၂၀၁၂ ခုနှစ်၊ မတ်လမှစတင်၍ ငြိမ်းချမ်းရေးအသီးအပွင့်များကို ဆက်တိုက်ခံစားရင်းပြည်တွင်းရှိ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်ဖြင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယခင်ကာလများက ကယားပြည်နယ် အတွင်းသို့ ပြည်ပခရီးသွားများလာလည်ရန် မဆိုထားဘိ၊ ပြည်တွင်းခရီးသွားများပင် သွားလာလည်ပတ်ရန် စိတ်ကူးထဲ မထည့်ရဲခဲ့ကြ။

အခုတော့ဖြင့် အရင်လိုမဟုတ်ပြီ၊ ပြည်တွင်းခရီးသွားလုပ်ငန်းများကလည်း နွေရာသီဘုရားဖူးခရီးစဉ်များရေးဆွဲပြီး ဝင်ထွက်သွားလာကြသဖြင့် ယာဉ်၊ လူအဝင်အထွက်သိသိသာသာ များပြားလာသည်။ စည်ကားလှသည့် ကယားပြည်နယ်ပင်။

ယင်းထက်မက အဖိုးတန်လှသော အခွင့်အလမ်းကောင်း တစ်ခုကိုလည်း ကယားပြည်နယ်က ပိုင်ဆိုင်ထားသည်။ ယင်းသို့ ပိုင်ဆိုင်ထားခြင်းကလည်း ကယားပြည်နယ်၏ ဂုဏ်ဒြပ်ကြောင့်ပင်ဖြစ်သည်။ မပျက်စီးသေးသော တောတောင်ရေမြေသဘာဝ အရင်းအမြစ်များ၊ ဒေသတွင်းရှိ တိုင်းရင်းသားလူမျိုးစုတို့၏ ဓလေ့ထုံးစံများ၊ နေထိုင်ပုံဓလေ့စရိုက်များသည် ကမ္ဘာ့လှည့်ခရီးသွားများကို အဓိကဖမ်းစားစေသော ပြည်နယ်၏ပုံရိပ်များပင် ဖြစ်ကြသည်။

ယင်းဂုဏ်ဒြပ်များကြောင့်ပင် နိုင်ငံတော်မှ ဖွဲ့စည်းစီမံနေသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) တွင် ပါရှိသည့် ဝန်ဆောင်မှုလုပ်ငန်းမှ ပြည်ပဝင်ငွေရရှိရေးအတွက် နယ်မြေရွေးချယ်ရာတွင် ကယားပြည်နယ်က ကံထူးရှင်ဖြစ်ခဲ့သည်။ ယင်းအစီအမံအရ နယ်သာလန်နိုင်ငံ NTF III အဖွဲ့၏ အကူအညီဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀ သန်းကို အကုန်ကျခံကာ ၂၀၁၄ ခုနှစ်ဩဂုတ်မှ ၂၀၁၆ ခုနှစ် စက်တင် ဘာအထိအားလုံးပါဝင်သော ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို အကောင်အထည်ဖော်ခဲ့ကြသည်။

မေ ၂၆ ရက်က နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမတွင် အားလုံးပါဝင်သော ကယားပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်၏ ဗဟိုကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့ တက်ရောက်ကာ လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အစိုးရရုံးတွင် မေ ၂၈ ရက်က အဆိုပါ စီမံချက်၏ ဗဟိုကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်ကြီးကြပ်မှုကော်မတီများ၊ ဆက်စပ် ပတ်သက်သော လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကယားပြည်နယ်အစိုးရဝန်ကြီးချုပ်၏ ရှေ့မှောက်တွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

ကယားပြည်နယ် အစိုးရ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကလည်း ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို အားရကျေနပ်မှုရှိပြီး လိုအပ်သည့် အကူအညီများပေးမည့် အကြောင်းများ လမ်းညွှန်မှာကြားခဲ့ပါသည်။

ယင်းစီမံချက်ပင်လျှင် ယခုဆိုလျှင် ကာလထက်ဝက်ကျော်လေပြီ၊ အဆိုပါစီမံချက်တွင် လာရောက် အကူအညီပေးနေသော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (ITC) မှ ပြည်ပကျွမ်းကျင်ပညာရှင်များက နိုင်ငံတကာခရီးသွားလုပ်ငန်း အတွေ့အကြုံများကို တပင်တပန်း လာရောက်ပို့ချပေးကြသည်။ ကွင်းဆင်းလေ့လာကြသည်။ စာတမ်းပြုစုကြသည်။ အားသာချက်၊ အားနည်းချက်များထုတ်ဖော်ပြသခဲ့ကြသည်။ လိုအပ်သော နည်းပညာများကို အကြိမ်ကြိမ် အဖန်ဖန်ပို့ချပေးကြသည်။ ကျေးရွာအရောက် လက်တွေ့သင်တန်းပို့ချမှုများ ပြုလုပ်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပလေ့လာရေးခရီးသွားများလည်း စေလွှတ်ကြသည်။ ကယားပြည်နယ်ရှိ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ ဖြစ်သော ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်အသင်းများကို လိုအပ်သော နည်းပညာများပို့ချပြီး အလုပ်ရုံဆွေးနွေးပွဲများလည်း ကျင်းပပြုလုပ်ပေးခဲ့ကြသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းမြေပုံတွင် မြန်မာနိုင်ငံမှ ကယားပြည်နယ်ကို ဦးစားပေး၍ အမှတ်တံဆိပ်ကြော်ငြာပေးခဲ့သည်။ အထက်တွင် တင်ပြခဲ့သလို ကလေးများထိုင်ရာမှ ရပ်နိုင်အောင်၊ ရပ်ရာမှလမ်းလျှောက်နိုင်အောင် ITC အနေဖြင့် ကယား ပြည်နယ်ကို လက်တွဲကာအနီးကပ်ဖေးကူပေးခဲ့သည်။

ဤစီမံချက်ကာလ ကုန်ဆုံးလျှင် ITC နဲ့ ကယားပြည်နယ်တို့ တွဲထားသောလက်တွေ ဖြုတ်ရတော့မည်။ ယင်းကာလကလည်း တဖြည်းဖြည်း နီးကပ်လျက်ရှိပြီး ယင်းသို့ ကာလမရောက်မီအတွင်း ကယားပြည်နယ်အနေဖြင့် မိမိကိုယ်ကို ယုံကြည်စိတ်ချရမှု အပြည့်ဖြင့် မိမိခြေထောက်ပေါ်တွင် မိမိရပ်တည်နိုင်အောင် ကြိုးပမ်းအားထုတ်သင့်ပေပြီ။ သင်ကြားပို့ချသူက လက်တွဲထား ချိန်တွင် ရပ်တည်နိုင်ပြီး လက်တွဲဖြုတ်ချိန်တွင် ပြန်ပြီးဖင်ထိုင်လဲကျသွားလျှင် တိုးတက်မည်ဟု မဆိုနိုင်ပေ။

ဒါကြောင့် ပြည်ပပညာရှင်များ၏ အကူအညီပေးနေသော စီမံချက်ကာလမှာ အချိန်အကန့်အသတ် ရှိပါသည်။ ယင်းကာလများအတွင်း ပုဂ္ဂလိကတစ်ခုချင်း တိုးတက်ရန်လည်းလုပ်ဆောင်သကဲ့သို့ ပြည်နယ်အတွင်းရှိ ဆက်စပ်သောလူတန်းစားအလွှာ အသီးသီး၏ ရေရှည်တည်တံ့သော တိုးတက်ခြင်းမျိုးဖြစ်အောင် ကြိုးပမ်းအားထုတ်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

# စင်ကာပူနိုင်ငံမှာ ကျင့်သုံးနေတဲ့ သွင်းကုန်လိုင်စင်လုပ်ထုံးလုပ်နည်းများ

**(ယခင်တစ်ပတ်မှ အဆက်)**

လိုင်စင်ကြေးများနှင့်ပတ်သက်၍ ထုတ်ကုန်လိုင်စင်နှင့် ရောင်းဝယ်ရေးလိုင်စင်ဟူ၍ရှိရာ ထုတ်ကုန်လိုင်စင်တွင် ကုန်စည်အမျိုးအစားပေါ် မူတည်၍ သတ်မှတ်ထားသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် အပင်၊ သက်ရှိအင်းဆက်ပိုးမွှား၊ စိုက်ပျိုးမည့်မြေဆီ၊ သစ်ဆွေးဖြင့်ပြုလုပ်ထားသည့် ရေညှိအစရှိသည်တို့ အတွက် ပို့လိုက်သောကုန်ပစ္စည်း (consignment) တစ်ခုလျှင် ပါမစ်ကြေးမှာ စင်ကာပူဒေါ်လာ ၁၁ ဖြစ်ပြီး၊ အေးခဲအသားနှင့် ပြုပြင်ထားသည့် အသား ၁၀၀ ကီလိုလျှင် ပါမစ်ကြေး ဒေါ်လာ ၄ ဒသမ ၆၀ နှင့် စည်သွပ်အသား consignment တစ်ခုလျှင် ၇၇ ဒေါ်လာ ဟု ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ထားပါသည်။ ရောင်းဝယ်ရေးလိုင်စင်အတွက် သတ်မှတ်နှုန်းများ အနေဖြင့် လတ်ဆတ်သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များအတွက် နှစ်စဉ် လိုင်စင်ကြေး ၃၇၈ စင်ကာပူဒေါ်လာ ၊ လက်နက်၊ ခဲယမ်းများ အတွက် နှစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၃၀၀-၃၇၀၀ ၊ အသားနှင့် ငါးထုတ်ကုန်များ အတွက် နှစ်စဉ်ကြေး စင်ကာပူဒေါ်လာ ၈၄၊ အလှမွေးငါးအတွက် နှစ်စဉ်ကြေး စင်ကာပူဒေါ်လာ ၃၅၀ စသဖြင့် သတ်မှတ်ထားပါသည်။ လိုင်စင်ထုတ်ပေးမှုနှင့် ဆက်စပ်သည့် စရန်သို့မဟုတ် ကြိုတင်ငွေပေးချေရန် မလိုကြောင်း ဖော်ပြထားပါသည်။

စည်းကမ်းချက်များအနေဖြင့် ရောင်းဝယ်ရေးလိုင်စင် သက်တမ်းသည် လုပ်ငန်းအပေါ် မူတည်၍ သတ်မှတ်ထားသည်။ ကုန်ပစ္စည်းလိုင်စင်နှင့် ပတ်သက်၍ ယင်းကုန်စည်တင်သွင်းမှုပြီးဆုံးသည်နှင့်တစ်ပြိုင်နက် အတည်ပြုထားသည့်သွင်းကုန်လိုင်စင်ကို ရပ်စဲကြောင်း ဖော်ပြထားသည်။ သို့သော်လည်း သွင်းကုန်အမျိုးအစားအလိုက် လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်အလိုက် လိုင်စင်သက်တမ်းအမျိုးမျိုး သတ်မှတ်ထားသည်။ ဥပမာအားဖြင့် National Authority မှ ခွင့်ပြုထုတ်ပေးသည့် CWS လိုင်စင် သက်တမ်းသည် ပြက္ခဒိန်နှစ်တစ်နှစ်ကုန်ဆုံးသည်အထိ သက်တမ်းရှိကြောင်း ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၏ သွင်းကုန်လိုင်စင်စနစ်ကို လေ့လာချက်အရ လူနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေခြင်း၊ နိုင်ငံတော်လုံခြုံရေးကို ထိပါးစေခြင်းများမဖြစ်ပေါ်စေရန်အတွက် ကုန်စည်အချို့အပေါ် Automatic licensing နှင့် Non-automatic licensing စနစ်များဖြင့် ထိန်းသိမ်းသည်ကို တွေ့ရှိရပါသည်။ လိုင်စင်စနစ်ဖြင့်ထိန်းထားသည့် ကုန်စည်များကို WTO သို့ Notify လုပ်ရာတွင် HS Code များဖြင့် ဖော်ပြခြင်းမရှိဘဲ ကုန်ပစ္စည်းအမျိုးအစားအလိုက်သာ သတ်မှတ်ဖော်ပြသည်ကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါကုန်စည်အသီးသီးကိုလည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများဖြင့် တိကျစွာသတ်မှတ်ပြဋ္ဌာန်းသည်ကိုလည်း ထင်ရှားစွာဖော်ပြထားသည်ကို လေ့လာရပါသည်။ လိုင်စင် လျှောက်ထားရာတွင် ယေဘုယျအားဖြင့် သတ်မှတ်ပုံစံတွင် ပြည့်စုံစွာဖြည့်စွက်တင်ပြပါက ခွင့်ပြုပေးသော်လည်း အချို့သော လုံခြုံရေးဆိုင်ရာကုန်စည်များအတွက် အခြားသောစည်းကမ်း သတ်မှတ်ချက်များ ကိုက်ညီမှုရှိမှသာ ခွင့်ပြုသည်ကိုလည်း တွေ့ ရပါသည်။ လိုင်စင်လျှောက်ထားမှုအတွက် ကုန်စည်အလိုက် စီမံ ခန့်ခွဲသည့် ဌာန၊ အဖွဲ့အစည်း မတူညီသော်လည်း စီမံခန့်ခွဲမှုတစ်ခု တည်းဖြင့်သာ ခွင့်ပြုပေးကြောင်း၊ လိုင်စင်ကြေးများကိုလည်း လုပ်ငန်းသဘောနှင့် ကုန်ပစ္စည်းအမျိုးအစားပေါ် မူတည်၍ သတ်မှတ်ထားကြောင်း လေ့လာ သိရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ လိုင်စင်စနစ်ကိုလည်း WTO သို့ notify ပြုလုပ်ရာတွင် ရိုးရှင်း၍ သိသာမြင်သာဖြစ်စေရန် လက်ရှိထုတ်ပြန်ထားပြီးဖြစ်သည့် Negative List ကို ဆက်လက်ဖြေလျှော့ပြီးပါက ဆက်စပ်ဌာနများနှင့်ညှိနှိုင်း၍ ကုန်စည် အမျိုးအစားအလိုက် လိုင်စင်ကြေးများကို ပြန်လည်ပြင်ဆင်ခြင်း၊ ဌာန၊ အဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲခြားသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ချိုသက်မူ**

**ဆက်လက်ဖော်ပြပါမည်။**

## စာတ်ဆီ/ဒီဇယ်

### ပင်လယ်ရေကြောင်းလမ်းမှ အဝင်မရှိ၊နယ်စပ်လမ်းမှသာ အဝင်ရှိ

မေ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ဒီဇယ်၊ ဓာတ်ဆီအဝင်မှာ မရှိခဲ့ဘူးလို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တာချီလိတ်နယ်စပ်လမ်းမှ ကန်ဒေါ်လာ၆၀၆၀၂တန်ဖိုးရှိ ဓာတ်ဆီ၁၂၉၉ ဒသမ၉၆တန်နဲ့ ကန်ဒေါ်လာ ၈၁၈၃၃ တန်ဖိုးရှိ ဒီဇယ် ၂၁၁၀ဒသမ ၇၂တန်၊ မြဝတီနယ်စပ်လမ်းမှ ကန်ဒေါ်လာ ၈၇၁၅၃တန်ဖိုးရှိ ဒီဇယ် ၂၄၆တန်နဲ့ ကန်ဒေါ်လာ ၈၁၉၅၆ တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန် ၁၅၀၊ မြိတ်စခန်းမှ ကန်ဒေါ်လာ၇၀၆၉၆၀ တန်ဖိုးရှိ ဒီဇယ် ၁၆၈၀ တန်ဝင်လာခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီးမှာ ဈေးငြိမ်နေပြီး မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးငြိမ်နေပြီး၊ ဒီဇယ်ဝယ်ဈေးအနည်းငယ်မြင့်လာတယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92)၊ အောက်တိန်း (95)မှာဈေးငြိမ်ပြီး ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၅၂၀ ကျပ်၊ အောက်တိန်း (92) ၅၅၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ မေ ၁၆ ရက် ဒီဇယ်ဝယ်ဈေး ၁၀၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၄၀၀၀ ကျပ်ဈေးရှိခဲ့ပြီး ၁၇ ရက်တွင် ဝယ်ဈေး ၃၀၀၀ ကျပ် ရောင်းဈေး ၂၀၀၀ ကျပ်ဈေးမြင့်လာခဲ့ပါတယ်။ မေ ၁၇ ရက်မှစပြီး ဒီဇယ်ဝယ်ဈေး ၁၀၄၀၀၀ ကျပ်၊ ရောင်းဈေး ကျပ် ၁၀၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါဈေးမှာ မေ ၁၆ ရက်တွင် ဝယ်ဈေး ၁၃၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။၁၇ ရက်မှာ ဝယ်ဈေး၁၀၀၀ ကျပ် ဈေးကျလာခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ပြီးတစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ လက်လီအနေနဲ့ အရောင်းအဝယ်ကောင်းတယ်လို့ သိရပါတယ်။ ဒီရက်ပိုင်း မီးခဏခဏပျက်တာကြောင့် အရောင်းအဝယ်ဖြစ်တယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရောဓာတ်ဆီပါ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာပြီး အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၆၈၂ ကျပ်၊ ဒီဇယ် ၅၂၈ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၅၇၈ကျပ်၊ အောက်တိန်း (92) ၆၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၁၆ ရက် ဒီဇယ်ဝယ်ဈေး ၁၀၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ မေ ၁၈ ရက်တွင် ဝယ်ဈေး ၁၀၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဓာတ်ဆီဈေးမှာ မေ ၁၆ ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၅၀၀ကျပ်၊ဓါတ်ဆီ၃၂၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီဈေးငြိမ်ပြီး အောက်တိန်းနဲ့ ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၄၃၀ကျပ်၊ အောက်တိန်း ၂၆၅၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင် များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၅၀၀ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ်ဓာတ်ဆီမှာဈေးငြိမ်နေပြီးဒီဇယ်မှာဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန်၂၅၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**DOT**

| Energy NYMEX | 20-5-2016 | | |
|---|---|---|---|
| | Price | Change | Change % |
| WTI Crude Future (USD/bbl.) | 48.65 | 0.49 | 1.02 |
| Brent Crude Futr (USD/bbl) | 49.17 | 0.36 | 0.74 |
| Gasoline Rbob Fut (Cent/gal) | 164.01 | 0.62 | 0.38 |
| Natural Gas Futr (USD/MMBtu) | 2.02 | -0.02 | -0.98 |
| Heating Oil Futr (Cent/gal) | 148.23 | 0.35 | 0.24 |

## ပြည်တွင်းငွေလဲနှုန်း အနည်းငယ်မြင့်တက်လာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ငွေလဲနှုန်းများ အနည်းငယ်မြင့်တက်လာသော်လည်း ဈေးကွက်အတွင်းတွင် အရောင်းအဝယ်မှာ ပုံမှန်အတိုင်းပင်ရှိနေကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ ငွေလဲနှုန်းက သုံးကျပ်လောက်ပဲ မြင့်တက်လာပေမယ့် အရောင်းအဝယ်က ပုံမှန်အတိုင်းပါပဲ။ ဒါပေမယ့် အရင်တစ်ပတ်ကထက် အဝယ်နည်းနည်းပြန်လိုက်လာတယ်။ ဈေးကို အခုလိုအတက်အကျနည်းနည်းနဲ့ထိန်းထားနိုင်ရင် ပိုကောင်းပါတယ်။ ဈေးကွက် မပျက်တော့ဘူးပေ့ါ။ သီလဝါ အစုရှယ်ယာတွေကို မေ ၂၀ ရက်မှ စတင်အရောင်းဖွင့်တော့ အဝယ်သာရှိပြီး အရောင်းမရှိတဲ့အတွက် အခုလို ငွေလဲနှုန်း နည်းနည်းပဲတက်သွားတယ်လို့ ထင်ပါတယ်"ဟု ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းများသည် မေ ၁၆ ရက်တွင် ရောင်းဈေး ၁၁၇၄ ကျပ်၊ ဝယ်ဈေး ၁၁၇၀ ကျပ်ရှိခဲ့ပြီး မေ ၁၈ရက်တွင် ရောင်းဈေး ၁၁၇၆ ကျပ်၊ ဝယ်ဈေး ၁၁၇၃ ကျပ်သို့ အနည်းငယ်မြင့်တက်ခဲ့သည်။ မေ ၂၀ ရက်တွင် ရောင်းဈေး ၁၁၇၇ ကျပ်၊ ဝယ်ဈေး ၁၁၇၄ ကျပ်သို့ အနည်းငယ်ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ကမ္ဘာ့ရွှေဈေး ကျဆင်းမှုကြောင့် မြန်မာ့ရွှေဈေး ပြန်လည်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် မြန်မာ့ရွှေဈေးလည်း ပြန်လည်ကျဆင်းလာကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဈေးအမြင့်ဖြင့် ဈေးကစားခဲ့သည့် ပြည်တွင်းရွှေဈေးသည် ယခုတစ်ပတ် တွင် ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးကျဆင်းသည်ဟု ဆိုနိုင်သော်လည်း စတော့အိတ်ချိန်းတွင် သီလဝါအစုရှယ်ယာများကို စတင် အရောင်းဖွင့်ခဲ့သဖြင့် ပြည်တွင်းရွှေဈေး ကွက်တွင် အရောင်းအဝယ်များအေးသွားရကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

"ဒီတစ်ပတ်ထဲမှာ ဈေးပြန်ကျသွားတာက ကမ္ဘာ့ရွှေဈေးကျလာတာကြောင့်လည်းပါတယ်။ နောက်ပြီး ရန်ကုန်စတော့အိတ်ချိန်းမှာ မေ ၂၀ ရက်မှာပဲ စာရင်းတင်လိုက်တဲ့အတွက် ရွှေကုန်သည်တွေ အဲဒီဘက်ကို ခြေဦးလှည့်သွားကြတယ်။ ဒီဘက် ရွှေဈေးကွက်မှာ အရောင်းအဝယ်က တော်တော်လေးကို အေးသွားတယ်။ ဈေးကျတာကလည်းတစ်ပိုင်း အရောင်းအဝယ်အေးသွားတာကလည်း တစ်ပိုင်းဆိုတော့ ပြည်တွင်းရွှေဈေးကွက်က ဆက်ပြီးကျဖို့ရှိပါတယ်။ သီလဝါရှယ်ယာဈေးကွက်က အခုအချိန်မှာ အရမ်းကို ခေတ်စားနေတဲ့ဈေးကွက်ဖြစ်နေတော့ အဲဒီဘက်ကို ရောက်သွားကြတာပါ။ ဒါကြောင့် ရွှေဈေးကွက်မှာ အရောင်းအဝယ်အေးသွားရတာပါ"ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မေ ၁၆ရက်က ကျပ် ၇၉၃၀၀၀ ရှိခဲ့ပြီး မေ ၁၈ ရက် ညနေပိုင်းဈေးပိတ်ချိန်တွင် ကျပ် ၇၈၇၅၀၀ သို့ ဈေးကျဆင်းသွားခဲ့သည်။ မေ ၂၀ရက်တွင် ကျပ် ၇၈၇၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် မေ ၁၆ ရက်က ၁၂၇၄ ဒေါ်လာရှိခဲ့ရာမှ မေ ၁၉ ရက်တွင် ၁၂၆၀ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ မေ ၂၀ ရက်တွင် ၁၂၅၅ ဒေါ်လာသို့ဆက်လက်ကျဆင်းခဲ့သည်။

## သီလဝါအစုရှယ်ယာများ စတော့အိတ်ချိန်းဈေးကွက်တွင် အရောင်းစတင် ဈေးကွက်တွင် အဝယ်သာရှိပြီး အရောင်းနည်းပါးနေခဲ့

သီလဝါ အစုရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်းတွင် မေ ၂၀ ရက်မှစတင်ကာ အရောင်းတင်ခဲ့ရာ အရောင်းစတင်ခဲ့သည့် နေ့တွင်ပင် အဝယ်ပမာဏများပြားခဲ့ပြီး အရောင်းပမာဏမှာ ထောင်ဂဏန်းအရေအတွက်မျှပင်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

ရန်ကုန် စတော့အိတ်ချိန်းတွင် မေ ၂၀ ရက် နံနက်ပိုင်းက သီလဝါ အများပိုင်ကုမ္ပဏီ၏အစုရှယ်ယာများကို အရောင်းစာရင်းတင်ခဲ့ရာ ဝယ်ယူလိုသည့် အစုအရေအတွက်မှာ သုံးသိန်း လေးသောင်းကျော်ခန့်ရှိသော်လည်း ရောင်းချလိုသည့် အစုအရေအတွက်မှာ သုံးထောင်ကျော်သာရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

အဆိုပါ MTSH ၏ အစုရှယ်ယာများကို စတင်ရောင်းချချိန်က အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်းသာရှိသော်လည်း ပြင်ပပေါက်ဈေး ဈေးကွက်အရ တစ်စုလျှင် ကျပ်ရှစ်သောင်းအထိ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

သို့သော် ရန်ကုန်စတော့အိတ်ချိန်းတွင် စတင်အရောင်းတင်ချိန်၌ အစုရှယ်ယာတစ်စုလျှင် ကျပ် ၄၀၀၀၀ ဖြင့် ရောင်းချခဲ့ပြီး အမြင့်ဆုံးဈေးအဖြစ် ကျပ် ၅၀၀၀၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## Currency Exchange Rate

May 20, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.38 |
| BDT | Bangladesh Taka | 78.35 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.54 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.77 |
| I NR | India Rupees | 67.42 |
| I DR | Indonesia Rupiahs | 13629.61 |
| JPY | Japan Yen | 110.24 |
| MYR | Malaysia | 4.09 |
| PKR | Pakistan Rupees | 104.84 |
| PHP | Philippines Pesos | 46.77 |
| RUB | Russia Rubles | 66.64 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1188.91 |
| LKR | Sri Lanka Rupe | 146.50 |
| THB | Thailand Baht | 35.65 |
| GBP | United Kingdom Pounds | 0.68 |
| VND | VietnamDon | 22316.45 |

*Source : xe.com*

## World Gold Price

May, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 16 | 1278 | 1278 | 1278 |
| 17 | 1273 | 1274 | 1275 |
| 18 | 1270 | 1272 | 1272 |
| 19 | 1258 | 1254 | 1255 |
| 20 | 1251 | 1251 | 1254 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 16-5- 2016 | 794.50 | 794.90 |
| 17-5- 2016 | 795.00 | 793.70 |
| 18-5- 2016 | 793.50 | 792.50 |
| 19-5- 2016 | 787.50 | 786.50 |
| 20 -5- 2016 | 786.50 | 786.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 16 | 6 .53 | 35.40 | 78.82 | 66.78 |
| 17 | 6. 52 | 35.37 | 78.35 | 66.70 |
| 18 | 6 53 | 35.59 | 78.67 | 66.94 |
| 19 | 6 .54 | 35.74 | 78.68 | 67.21 |
| 20 | 6.54 | 35.65 | 78.35 | 67.42 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 16 - May | 17.29 | 1913.63 | 1567.33 | 4747.68 | 1055.00 |
| 17 - May | 17.22 | 1919.46 | 1574.50 | 4784.42 | 1052.00 |
| 18- May | 17.07 | 1895.94 | 1548.74 | 4704.67 | 1043.00 |
| 19 - May | 16.68 | 1892.13 | 1550.08 | 4650.02 | 1019.00 |
| 20 - May | 16.50 | 1890.71 | 1559.49 | 4676.90 | 1017.00 |

Source:kitco.com

## ဘိလပ်မြေ

### ဗီယက်နမ်၊ အိန္ဒိယ၊ စင်ကာပူနဲ့ ထိုင်းမှ ဘိလပ်မြေ တန်ချိန်နှစ်သောင်းကျော်ဝင်

မေ ၈ ရက်မှ ၁၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၁၄၃၈၀ တန်ဖိုးရှိ ဘိလပ်မြေ ၂၁၂၇၇ဒသမ ၂၃၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယမှ ၅၅ ဒသမ ၇၀၇ တန်၊ ဗီယက်နမ်မှ ၂၁ ဒသမ ၅၃ တန်၊ စင်ကာပူမှ တန်ချိန် ၈၅၀၀ နဲ့ ထိုင်းနိုင်ငံမှ တန်ချိန် ၁၂၇၀၀ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် သုံးသောင်းငါးထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၄၆၀၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

မေ ၈ ရက်မှ ၁၄ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ အဝင်မှာ ၂၅၉၂၄ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေ အဝင်မှာ ၃၅၉၂၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၆၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၇၀၉၈ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၇၅၄၈ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်၁၀၄၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရောနယ်စပ်လမ်းမှ ပါ ဘိလပ်မြေအဝင် လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်ကောင်းတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း)က ၂၅ ကျပ်ဈေးကျလာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်၊ စိန် (ထိုင်း) ၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်(ထိုင်း)က ၁၀၀ ကျပ်ဈေးမြင့်လာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၀၀၀ ကျပ်၊မြန်မာဆင် ၄၆၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်)၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း)၇၃၀၀ ကျပ်၊ စိန်(ထိုင်း) ၇၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ် ပုံမှန်ရှိနေပြီး အထိုင်ဈေးက သိသိသာသာ ကျလာတယ်လို့ သိရပါတယ်။ ဆင်နဲ့ စိန်က ၄၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်း ဈေးကျလာပြီး ကြံ့နှစ်ကောင်က ၂၀၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၆၀၀ ကျပ်၊ စိန် ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၃၀၀ ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း) ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### တရုတ်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနဲ့ ဗီယက်နမ်မှမြေဆီများဝင်

မေ ၈ ရက်မှ ၁၅ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ၄၅၁၉၇၆ တန်ဖိုးရှိ မြေဆီ ၁၇၇၁ ဒသမ ၂၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ တန်ချိန် ၄၅၀၊ မလေးရှားမှ ၈၈ တန်၊ စင်ကာပူမှ ၅၂၆ ဒသမ၂၆ တန်၊ ထိုင်းနိုင်ငံမှ ၄၉၇ တန်နဲ့ ဗီယက်နမ်မှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ယူရီးယား၊ ကွန်ပေါင်း၊ အမိုးနီးယားဆာလဖိတ်နဲ့ အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ငါးထောင်ကျော်အထိ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၃၂၄၀ ကျော် အဝင်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေး

မေ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှမြေဩဇာ တန်ချိန် ၁၇၇၁ တန်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၅၀၁၄ တန်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၂၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ ၂၄၁၄၇တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ် အဝင်မှာ ၁၆၇၃၃ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၇၄၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ မြေဩဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ဒီတစ်ပတ် အရောင်းအေးတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ပုလဲ-အသေး၄၆%(ရွှေတုံး၊ရွှေပျား၊ ရွှေတောင်) က၆၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည်(ပန်းရောင်)က ၂၀၀၀ ကျပ်၊ကွန်ပေါင်း ၁၅ပတ်လည်(အစိမ်း)က၁၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ က ၈၀၀၀ ကျပ်၊ တီစူပါ၄၆%က ၅၀၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကျတာက လည်းကုမ္ပဏီဈေးကျလို့ ဈေးကျလာတာလို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေ တဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၅၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၂၉၀၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၀၅၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမှာ ယူရီးယား (ရွှေတောင်)၊ တီစူပါ ၁၆%နဲ့၁၂% က ပစ္စည်းပြတ်နေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင် မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ်မှာ မြေဆီဈေး တွေလည်းကျလာ တယ်လို့ သိရပါတယ်။ ယူရီးယား(ပန်းဖူး)၈၀၀ ကျပ်၊ ကွန်ပေါင်းက၅၀၀ ကျပ်နဲ့ တီစူပါ၄၆% က၁၂၀၀ ကျပ်ဈေးကျ လာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၀၀၀၀ကျပ်၊ တီစူပါ(GTSP၄၆%-တရုတ်)၁၈၈၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၅၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းပါးနေသေးတယ်လို့ သိရပါတယ်။ ဒီအချိန်က ထွန်ယက်ချိန်ဖြစ်လို့ မြေဆီအသုံးသိပ်မရှိသေးဘူး၊ ဒါကြောင့်လည်းအရောင်းအဝယ် ကမကောင်းသေးတာလို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အာမို ၁၅ ပတ်လည်၁၉၀၀ ကျပ်၊အာမို ၁၆း၁၆း၈ ၁၀၀၀ကျပ်၊ ယူရီးယား(ရွှေတောင်)၁၂၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး)၁၉၀၀ ကျပ် တီစူပါ ၅၀၀ ကျပ်၊ မြားကမ္ဘာ(၁၂း၁၃) က ၁၀၀ ကျပ်ဈေးကျ လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၅၀၀ ကျပ်၊မြားကမ္ဘာ-တရုတ်၁၂း၁၃ (အစိမ်း) ၁၆၅၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၆၀၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၇၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၆၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား ၁၇၈၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၅၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်၊ တောင်သူမ ၁၆၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် ၅၂၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၆၀ ကျော်ဝင်

မေ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်အတွင်း နို့ဆီ ၅၂၃ ဒသမ ၈၀ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားမှ ၂၃ ဒသမ ၄၀ တန်နဲ့စင်ကာပူမှ ၅၀၀ ဒသမ ၄၀ တန် ဝင်လာခဲ့ပါတယ်။ ဝင်လာတဲ့တံဆိပ်တွေမှာ ဒွန်းနဲ့ အိုကေတံဆိပ်တို့ ဖြစ်ပါတယ်။

ယခင်သီတင်းပတ် အဝင်မှာ တန်ချိန် ၄၄၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ ယှဉ်ရင်တန်ချိန် ၇၀ ကျော်အဝင်ပိုခဲ့ပါတယ်။ဒီတစ်ပတ် မြဝတီနယ်စပ်ဘက်မှ ကန်ဒေါ်လာ ၇၂၁၄ တန်ဖိုးရှိ နို့ဆီ/နို့စိမ်း ၉ ဒသမ ၀၂တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။

နို့ဆီက အိန္ဒိယမှ ၆ ဒသမ ၅၅၂ တန်၊နယူးဇီလန်မှ ၁၇၈ ဒသမ ၄၀ တန်၊ စင်ကာပူမှ ၇၈ ဒသမ ၂၇၈ တန်နဲ့ ဗီယက်နမ်မှ ၃ ဒသမ ၈၅၈ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ စုစုပေါင်း ဝင်လာတဲ့တန်ချိန်မှာ ၂၆၇ ဒသမ ၀၈၉ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန်၁၄၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် တန်ချိန်၁၂၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၅ မှ ၁၃/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၄ မှ ၆/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၆၀.၂၅ | ၁၅၉၈.၉၅ | (-) | ၂၃၈.၇၀ |
| ၂။ | လွယ်ဂျယ် | ၁၁၆၇.၅၀ | ၈၁၀.၀၀ | (+) | ၃၅၇.၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၅၀.၀၀ | - | (+) | ၂၅၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၅၂၁၇.၅၀ | ၃၂၅၀.၀၀ | (+) | ၁၉၆၇.၅၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၉၀၀၀.၀၀ | (-) | ၈၀၀၀.၀၀ |
| ၆။ | မြဝတီ | ၁၅၂၇.၉၂ | ၁၃၃၉.၇၀ | (+) | ၁၈၈.၂၂ |
| ၇။ | ကော့သောင်း | ၆၂၀၅.၀၀ | ၈၂၅၀.၀၀ | (-) | ၂၀၄၅.၀၀ |
| ၈။ | မြိတ် | ၃၇၀.၀၀ | ၃၃၀၀.၀၀ | (-) | ၂၉၃၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၇၀၉၈.၁၇ | ၂၇၅၄၈.၆၅ | (-) | ၁၀၄၅၀.၄၈ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၅ မှ ၁၃/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၅ မှ ၆/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၉၈၆၃.၂၀၀ | ၁၅၈၈၇.၉၅၀ | (+) | ၃၉၇၅.၂၅၀ |
| ၂။ | လွယ်ဂျယ် | ၂၃၂.၀၀၀ | ၃၆၄.၂၅၀ | (-) | ၁၃၂.၂၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၄၁၆.၀၀ | - | (+) | ၂၄၁၆.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၆၄၁.၃၇၀ | ၄၄၁.၆၄၀ | (+) | ၁၉၉.၇၃၀ |
| ၆။ | ကော့သောင်း | ၁၂၀.၀၀၀ | - | (+) | ၁၂၀.၀၀၀ |
| ၇။ | မြိတ် | ၇၅.၀၀၀ | ၄၀.၀၀၀ | (+) | ၃၅.၀၀၀ |
| ၈။ | ရိဒ် | ၈၀၀.၀၀၀ | - | (+) | ၈၀၀.၀၀၀ |
| | စုစုပေါင်း | ၂၄၁၄၇.၅၇၀ | ၁၆၇၃၃.၈၄၀ | (+) | ၇၄၁၃.၇၃၀ |

တင်တင်ထွန်း

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## နှမ်း/မြေပဲ

### ကသာခရိုင်မှ ဆောင်းမြေပဲ တရုတ်အဆွဲသွက်

ကသာခရိုင်အတွင်း အဓိကစိုက်ပျိုးတဲ့ ဆောင်းမြေပဲကို မန္တလေးမြို့ရှိ ပွဲရုံများမှတစ်ဆင့် တရုတ်ကုန်သည်များက အဆွဲသွက်နေကြောင်း သိရပါတယ်။ ကသာခရိုင်မှာ ဆောင်းမြေပဲစိုက်ဧက ၄၅၀၀၀ ကျော်ရှိပြီး အထွက်နှုန်းက တစ်ဧကကို တင်းတစ်ရာကျော်အထိ ထွက်ရှိပါတယ်။

ဒီနှစ်မှာ ကသာခရိုင်အတွင်း ဆောင်းမြေပဲထွက်ကုန်မှာ တင်းပေါင်း သိန်းငါးဆယ်နီးပါးရှိတာကြောင့် ဒေသတွင်းဆီစက်လုပ်ငန်းရှင်များနဲ့ လှောင်လက်များက အနည်းငယ်ဝယ်ယူသိုလှောင်နေကြသလို တရုတ်ကုန်သည်များကလည်း မန္တလေးရှိပွဲရုံများမှတစ်ဆင့် ဝယ်ယူနေကြတယ်လို့ သိရပါတယ်။

ဆောင်းမြေပဲပေါ်ကာစ အချိန်တုန်းက ဈေးကွက်လိုအပ်ချက်အရ တင်း တစ်ရာကို ၁၂ သိန်းအထိ ဈေးကောင်းရခဲ့ပါတယ်။ ဒါပေမယ့် တစ်လနီးပါးခန့်ကြာအပြီးမှာတော့ တင်းတစ်ရာကို ကျပ် ၉၅၀၀၀ မှ ကျပ် ၁၀ သိန်းခန့်အထိ ဈေးကျသွားတာတွေ့ရပါတယ်။

ကသာခရိုင်အတွင်းမှာ ဆောင်းမြေပဲ တစ်ဧက ကုန်ကျစရိတ်မှာ ကျပ် လေးသိန်းကျော်ရှိပေမယ့် တစ်ဧကထွက်နှုန်း တင်းတစ်ရာကို မေ ၁၉ ရက်ပေါက်ဈေးမှာ ကျပ် ၉၅၀၀၀၀ ရှိလို့ အကျိုးအမြတ်အနေနဲ့ ကျပ် ၅၅၀၀၀၀ ရရှိ တယ်လို့ ဆိုပါတယ်။

ဆီစက်လုပ်ငန်းရှင်များအနေနဲ့လည်း မြေပဲတောင့်တစ်တင်းကို ဆီကြိတ်ပါက နှစ်ပိဿာ ၂၅ ကျပ်သားထွက်ရှိတာကြောင့် တစ်ပိဿာကျပ် ၆၀၀၀ ဈေးနဲ့ ကျပ် ၁၃၅၀၀၀ ရရှိမှာဖြစ်ပါတယ်။ ဆောင်းမြေပဲကို တရုတ်လိုင်းသမားများက အဆွဲများနေတဲ့အတွက် မြေပဲဈေး ထပ်မကျနိုင်တော့ဘူးလို့ ကသာခရိုင်အတွင်းရှိ ဆီစက်လုပ်ငန်းရှင်များထံမှ သိရပါတယ်။

**ကြည်နိုင်ဦး(အင်းတော်)**

### မုံရွာဆီထွက်သီးနှံ ဈေးကွက် မြေပဲဈေးမာ နှမ်းဈေးအေး

မေတတိယပတ် မုံရွာကုန်စည်ဒိုင် ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန်ကို မြောင်၊ ချောင်းဦး၊ ဘုတလင်၊ အရာတော်နဲ့ချင်းတွင်းမြစ် အနောက် ဘက်ဒေသတွေက နယ်စုံအဝင်သွက်လာခဲ့သလို ဝယ်လက်လည်း စုံတဲ့အတွက် အရောင်းအဝယ်သွက်ကာ ဈေးမာလျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ကျပ် ၂၆၇၅၊ လုံးဆန်နီတစ်ပိဿာ ကျပ် ၂၅၅၀ နဲ့ ဆီဆန် တစ်ပိဿာ ကျပ် ၂၁၀၀ အသီးသီးပေါက်ဈေးမာနေပြီး၊ မြေပဲဆန်ဖြူနဲ့ အနီ နှစ်မျိုးပေါင်း တစ်ရက် ပိဿာ တစ်သောင်းဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

နှမ်းမျိုးစုံဈေးကွက်မှာတော့ ယခုတစ်ပတ်မှာ ပို့ကုန်အတွက် အဝယ်ပါးသလို ဆီစက်သမားတွေ ကုန်ချောအရောင်းထိုင်းလို့ ကုန်ကြမ်းအဝယ်ပါးခဲ့တဲ့အတွက် ကျဈေးဖြစ်ပေါ်ခဲ့ရာ နှမ်းဖြူတစ်တင်းကျပ် ၃၂၅၀၀ အမြင့်ဆုံးဖြစ်ခဲ့ပြီး၊ နှမ်းညိုတစ်တင်း ကျပ် ၂၆၀၀၀၊ နှမ်းနက်တစ်တင်းကျပ် ၅၀၀၀၀၊ 8G နှမ်းနက် ကျပ် ၃၀၀၀၀ အသီးသီး ပေါက်ဈေးအေးခဲ့တာတွေ့ရပါတယ်။ နေကြာဈေးကွက်မှာ နေကြာဆီအရောင်းအဝယ်သွက်လာတာနဲ့အမျှ နေကြာစေ့လည်း တက်ဈေးဖြစ်ခဲ့ကာ တစ်တင်း ကျပ် ၁၂၀၀၀ အထိ အမြင့်ဆုံးဈေးပေါက်ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ် စားသုံးဆီဈေးကွက်မှာလည်း ပဲဆီတစ်ပိဿာ ကျပ် ၄၅၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၃၆၀၀၊ စားအုန်းဆီတစ်ပိဿာကျပ် ၁၇၂၀နဲ့ နေကြာဆီတစ်ပိဿာ ကျပ် ၃၉၀၀ မှ ကျပ် ၄၂၀၀ အသီးသီးပေါက်ဈေးအေးပြီး၊ အရောင်းအဝယ်လည်း အေးနေတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်(မုံရွာ)**

### ပြည်နှမ်းဈေးကွက် ဝယ်လက်ပျောက်ပြီး ဈေးငြိမ်နေ

ပြည်ဈေးကွက်တွင် နှမ်းဈေးမှာ ဝယ်လက်ပျောက်နေပြီး ယခင်ရက်သတ္တပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ဆီစက်များကလည်း မိမိတို့လှောင်ထားတဲ့ နှမ်းများကိုထုတ်၍ ဆီကြိတ်နေရတာကြောင့် လည်းကောင်း၊ ဝယ်လက်များကလည်း ပြည်ပတင်ပို့ရန် အဝယ်သိပ်မရှိ၍၊ နှမ်းလက်ကျန်ရှိနေသော်လည်း အရောင်းအဝယ်မရှိတာကြောင့်လည်းကောင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခုရက်သတ္တပတ် နှမ်းဈေးနှုန်းမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၃၀၀၀၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ဖြင့် ယခင်ရက်သတ္တပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

### အထွက်နှုန်းမြင့်မားမှုကြောင့် မလေးရှားစားအုန်းဆီဈေးနှုန်းကျဆင်း

မလေးရှားစားအုန်းဆီအထွက်နှုန်းနဲ့ ရောင်းချမှုကိန်းဂဏန်းများ မြင့်တက်လာလိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်များက စားအုန်းဆီဈေးကွက်ကို နိမ့်ကျသွားအောင်ဆွဲချခဲ့တဲ့အတွက် မလေးရှားစားအုန်းဆီကြိုရောင်းဈေးရဲ့အခြေခံစံထားဈေးနှုန်းများမှာ မေ ၁၈ ရက်က ရက်သတ္တပတ်နှစ်ပတ်အတွင်း အနိမ့်ဆုံးနှုန်းသို့ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ ဩဂုတ်လအတွက်ချုပ်ဆိုတဲ့ မလေးရှားစားအုန်းဆီဈေးက မေ ၁၈ ရက်က ဈေးပိတ်ချိန်မှာ ၁ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီးတစ်တန်ကို ၂၅၆၁ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၃၃) နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ စောစောပိုင်းကမူ စားအုန်းဆီတစ်တန်ကို ၂၅၄၁ ရင်းဂစ် နှုန်းအထိ ကျဆင်းခဲ့တဲ့အတွက် မေ ၄ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ တစ်နေ့တာရောင်းချရတဲ့ စားအုန်းဆီပမာဏက ၂၅ တန်ရှိအတွဲ ၆၈၂၉၅ တွဲအထိရှိခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်အတွင်း ရှိခဲ့တဲ့တစ်နေ့ပျမ်းမျှ တန် ၄၄၆၀၀ ထက် ကျော်လွန်နေတာကို တွေ့ရပါတယ်။

“မကြာသေးမီ ရက်သတ္တပတ်များအတွင်းက မိုးအကြီးအကျယ်ရွာသွန်းတဲ့အတွက် စားအုန်းဆီအထွက်ကောင်းမယ်လို့ယူဆရပါတယ်။ ဒါပေမယ့် မိုးရွာသွန်းမှုအခြေအနေက ဒေသအလိုက်ကွဲပြားမှုရှိနေပါတယ်”လို့ ကွာလာလမ်ပူအခြေစိုက်ကုန်သည်တစ်ဦးက ပြောပါတယ်။

ယခုနှစ်ပထမသုံးလပတ်မှာ အယ်လ်နီညိုရာသီဥတုကြောင့် သီးနှံပျက်စီးခဲ့တဲ့အတွက် စားအုန်းဆီဈေးနှုန်းတွေ ၁၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ အကယ်၍အထွက်နှုန်းတွေ မြင့်တက်လာမယ်ဆိုရင်တော့ စားအုန်းဆီဈေးနှုန်းကို ထိခိုက်မှုရှိနိုင်ပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် အရှေ့တောင်အာရှဒေသမှာ ရာသီဥတုအခြေအနေ ဆိုးရွားခဲ့တဲ့အတွက် အင်ဒိုနီးရှားနဲ့ မလေးရှားတို့မှာ ထွက်နှုန်းတွေ ကျဆင်းခဲ့ပါတယ်။

ယခုနှစ်အချိန်ထိ ၄ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီးဖြစ်တဲ့ စားအုန်းဆီအခြေခံစံထားဈေးနှုန်း မြင့်တက်မှုကို ထိပ်တန်းစားသုံးနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယတို့ရဲ့ ဝယ်လိုအားကျဆင်းမှုကြောင့် ထိခိုက်မှုရှိနိုင်ပါတယ်။

မေလဝက်အတွင်း မလေးရှားစားအုန်းဆီတင်ပို့မှုက လွန်ခဲ့တဲ့တစ်လကနဲ့ နှိုင်းယှဉ်ရင် ၁၄ ရာခိုင်နှုန်းနဲ့ ၁၆ ရာခိုင်နှုန်းအကြားမြင့်တက်ခဲ့ပါတယ်။ မေလပထမ ၁၀ ရက်မှာ ရရှိခဲ့တဲ့ ၂၂ ရာခိုင်နှုန်းနဲ့ ၃၂ ရာခိုင်နှုန်းအကြားမြင့်တက်မှုနဲ့ နှိုင်းယှဉ်ရင်ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ တခြားဟင်းရွက်ဆီဈေးကွက်ဖြစ်တဲ့ တရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင် (Dilian Commodity Exchange) မှာ စက်တင်ဘာအတွက်ပဲပုပ်ဆီကြိုရောင်းဈေးက သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်နိုင်ငံချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့မှာ ဩဂုတ်အတွက် ပဲပုပ်ဆီကြိုရောင်းဈေးက သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၀-၅-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| ရန်ကုန် | ၄၅၀၀ | ၅၁၀၀ | △ | ၄၆၀၀ | ၄၆၀၀ | □ | ၁၅၉၅ | ၁၅၈၀ | ▽ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၆၀၀ | △ | ၁၇၃၀ | ၁၆၉၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၄၀၀ | ၄၅၀၀ | △ | ၃၆၀၀ | ၃၆၀၀ | □ | ၁၇၂၀ | ၁၇၂၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၀-၅-၂၀၁၆ US$/Ton

| အမျိုးအစား | မေလဒုတိယပတ် | မေလတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၃.၅၀ | ၆၉၆.၀၀ | △ |
| RBD P.Olein | ၆၉၄.၀၀ | ၆၉၈.၅၀ | △ |
| RBD P.Strarin | ၆၁၆.၀၀ | ၆၂၆.၅၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၀- ၅ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၀၆.၁၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၅၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၀၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၉၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၇.၉၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၂.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၇၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၄၆.၃၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၀- -၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၇၃၅ ဒေါ်လာ၊ FOB ၇၁၀ ဒေါ်လာနှင့် USD ဈေး ၁၁၇၁ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂၀-၅-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၁၇၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ကယားပြည်နယ်နဲ့ ကြယ်ပဲအကြောင်းတစေ့တစ်စောင်း

မြန်မာနိုင်ငံကို sacha inchiလို့ ခေါ်တဲ့ ပဲတစ်မျိုးဟာ ၂၀၁၄ ခုနှစ်က စတင် ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ မူရင်းဒေသကတော့ ပီရူးနိုင်ငံကပါ။အသီးမှာ အမွှာလေးတွေနဲ့ ကြယ်ပုံလေးမို့လို့ကြယ်ပဲလို့မြန်မာလူမျိုးတို့က ခေါ်ဆိုခဲ့ကြကြောင်း သိရှိရပါတယ်။ ကြယ်ပဲကိုအယ်လ်ဆာဒိုင်း ကုမ္ပဏီကစတင်တင်သွင်းခဲ့တာဖြစ်ပြီး အဲဒီ အချိန်က တစ်ကီလိုကို ကျပ်သုံး သိန်းကျော်ရှိပါတယ်။ နောက်ပိုင်းမှာတော့ တစ်ကီလိုကို ကျပ် နှစ်သိန်းခွဲ အထိဖြစ်သွားပါတယ်။

မြန်မာ့ကြယ်ပဲ စိုက်ပျိုးသူများ အဖွဲ့ကို ဦးနေဝင်း၊ ဦးမြင့်ဆွေ တို့ ဦးဆောင်ဖွဲ့စည်းကာ ကြယ်ပဲနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ၊ လက်ကမ်းစာစောင်တွေကို မြန်မာပြည်အနှံ့ဖြန့်ဝေပြီး အများသိအောင် မျှဝေခဲ့ကြတယ်လို့ လူမှုကွန်ရက် ဝက်ဘ်ဆိုက်တွေမှာ ဖတ်ရှုရပါတယ်။ အဲဒီကစလို့ စိုက်ပျိုးသူတောင်သူများက သိရှိလာကြတော့ ကုမ္ပဏီ တွေကမျိုးစေ့တွေကို ဈေးတင်ရောင်းကြပါ တယ်။ စိုက်ပျိုးရရှိလို့ ထွက်လာတဲ့ ကြယ်ပဲတွေ ကို အခွင့်ကောင်းယူပြီး ဈေးနှိမ်ဝယ်ယူကြပါ တယ်။ ဒါကြောင့် တောင်သူတွေက မျိုးစေ့တစ် ကီလိုကို ဘတ်၃၅၀၀၀ နဲ့ ထိုင်းနိုင်ငံဘက်ကို တိုက်ရိုက်မှာကြတဲ့အတွက် နောက်ဆုံးမှာတစ်ကီလိုကိုဘတ် ၁၅၀၀၀ အထိ ဈေးကျသွားခဲ့ပါတယ်။

ဒါကတော့ကြယ်ပဲနဲ့ပတ်သက်တဲ့သမိုင်းအကျဉ်းလေးကိုလေ့လာရသလောက်ပြန်လည်မျှဝေတာပါ။ ဒါဆိုကြယ်ပဲက ဘာတွေအသုံးဝင်လို့လဲ၊ တွေးမိလာပါလိမ့်မယ်၊ ကြယ်ပဲစေ့ကိုကြိတ်ပြီး ရရှိလာတဲ့ဆီမှာ အိုမီဂါ ၃,၆,၉လို့ ခေါ်တဲ့ဓာတ်တွေပါဝင်ပါတယ်။ လူကိုအားရှိစေတဲ့ ငါးကြီးဆီ အစားထိုးဆေးဝါးအနေနဲ့ အသုံးပြုနိုင်ပါတယ်။ မကောင်းတဲ့ကိုလက်စထရောတွေကိုခြေဖျက်ပေးနိုင်ပြီး နှလုံးရောဂါ၊



အဝလွန်ရောဂါများကို ကာကွယ်ပေးနိုင်ပါတယ်။

ကြယ်ပဲအရွက်ကို လက်ဖက်ခြောက်လို အခြောက်လှန်းပြီးခတ်သောက်ရင် အဆီကျစေပါတယ်။ ဈေးကွက်အလားအလာကောင်းပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာ အနည်းဆုံးတစ်ကီလိုကို ကျပ်၂၀၀၀ နှုန်းရှိပါတယ်။ တစ်ပင်နဲ့ တစ်ပင်ကို အကွာအဝေး ၉ပေ ပတ်လည် (သို့မဟုတ်) ၆ပေ×၃ ပေ စိုက်ပျိုးနိုင်ပါတယ်။ တစ်ဧက အထွက်နှုန်းက တစ်နှစ်ကို ကီလိုဂရမ် ၂၀၀၀ ထွက်ပါတယ်။ အပင်သက်တမ်းကလည်း လေးလခွဲ၊ ငါးလမှာ စတင်ပန်းပွင့်ပြီး ရှစ်လအကြာ ခူးလို့ရပါပြီ၊ အပြုအစု ကောင်းရင် နှစ် ၃၀ ကျော်မှနှစ် ၅၀ အထိ သက်တမ်းရှိတယ်လို့ လေ့လာ သိရှိရပါတယ်။ တစ်ကီလိုကို မျိုးစေ့၈၀၀ကျော်ပါပါတယ်။ တစ်ခါစိုက်ပြီးရင် နှစ်စဉ်ဝင်ငွေရနိုင်မှာမို့ စီးပွားရေးအရပဲဖြစ်ဖြစ် ကျန်းမာရေးအရပဲဖြစ်ဖြစ် စိုက်ပျိုးသင့်ပါတယ်။ ဓာတုပိုးသတ်ဆေး လုံးဝမသုံးရပါဘူး။သဘာဝမြေဆွေးဥပမာ-နွားချေး၊ ကြက်ချေး မြေဆွေးတို့ကို သုံးပေးရပါမယ်။ ကြယ်ပဲအခွံချွတ်ပြီးသား အခြောက်တစ်ကီလိုကို ကျပ် ၁၀၀၀နဲ့၂၀၀၀ နှုန်းရှိပါတယ်။

ကျိုင်းတုံ၊ မန္တလေး၊ တောင်တွင်းကြီးမြို့နယ်တွေမှာ ကြယ်ပဲစိုက်ပျိုးတာ အောင်မြင်နေကြပါပြီ။ ကယားပြည်နယ်၊ လောပိတစ်ဖက်မှာလည်း ကြယ်ပဲကို ကိုယ်တိုင် စိုက်ပျိုးပြီး ပြည်ပတင်သွင်းချင်သူများလည်းရှိနေပါတယ်။ ကယားပြည်နယ်ဟာရာသီဥတုအနေနဲ့ အရမ်းမအေးလှတဲ့အတွက် ကြယ်ပဲစိုက်ပျိုးဖို့သင့်တော်တဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ ကယားပြည်နယ်မှာ ကန္တရဝတီ Trade Center လည်း ဖွင့်လှစ်ထားပြီးဖြစ်တဲ့အတွက် ကြယ်ပဲ တင်ပို့ချင်တဲ့ တောင်သူများအနေနဲ့ ကြယ်ပဲနဲ့ ပတ်သက်ပြီး စိတ်ဝင်တစား လာရောက်ဆွေးနွေးမှုတွေရှိနေကြပါပြီ။ ကြယ်ပဲဟာ ရေကိုနှစ်သက်ပေမယ့် ရေဝပ်တာကို မနှစ်သက်ပါဘူး။ မိုးနည်းတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းတွေမှာရေသွင်းစိုက်ပျိုး နိုင်သလို မိုးများတဲ့ရန်ကုန်၊ ပဲခူး၊ ဧရာဝတီဘက်တွေမှာလည်း စိုက်ပျိုးအောင်မြင်နိုင်ပါတယ်။ ကယားပြည်နယ်အနေနဲ့ ကြယ်ပဲဈေးကွက်မရှိသေးတာကို တွေ့ရပါတယ်။

ကျိုင်းတုံမြို့က ကိုဆန်းဦး ဆိုသူက ကြယ်ပဲအရွက်ကို အခြောက်လှန်းပြီး ကြယ်ပဲစေ့ကို ကိုယ်တိုင်လှော်ပြီးထုတ်လုပ်ရောင်းချပါတယ်။ ထိုင်းနိုင်ငံ ကုန်စည်ပြပွဲမှာလည်း ဝင်ရောက်ပြသခဲ့ပါတယ်။ အခုဆိုရင် ထိုင်းဈေးကွက်မှာ အတော်လေးနေရာယူ ခရီးပေါက်နေပါပြီ။ ကယားပြည်နယ်မှာလည်း ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်နှင့် မကြာမီ ကုန်စည်ကူးသန်းရောင်းဝယ်နိုင်တော့မှာဖြစ်တဲ့အတွက် ဈေးကွက်တစ်ခုအနေနဲ့ ကြိုတင် ပြင်ဆင်ထားသင့်ပါတယ်။ ဒါကြောင့် ကယားပြည်နယ် သူ/ပြည်နယ်သားများအားလုံး ပြည်တွင်း/ပြည်ပ ပို့ကုန်တစ်ခုအနေနဲ့ ကြယ်ပဲကိုစိုက်ပျိုးသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**နော်ကြူကြူ(လွိုင်ကော်)**

# ဈေးတက်ပေမယ့် အရင်းမကျေတဲ့ခရမ်းချဉ်သီး

ခရမ်းချဉ်သီးကို လူမျိုးဘာသာမရွေး နှစ်သက်စွာ စားသုံးကြသည်။ လူတို့၏ ကျန်းမာရေးကို လွန်စွာမှ အထောက်အကူဖြစ်သော အိမ်ရှင်မများအတွက် မပါမပြီးသော စားဖိုဆောင်သီးနှံဖြစ်ပါသည်။ ချက်စား၍ တစ်မျိုး၊ သုပ်စား၍ တစ်ဖုံ၊ ယိုထိုး၍ တစ်နည်း၊ဖျော်ရည်လုပ်၍တစ်ကြောင်း နည်းမျိုးစုံဖြင့်စားသုံးကြသည်။ ထို့ပြင် ဆော့ (Sauce) ပြုလုပ်၍လည်း စားသုံးနိုင်သည်။ ခရမ်းချဉ်သီးအား စားသုံးရာတွင် အရသာရှိရုံမက ကျန်းမာရေးအတွက်လည်း အထောက်အကူပေးပါသည်။

ခရမ်းချဉ်သီး စားခြင်းအားဖြင့် နှလုံးတုန်၊ ရင်ခုန်၊ မူးဝေမောပန်းခြင်း၊ ဆီးဝမ်းမှန်ခြင်း၊ လေထိုးလေအောင့်၊ ချောင်းဆိုးရင်ကြပ်၊ မျက်စိအမြင် ကြည်လင်ခြင်းစသည့် ကျန်းမာရေး ကောင်းကျိုးများရရှိကြောင်း လေ့လာသိရှိရ



သည်။ တိုင်းရင်းဆေးအလိုအားဖြင့် ခရမ်းချဉ်သီးအစိမ်းသည် ချဉ်၏၊ ဖန်၏၊ အနည်းငယ်စပ်၏၊ခရမ်းချဉ်သီး အမှည့်သည် ချို၏၊ လေကိုကြေစေ၏၊ ဝမ်းမီးကို တောက်စေ၏၊ နှုတ်ကိုမြိန်စေ၏၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုကို ဖြစ်စေ၏၊ အိုမင်းရင့်ရော်မှုကို နှေးကွေးစေပြီး နှလုံးရောဂါ၊ ကင်ဆာရောဂါတို့ကို ကာကွယ်ပေး၏။ ထို့ကြောင့် ခရမ်းချဉ်သီးကို နေ့စဉ် တစ်လုံးမှ နှစ်လုံးအထိ စားသုံးပေးသင့်သည်ဟု ဆေးသိပ္ပံသုတေသီများက တင်ပြထားသည်ကို မှတ်သားသိရှိရသည်။

ခရမ်းချဉ်သီးကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကြသည်။ ခရမ်းချဉ်သီးတွင် ဗမာမျိုးနှင့်နိုင်ငံခြားမျိုး (တိုင်ထောင်သီး) ဟူ၍ နှစ်မျိုးရှိသည်။ ဗမာမျိုးကို အနည်းငယ်သာ စိုက်ပျိုးကြသည်။ နိုင်ငံခြားမျိုးမှာ မျိုးကွဲနံပါတ် များစွာရှိရာ (909,981,988,900,091,008,111,333,888,289,387,SB375,1283) စသည်ဖြင့် နံပါတ်အလိုက် အမျိုးမျိုးရှိသည်။ စိုက်ပျိုးမှု အများဆုံး နံပါတ်များမှာ 111,008,091,909 တို့ဖြစ်သည်။

ခရမ်းချဉ်သီးမျိုးကို စတင်စိုက်ပျိုးချိန်မှာစကာ ၁၈ရက်၊ ၂၀ရက်ခန့် ပျိုးသက်ရသည်နှင့် မြေချစိုက်ပျိုးရန် မြေကို လိုအပ်သလို ထယ်ရေးပြင်၍ ဘောင်ဖော်ကာ အတန်းလိုက် စိုက်ပျိုးသည်။ စတင်မြေချ စိုက်ပျိုးပြီးသည်နှင့်စိုက်ရေလောင်းခြင်း၊ အပင်ကြီး၍ အမြစ်စွဲမှ ရေစုပ်စက်ဖြင့် ရေတင်ခြင်း၊ အနည်းငယ် အပင်ကြီးလာသည်နှင့် တိုင်ထောင်တန်းထိုးခြင်း၊ စိုက်ပျိုးမှုတွင် ရာသီဥတုအလိုက် ရေပေး၍ ဓာတ်မြေသြဇာကျွေးကာ မှိုသတ်ဆေး၊ အပင်အားဆေးများ ဖြန်းခြင်းဖြင့် လေးလခန့်အကြာ၌ အသီးများ ခူးနိုင်ကြောင်း သိရှိရသည်။

မန္တလေးဒေသတွင် ခရမ်းချဉ်သီးဈေးကွက်သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလက စိုက်ပျိုးသော တောင်သူများ ဈေးကွက်ပျက်ကာ အရှုံးနှင့် ရင်ဆိုင်ရသည်။ ပေါ်စတွင် တစ်ပိဿာ ၁၀၀ ကျပ် မှ ၅၀ ကျပ်နှုန်းအထိ ကျဆင်းခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှစကာခရမ်းချဉ်သီးဈေး ပြန်လည်ဦးမော့လာခဲ့သည်။ ဧပြီလတွင် ရာသီဥတုဖောက်ပြန်၍ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေကျခြင်းတို့ကြောင့် ခရမ်းချဉ်ခင်းများ ပျက်ကာ အထွက်နှုန်းကျ၍ ဈေးနှုန်းထိုးတက်ခဲ့ရာ ယခုမေလတွင် တစ်ပိဿာကျပ် ၁၅၀၀ မှ ကျပ်၂၀၀၀ နှုန်းအထိ ရောက်ရှိလာခဲ့သည်။

အမရပူရမြို့နယ် မြစ်လောင်းကျေးရွာ ခရမ်းချဉ်သီးစိုက် တောင်သူတစ်ဦးက ဒီနှစ်မှာ ဗမာမျိုးရော နိုင်ငံခြားမျိုးပါ နှစ်မျိုးစလုံး စိုက်ပျိုးကြောင်း၊ တစ်ဧကလျှင် အထွက်နှုန်း ပိဿာ ၁၃၀၀/၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ အစပိုင်းဈေးကွက်ပျက်ပြီး အရှုံးဒဏ်အလူးအလဲခံရကြောင်း၊ ယခု နောက်ပိုင်းဈေးကွက်ကောင်းလာသဖြင့် အရှုံးကာမိရုံလေးသာဖြစ်ပြီး အရင်းမကျေသေးကြောင်း၊ ရာသီဥတု ကောင်းမွန်အောင် ဆုတောင်းနေရပါကြောင်း ပြောကြားပါသည်။

**အောင်မြိုင်(DOT - MDY)**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မိုးခေါင်ရေရှားဒေသများရှိ လယ်သမားများအတွက် အကာအကွယ်ပြုသည့် လုပ်ငန်းစဉ်များစီစဉ်ထောက်ပံ့ရေး ဥပဒေမူကြမ်းအား အိန္ဒိယသမ္မတ ပရန်နတ်မူကာဂျီက လက်ခံ

အိန္ဒိယနိုင်ငံရှိ ပြည်နယ်အများအပြား၌ မိုးခေါင်ရေရှားမှုနှင့်ဆိုးဆိုးရွားရွား ကြုံတွေ့ခံစားရလျက်ရှိရာ အိန္ဒိယသမ္မတ ပရန်နတ်မူကာဂျီက မိုးနည်းရေရှားဒေသများ၊ သဲကန္တာရများနှင့် မိုးခေါင်နေသည့်ဒေသများရှိ လယ်သမားများအတွက် အကာအကွယ်အစီအမံများကို စီစဉ်ထောက်ပံ့ပေးမည့် တစ်သီးပုဂ္ဂလအဖွဲ့ဝင်များမှ တင်ပြသည့် ဥပဒေကြမ်းတစ်ခုအား ထည့်သွင်းစဉ်းစားရန်နှင့် ကနဦး မတည်ငွေအဖြစ် လူမှုဖူလုံရေး ရန်ပုံငွေတစ်ရပ်စီစဉ်ထားရန် အကြံပြုပြောကြားထားကြောင်း သိရပါသည်။

၂၀၁၄ ခုနှစ်၊ မိုးနည်းရေရှားဒေသများနှင့် သဲကန္တာရဒေသများရှိ တောင်သူလယ်သမားများဆိုင်ရာ ဥပဒေမူကြမ်းကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် Rajya Sabha မြို့မှ အကြီးတန်းကွန်ဂရက်ခေါင်းဆောင် Ahmed Patel က စတင်တင်ပြခဲ့ကြောင်း၊ အဆိုပါ ဥပဒေအား အတည်ပြုပြီးဖြစ်ပါက အိန္ဒိယနိုင်ငံ၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ခေါင်းစဉ်အောက်ရှိ recurring အသုံး စရိတ်တွင် ပါဝင်လာလိမ့်မည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် ကုန်ကျမည့် အသုံးစရိတ်မှာ ရူပီးကုဋေ ၂၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ non-recurring အသုံးစရိတ် ရူပီးကုဋေ ၅၀၀၀ ကိုလည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ပါဝင်ဖွယ်ရှိကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများအရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်များ ကျခံရမည့် လုပ်ငန်းများပါဝင်သည့် ဥပဒေမူကြမ်းတစ်ခုသည် လွှတ်တော်အနေဖြင့် ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ သမ္မတက ထောက်ခံခြင်းမပြုပါက အဆိုပါဥပဒေအား လွှတ်တော်မှ ပြဋ္ဌာန်းနိုင်ခြင်းမရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၇-၃ အရ အဆိုပါဥပဒေအား ထည့်သွင်းစဉ်းစားသင့်သည်ဟု သမ္မတက ထောက်ခံပေးပြီးဖြစ်ကြောင်း၊ အထက်လွှတ်တော်အနေဖြင့်လည်း မိုးနည်းရေရှားဒေသများနှင့် သဲကန္တာရဒေသများရှိ တောင်သူလယ်သမားများအတွက် အကျိုးစီးပွားများ ဖော်ဆောင်ပေးနိုင်မည့် အဆိုပါဥပဒေအား ထည့်သွင်းစဉ်းစားသင့်သည့် ဥပဒေများစာရင်း၌ ထည့်သွင်းထားကြောင်း၊ ၎င်းဥပဒေမူကြမ်းတွင် ကနဦး မတည်ငွေ ရူပီးကုဋေ ၁၀၀၀၀ အား ဗဟိုအစိုးရမှ စီစဉ်ထောက်ပံ့ပေးရန် ဖော်ပြပါရှိကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တောင်ကိုရီးယားနိုင်ငံ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနက နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် ဝမ်ဘီလီယံ ၉၀၀ ကျခံ သုံးစွဲမည်

တောင်ကိုရီးယားနိုင်ငံ၏ သိပ္ပံ၊ သတင်းအချက်အလက်နည်းပညာနှင့် အနာဂတ်စီမံကိန်းဝန်ကြီးဌာနက 5G network အပါအဝင် အလိုအလျောက် ဆောင်ရွက်နိုင်သည့် ကားနှင့်စက်ရုပ်များစသည့် နည်းပညာများဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက် နိုင်ရန် ယခုနှစ်တွင် ဝမ် ၉၇၃ ဒသမ ၆ ဘီလီယံကို ကျခံသုံးစွဲမည်ဖြစ်သည်။ အဆိုပါဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ခုနှစ်တွင် အဆိုပါနည်းပညာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြင့်တက်လာနိုင်မည်ဟု ခန့်မှန်းခဲ့သည်။ စီမံကိန်းများ အနက် ဝမ် ၁၀၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုသည် အကြီးမားဆုံးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အနာဂတ်မျိုးဆက်အတွက် 5G ကြိုးမဲ့ကွန်ရက်စနစ် ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကိုရီးယားနိုင်ငံအနေဖြင့် ၂၀၂၀ ခုနှစ်တွင် 5G ကွန်ရက်စနစ်၏ ကူးသန်းရောင်းဝယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာသည့် ပထမဆုံးသော နိုင်ငံအဖြစ် ဆောင်ရွက်နိုင်ရေးကို ရည်မှန်းချက်ထားရှိခြင်းဖြစ်သည်။

အခြားဦးတည်ဆောင်ရွက်သည့် နယ်ပယ်တစ်ခုမှာ အလိုအလျောက်လုပ်ငန်းဆောင်ရွက်နိုင်သည့် ယာဉ်၊ ယန္တရားများဖြစ်ပြီး ၎င်းသည်အစိုးရသို့ အခြေခံအဆောက်အအုံဆိုင်ရာနှင့်ဥပဒေပိုင်းဆိုင်ရာ စိန်ခေါ်မှုများရှိလာနိုင်သည်။ သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေဖြင့် အလိုအလျောက် ဆောင်ရွက်နိုင်သည့် ယာဉ်များကို လုံခြုံမှုနှင့်ကြိုတင်စမ်းသပ်မှုများအတွက် လိုအပ်သည့်ပစ္စည်းများနှင့်အဝေးပြေးလမ်းများ တည်ဆောက်ခြင်းအတွက် ဝမ် ၅၁ ဒသမ ၈ ဘီလီယံလျာထားပြီး အဆိုပါယာဉ်များကို ဈေးကွက်သို့ ဆောလျင်စွာ မိတ်ဆက်ပေးနိုင်ရေး ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြေယာအခြေခံအဆောက်အအုံနှင့်ပို့ဆောင်ရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် နေအပူစွမ်းအင်၊ လေစွမ်းအင်နှင့်လောင်စာစွမ်းအင်ကဲ့သို့သော အရင်းအမြစ်များကို ထောက်ပံ့ရန်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးကို ဆောင်ရွက်နေသောကြောင့် ပြန်လည်အသုံးချနိုင်သည့် စွမ်းအင်ကဏ္ဍသည်လည်း ဒုတိယအကြီးမားဆုံးသောကဏ္ဍဖြစ်လာသည်။ လူ့အသိဉာဏ်ကိုတုပ၍ စက်ရုပ်များ ပြုလုပ်ခြင်းတို့သည်လည်း အာရုံစိုက်ဆောင်ရွက်လာသည့် လုပ်ငန်းသစ်များဖြစ်လာပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့်လုံခြုံရေးကဏ္ဍများတွင် အသုံးပြုနိုင်သည့်စက်ရုပ်များကို တီထွင်ထုတ်လုပ်နိုင်ရေး ပိုမိုအာရုံစိုက် ဆောင်ရွက်လာကြသည်။

အာဏာပိုင်များ အနေဖြင့် ကိုရီးယားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု သမိုင်းကြောင်းအရ ထင်ရှားခဲ့သည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းကဏ္ဍ ကဲ့သို့သော လုပ်ငန်းများတွင်လည်း သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ဝမ် ၇၃ ဒသမ ၈ ဘီလီယံ သုံးစွဲသွားမည်ဖြစ်သည်။ အခြားသောနယ်ပယ်များဖြစ်သည့် အင်တာနက်ဆိုင်ရာပစ္စည်းများ၊ အသုံးပြုပုံနည်းပညာမြင့်မားသည့် ယာဉ်၊ ယန္တရားများ၊ ဇီဝနည်းပညာထုတ်လုပ်မှုစနစ်များစသည့် နယ်ပယ်များတွင်လည်း ထောက်ပံ့အားပေးမှုများ ပိုမိုဆောင်ရွက်သွားမည်ဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အမေရိကန်နိုင်ငံသို့ သကြားတင်သွင်းမှုအတွက် အခွန်နှုန်း ခွဲတမ်း ပြင်ဆင်သတ်မှတ်

အမေရိကန်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ် သကြားတင်သွင်းမှုအတွက် အခွန်နှုန်းခွဲတမ်း tariff-rate-quota (TRQ) တိုးမြှင့်သတ်မှတ်ချက် နှင့် ၂၀၁၇ ခုနှစ် ကြံနှင့်သန့်စင်ထားသည့် သကြားတို့ တင်သွင်းမှုအတွက် TRQ သတ်မှတ်ချက်တို့ကို ၂၀၁၆ ခုနှစ် မေလပထမပတ်အတွင်း ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါသတ်မှတ်ချက်အရ ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၂၂၀၄၆ short tons raw value (STRV) မှ ၂၀၀၀၀ metric tons raw value (MTRV) သို့ တိုးမြှင့်ခဲ့ပြီး၊ အမေရိကန်စားသုံးသူဈေးကွက်တွင် ဩဂဲနစ်သကြားနှင့် speciality sugar ဝယ်လိုအားမြင့်မားမှုကြောင့် ယခုကဲ့သို့ တိုးမြှင့်ခြင်းဖြစ်ကြောင်းနှင့်မေ ၉ ရက်မှစတင် တင်သွင်းနိုင်ကြောင်း သိရှိရပါသည်။

၂၀၁၇ ဘဏ္ဍာရေးနှစ် ကြံသကြား(ကြမ်း) တင်သွင်းမှု သတ်မှတ်ချက်မှာ ၁၂၃၁၄၉၇ short tons raw value (STRV) ဖြစ်ပြီး၊ ယင်းပမာဏသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ သတ်မှတ်ထားသော လယ်ယာထွက်ကုန်စည်သဘောတူညီချက်များအရ အမေရိကန်နိုင်ငံမှ သဘောတူထားသည့် အနည်းဆုံးပမာဏဖြစ်ကြောင်း၊ အဆိုပါ ပမာဏ သတ်မှတ်ချက်စည်းမျဉ်းအရ ကြံသကြား(ကြမ်း) တင်သွင်းရန်အတွက် ခွဲတမ်းသတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ် (quota eligibility certificate )နှင့်အတူ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်မတိုင်မီ အမေရိကန်နိုင်ငံသို့ အရောက်တင်ပို့ရန် လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါပမာဏသတ်မှတ်ချက်ကို အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးမှ အမေရိကန်နိုင်ငံသို့ သကြားတင်ပို့ရောင်းချနေသည့် နိုင်ငံများနှင့် အကောက်ခွန်ဇရိယာများသို့ ဖြန့်ဝေပေးမည်ဖြစ်သည်။

၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် သန့်စင်ပြီးသကြား တင်သွင်းမှု သတ်မှတ်ချက်မှာ ၁၇၈,၅၇၅ short tons raw value (STRV) ဖြစ်ပြီး၊ ယင်းပမာဏအနက် speciality sugar ၁၅၆,၁၄၉ short tons raw value (STRV) တင်သွင်းရန် လျာထားပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လယ်ယာထွက်ကုန်စည် သဘောတူညီချက်များအရ အမေရိကန်နိုင်ငံမှ သဘောတူထားသည့် သန့်စင်ပြီးသကြား အနည်းဆုံးတင်သွင်းမှု သတ်မှတ်ချက် ၂၄,၂၅၁ (STRV) အနက် ၁၈၂၅ (STRV) speciality တင်သွင်းရန်ဖြစ်ကြောင်း သိရှိရပါသည်။

speciality sugar သည် သန့်စင်ပြီးသကြား အမျိုးအစားတွင်ပါဝင်ပြီး speciality sugar tariff-rate-quota ရရှိရန်အတွက် အမေရိကန်နိုင်ငံ စည်းဝါးညီ အကောက်ခွန်စနစ် ခေါင်းစဉ်ခွဲ ၁၇၀၁. ၉၁. ၁၀. ၀၀၊ ၁၇၀၁. ၉၉. ၁၀. ၁၀၊ ၁၇၀၂. ၉၀. ၁၀. ၀၀၊ (သို့မဟုတ်) ၂၁၀၆. ၉၀. ၄၄. ၀၀ အရ အမျိုးအစား သတ်မှတ်ချက်နှင့်ကိုက်ညီရန် လိုအပ်မည်ဖြစ်ပါသည်။ ကြံသကြား(ကြမ်း)တွင်မူ speciality sugar သတ်မှတ်ချက်မရရှိနိုင်ပါ။

အမေရိကန်နိုင်ငံ၏ speciality sugar တင်သွင်းမှု ခွဲတမ်းသည် ဦးရာလူစနစ်ဖြစ်ပြီး၊ အမေရိကန်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ဈေးကွက်ရှာဖွေနိုင်ရန် နှစ်တစ်နှစ်အတွင်း တင်သွင်းနိုင်သည့် သတ်မှတ်ချိန်ကို ထုတ်ပြန်သတ်မှတ်ထားပါသည်။ ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် speciality sugar တင်သွင်းနိုင်သည့် အချိန်သတ်မှတ်ချက်ငါးပိုင်း သတ်မှတ်ထားပါသည်။

(က) speciality sugar အမျိုးအစားများအတွက်

(က-၁) ၃-၁၀-၂၀၁၆ ရက်နေ့တွင်စုစုပေါင်း ၁၈၂၅ STRV

(ခ) ဩဂဲနစ်သကြားနှင့်လက်ရှိ အမေရိကန်နိုင်ငံအတွင်းစီးပွား ဖြစ်ထုတ်လုပ်လျက်ရှိသည့် (သို့မဟုတ်) ပြည်တွင်းမှ ရာသီအလိုက်ရရှိနိုင် သည့် speciality sugar မဟုတ်သည့် အခြားအမျိုးအစား speciality sugar များအတွက်

(ခ-၁) ၂၆-၁၀-၂၀၁၆ ရက်နေ့တွင် စုစုပေါင်း ၄၄,၀၉၂ STRV

(ခ-၂) ၆-၁-၂၀၁၇ ရက်နေ့တွင် စုစုပေါင်း ၄၄,၀၉၂ STRV

(ခ-၃) ၇-၄-၂၀၁၇ ရက်နေ့တွင် စုစုပေါင်း ၃၃,၀၆၉ STRV

(ခ-၄) ၇-၇-၂၀၁၇ ရက်နေ့တွင် စုစုပေါင်း ၃၃,၀၆၉ STRV

ဟူ၍ သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၃–၅–၂၀၁၆)

ဇော်ဝင်း

## ဘုရင့်နောင်ကုန်စည်ဈေးကွက်မှာ ပဲစင်းငုံနီ ဈေးအနည်းငယ်ကျ

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ပဲရဲ့ အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များဘက်ကလည်း အရောင်းပုံမှန်ရှိခဲ့ကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၁၇၂၄၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒါ့အပြင် ပဲစင်းငုံနီ (RC) ကိုလည်း အိန္ဒိယဘက်က ပုံမှန်အဝယ်ရှိပေမယ့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျဆင်းပြီး တစ်တန်ကို ကျပ် ၁၅၂၀၀၀၀ ဈေးဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

× × × × × × × × × × × × × × × × ×

## မန္တလေးဈေးကွက် ပဲတီစိမ်း တရုတ်အဆွဲများ၊ မတ်ပဲအရောင်းအဝယ်အေးနေ

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေက တစ်ပိဿာကို ၂၆၆၇ ကျပ် (တစ်တန်ကို ၁၆၃၃၂၄၄ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပြီး အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ပဲတီစိမ်းကို တရုတ်ဝယ်လက်ကအရည်အသွေးအပေါ် မူတည်ပြီးဈေးလျှော့အဝယ်ရှိပေမယ့် တစ်ပိဿာကို ၁၆၈၆ ကျပ် (တစ်တန်ကို ၁၀၃၂၄၈၉ ကျပ်) ဈေးဖြင့်အရောင်းအဝယ်များခဲ့ကြောင်း သိရပါတယ်။

× × × × × × × × × × × × × × × × ×

## ပဲခုက္ကူ ပဲတီစိမ်း (ကြီး) အရောင်းအဝယ်နည်း

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပဲတီစိမ်း(သစ်) တွေ ဆက်လက်ဝင်ရောက်နေပေမယ့် ပဲတီစိမ်းကြီး (ထိပ်စ) ကို တစ်ပိဿာ ၁၆၃၀ ကျပ် (တစ်တန်ကို ၉၉၈၁၉၅ ကျပ်) ဈေးဖြင့် ဈေးဖွင့်၍ အရောင်းအဝယ် အနည်းငယ်သာရှိခဲ့ ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ပြည်ပအတွက် အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၂၄၀၀ ကျပ် (တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်) ဈေးဖြင့် ဝယ်ယူပေမယ့်လည်း လှောင်လက်ကုန်သည်များက အရောင်းနည်းခဲ့ကြောင်းသိရပါ တယ်။

× × × × × × × × × × × × × × × × ×

## ရေစကြိုမှာ ကုလားပဲဖြူ အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူကို မန္တလေး ဝယ်လက်များက ဝယ်ယူမှုရှိခဲ့ပြီး အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၇၀ ကျပ် (တစ်တန်ကို ၁၁၄၅၁၆၉ ကျပ်) ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၁၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

× × × × × × × × × × × × × × × × ×

## ဟသ်ာတဈေးကွက်မှာ မတ်ပဲရော၊ အစေ့ထုတ် ပြောင်းပါဝယ်လိုအားရှိ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို ပြည်ပအတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်ထက်ဈေးနှုန်းအနည်းငယ်ကျဆင်းမှုကြောင့် ရောင်းသူကုန်သည်များအနေနဲ့ တက်ဈေးမျှော်ပြီး အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲတစ်ပိဿာ ၂၇၁၀ ကျပ် (တစ်တန်ကို ၁၆၅၉၅၇၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် အစေ့ထုတ်ပြောင်းကို ရန်ကုန်ဝယ်လက်ကဈေးလျှော့အဝယ်ရှိပေမယ့် ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၅၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲလွန်းနီကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၂၀၀ ကျပ် (တစ်တန်ကို ၇၃၄၈၆၈ ကျပ်) ဈေးဖွင့်အဝယ်ရှိပေမယ့် ယခင်တစ်ပတ်ထက်ဈေးနှုန်းကျဆင်းမှုကြောင့် ရောင်းသူကုန်သည်များက ကြိုက်ဈေးမရလို့အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။

× × × × × × × × × × × × × × × × ×

## တရုတ်ဘက်မှ ပိတ်ဆို့ထားသော်လည်း မူဆယ်ဈေးကွက်မှာ ပြောင်းအရောင်းအဝယ်မြင့်တက်

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံတန်ချိန် ၉၄၀၀ ခန့်ဝင်ရောက်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် သိသိသာသာတိုးတက်လာကြောင်း သိရပါတယ်။ ပြောင်းကို တရုတ်သို့ တင် ပို့ရာမှာ ကုန်ပို့ခမြင့်တက်လာမှုကြောင့် ပြောင်းကုန်သည်တွေ အခက်အခဲဖြစ်နေသလို တရုတ်ဘက်ကလည်း ပိတ်ဆို့ထားပေမယ့် ကုန်သည်တွေအနေနဲ့ ပြောင်းသီးနှံကို ရောင်းချနေရကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေနဲ့ ၅၀ ကီလို တစ်အိတ်ကို ၈၆ ယွမ်မှ ၉၀ ယွမ်အကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ ပါတယ်။

× × × × × × × × × × × × × × × × ×

## ပြည်မတ်ပဲဈေးကွက် အနည်းငယ်တက်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်အဝယ်ရှိသော်လည်း ယခင်တစ်ပတ်ထက်ဈေးနှုန်းအနည်းငယ်ကျဆင်းပြီး တစ်ပိဿာကို ၂၄၃၀ ကျပ် (တစ်တန်ကို ၁၄၈၈၁၀၇ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်က ပြည်ပဈေးကွက်ရဲ့ ဝယ်လိုအားအခြေအနေပေါ် မူတည်ပြီး ဝယ်လိုအားကောင်းနေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၇၅၀ ကျပ် (တစ်တန်ကို ၁၆၈၄၀၇၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

× × × × × × × × × × × × × × × × ×

## အောင်လံပဲစင်းငုံနီ ဈေးနှုန်းအနည်းငယ်ကျဆင်း

အောင်လံဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၀၀ ကျပ် (တစ်တန်ကို၁၄၆၉၇၃၆ ကျပ်) ဈေးဖြင့် အဝယ်ရှိပေမယ့် ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ်ကျဆင်းမှုကြောင့် ရောင်းသူကုန်သည်များက တက်ဈေးမျှော်ပြီး အရောင်းနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းကို မန္တလေးဝယ်လက်က တစ်ပိဿာ ၃၆၇၀ ကျပ်ဈေးဖြင့် နေ့စဉ်အိတ် ၁၅၀ ခန့် ပုံမှန်အရောင်းအဝယ်ရှိပေမယ့် ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ်ကျဆင်းနေကြောင်း သိရပါတယ်။

× × × × × × × × × × × × × × × × ×

## မုံရွာပဲတီစိမ်းကြီးကို ရန်ကုန်ဝယ်လက်အဝယ်သွက်၊ ကုလားပဲဖြူလုံးကြီးဈေးကျ

မုံရွာဈေးကွက်တွင် ဒီတစ်ပတ်ပဲတီစိမ်းကြီးကို ရန်ကုန်ဝယ်လက်မှ အဝယ်များပြီး ပဲရဲ့အရည်အသွေးကိုမူတည်ပြီး တစ်ပိဿာကို ၁၆၅၈ ကျပ် (တစ်တန်ကို ၁၀၁၅၃၄၂ ကျပ်) ဈေး နဲ့ နေ့စဉ်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေနဲ့ ပြည်ပအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတစ်ပိဿာကို ၂၄၀၅ ကျပ် (တစ်တန်ကို ၁၄၇၂၇၉၇ ကျပ်) ဈေးနဲ့ အဝယ်ဖွင့်သလို ရောင်းသူဘက်မှလည်း အရောင်းများခဲ့တာကြောင့် နေ့စဉ် အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး ကို ပဲခွဲစက်များက ပုံမှန်အဝယ်ရှိပေမယ့် ယခင်တစ်ပတ်နဲ့ နှိုင်း ယှဉ်ပါကဈေးအနည်းငယ်ကျနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၆၃ ကျပ် (တစ်တန်ကို ၁၂၀၂၁၂၁ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

× × × × × × × × × × × × × × × × ×

## လာရှိုးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်အေး

ဒီတစ်ပတ် လာရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်ဘက်မှ ဈေးနှိမ်အဝယ်ရှိမှုကြောင့် ဈေးနှုန်း အနည်းငယ်ကျဆင်းပြီး လှောင်လက်များမှ ရောင်းချမှုနည်းပါးကာ အရောင်းနည်းနေကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏနည်းခဲ့ ကြောင်း သိရပါတယ်။

× × × × × × × × × × × × × × × × ×

## မကွေးဈေးကွက်မှာ နှမ်းမျိုးစုံဈေးလျှော့အဝယ်ရှိ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် နှမ်းမျိုးစုံဈေးကွက်ဈေး အနည်းငယ်ကျခဲ့ပြီး မန္တလေးဝယ်လက်၊ ဆီစက်များနဲ့ သိုလှောင်မယ့်သူများက ဈေးလျှော့အဝယ်ရှိသလို အရောင်းအဝယ်အနေဖြင့် နှမ်းနီတစ်ပိဿာ ၂၀၄၅ ကျပ်၊ နှမ်းဖြူ တစ်ပိဿာ ၂၂၂၀ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၃၇၈၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲလုံးကြီးကိုမြို့ခံပဲခွဲစက်များက တစ်ပိဿာကို ၁၉၂၀ ကျပ် (တစ်တန်ကို ၁၁၇၅၇၈၈ ကျပ်) ဈေးဖြင့် အဝယ်ရှိနေကြောင်း သိရပါ တယ်။

× × × × × × × × × × × × × × × × ×

## တောင်ကြီးမှာ ပြောင်း ဈေးအနည်းငယ်ကျဆင်း

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေးနဲ့ မူဆယ်မှ ဝယ်လိုအားပုံမှန်ရှိပြီး ရောင်းသူဘက်မှလည်း ပုံမှန်အရောင်းအဝယ်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေနဲ့ တစ်ပိဿာကို ၄၃၅ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းနဲ့ ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ကျဆင်းသွားကြောင်း သိရပါတယ်။

× × × × × × × × × × × × × × × × ×

## မုံရွာကုန်စည်ဒိုင်မေလ တတိယပတ်ပဲဈေးကွက် ပို့ကုန်အတွက်ပဲများ အရောင်းအဝယ်သွက်

မေတတိယပတ် မုံရွာကုန်စည်ဒိုင်ပဲဈေးကွက်မှာ ပို့ကုန်အတွက် ဝယ်လက်ရှိတဲ့ ငုံနီ၊ ပဲတီစိမ်းနဲ့မတ်ပဲတို့ ဈေး အတက်အကျဖြစ်ခဲ့သလို အရောင်းအဝယ်လည်းသွက်ခဲ့တယ်လို့ သိရပါတယ်။ အထူးသဖြင့် ကုန်သည်နဲ့တောင်သူတွေထံမှာ လက်ကျန်ရှိနေတဲ့ ငုံနီဈေးကွက်ဟာ ယခုတစ်ပတ်ထဲမှာ တစ်တင်း ကျပ်၄၉၆၀၀ အထိ အမြင့်ဆုံးပေါက်ခဲ့သလို အနိမ့်ဆုံး တစ်တင်းကျပ် ၄၃၇၀၀ အထိ ကျဆင်းမှုလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ ဝယ်လက်တွေအနေနဲ့ ပဲလက်ကျန်ရှိနေလို့ ဈေးအတိုးအလျှော့နဲ့ ထိန်းဝယ်နေကြတဲ့အတွက် တစ်ရက် အနည်းဆုံး အိတ် ၇၀၀ ကနေ အများဆုံးအိတ် ၂၅၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ဒိုင်ရပ်ကွက်ကဆိုပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာ မုံရွာနဲ့ ချောင်းဦးနယ်တွေက ရေဝင်ပိုင်းမှာစိုက်ကြတဲ့ နွေပဲတီတွေ အနည်းငယ် အဝင်သွက်ခဲ့သလို ရေဦး၊ တန့်ဆည်ဘက်ကလည်း အဝင်ရှိခဲ့ပါတယ်။ တရုတ်ဈေးကွက်အတွက် မန်းကုန်သည် အဆွဲသွက်နေတယ်လို့ ဆိုပါတယ်။ ယခုတစ်ပတ်အတွင်း ပေါက်ဈေးအားဖြင့် စိမ်းကြီး တစ်တင်း အနိမ့်ဆုံး ကျပ် ၃၁၀၀၀ မှ အမြင့်ဆုံးကျပ် ၃၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့ပြီး တစ်ရက်အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

မတ်ပဲဈေးကွက်မှာလည်း မြောင်၊ ရေဦး၊ တန့်ဆည်နယ်တွေက ဆောင်းသီးနှံလက်ကျန်အပြင် နွေစိုက်ပဲသစ်တွေပါ မုံရွာကုန်စည်ဒိုင်ကို ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ် မှာ တစ်တင်း ကျပ် ၅၃၅၀၀ မှ ကျပ် ၅၄၅၀၀ အတွင်းပေါက် ဈေးဖြစ်ပေါ်ခဲ့ကာ တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ကျန်ပြည်တွင်းသုံး ပဲဈေးကွက်မှာ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်လေးသလို ဈေးလည်းအေးခဲ့ရာ စွန်တာနီ တစ်တင်းကျပ် ၁၄၀၀၀၊ ထောပတ်ပဲတစ်တင်း ကျပ် ၁၁၃၀၀၊ ပဲကြီး တစ်တင်း ကျပ် ၂၆၀၀၀၊ အသီးသီးမြင့်ဈေးပေါက်ခဲ့ပြီး ပဲတစ်မျိုးလျှင် အိတ် ၂၀၀ မှ ၃၀၀ကြားသာ အရောင်းအဝယ်ဖြစ်တယ်လို့ ပွဲရုံရပ်ကွက်က သတင်းရရှိပါတယ်။ **ထွန်းလှိုင်/မုံရွာ**



# rq,e,fyd&;Dsnfuko,fw,fuf&;ol

|မယ်သီတာ|

မိုးကောင်းကင်ကြီးက ကြည်လင်လွန်းလှသည်။ သွားရမယ့် ခရီးက မူဆယ်။ မူဆယ်မြို့ဟာ မြို့သေးသေးလေးသာဖြစ်ပေမယ့် နိုင်ငံတော်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းတွေကို အဓိကထားပြီး လုပ်ဆောင်ပေးနေတဲ့နယ်စပ် ဒေသမြို့လေးတစ်မြို့ပါ။

မြို့ကလေးက ငယ်ငယ်၊ ကုန်သွယ်မှုက ကြီးကြီးဆိုသလို တစ်ဖက်တရုတ်နိုင်ငံနဲ့ နယ်စပ်မျဉ်းလေးတစ်ကြောင်းသာ ခြားထားတဲ့မြို့ငယ်လေးတစ်မြို့ပါ။

မူဆယ်မြို့ကို ရောက်တဲ့အချိန်က ညနေခင်းအချိန်ဖြစ်လို့ ညရဲ့အေးမြမှုကို ခံစားလိုက်ရပါတယ်။ တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်တာကြောင့် ရန်ကုန်မြို့ရဲ့ ရာသီဥတုနဲ့ အကွာကြီးကွာခြားနေတာကိုလည်း သတိပြုမိခဲ့ပါတယ်။

နံနက်ပိုင်းမှာတော့ မူဆယ်မြို့ရဲ့ နယ်စပ်ဂိတ်အသစ်တစ်ခုဖြစ်တဲ့ ကျိန်စမ်းကျော့ဂိတ်ကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနဲ့ အတူသွားရောက်လေ့လာခဲ့ပြီး အရှေ့မြောက်တံခါးသစ် သီးကုန်သည်များအသင်းဥက္ကဋ္ဌနဲ့တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

မူဆယ်မြို့ရဲ့ သစ်သီးကွင်းကို ရေရှည်တိုးတက်ကောင်းမွန်စေရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအာဏာပိုင်များမှတစ်ဆင့်တင်ပြဆောင်ရွက်ဖို့ ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားခဲ့ပါတယ်။

## မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ မူဆယ်မြို့ရဲ့ အဓိကအချက်အခြာကျတဲ့နေရာတစ်နေရာပဲဖြစ်ပါတယ်။ အဲဒီကုန်သွယ်ရေးဇုန်ဟာ ကုန်သည်အများစု မဖြစ်မနေ ဖြတ်သန်းကြရတဲ့ နေရာတစ်ခုလို့ဆိုရင်လည်း မမှားနိုင်ပါဘူး။ ဒါပေမယ့်လည်း ဝိသမကုန်သည်တချို့ကတော့ အဲဒီဂိတ်ကို ရှောင်ကွင်းပြီး ကုန်သွယ်မှုပြုနေကြတာကို သိရှိနေရတဲ့အတွက် နိုင်ငံတော်မှာနစ်နာမှုတွေရှိနေတာကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က တရားမဝင် ကုန်သွယ်မှုပပျောက်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပေးသွားရန်၊ ကုန်သွယ် မှုနှင့်ပတ်သက်၍ အကြံဉာဏ်များအား စုစည်းတင်ပြရန် ပြောကြားခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ဟာ နှစ်နိုင်ငံနယ်စပ်ဒေသရဲ့ ဝင်/ထွက်ပေါက်တစ်ခုဖြစ်တာကြောင့် ကုန်သွယ်မှုပမာဏ များပြားလာတာနဲ့အမျှ ယာဉ်အဝင်အထွက်တွေလည်း များပြားလျက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း ယာဉ်စစ်ကွင်းအသစ် ဖောက်လုပ်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်တယ်လို့ဆိုပါတယ်။

## မြန်မာ-တရုတ်ကုန်သွယ်မှုပမာဏ တိုးတက်ဖို့

မူဆယ်မြို့ဟာ တရုတ်နိုင်ငံ၊ ရွှေလီမြို့နဲ့နယ်နိမိတ်ချင်းထိစပ်နေတဲ့ မြို့တစ်မြို့ဖြစ်တာကြောင့် တရုတ်နိုင်ငံနဲ့ကုန်သွယ်ရာမှာ အရေးပါတဲ့မြို့တစ်မြို့အဖြစ် ယနေ့တိုင်ရပ်တည်နေဆဲဖြစ်ပါ တယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ နယ်နိမိတ်ထိစပ်မှု အတိုင်းအတာဟာတခြားသော အိမ်နီးချင်းနိုင်ငံများထက် များပြားတာကြောင့် ကုန်သွယ်မှုမျက်နှာစာ များပြားတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏဟာ တခြားအိမ်နီးချင်းနိုင်ငံတွေထက် များပြားနေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့ ကုန်သွယ်မှုပြုရာမှာ ကုန်သွယ်မှုမျက်နှာစာလေးခုနဲ့ ကုန်သွယ်မှုပြုလျက်ရှိနေကြောင်း၊ အဲဒီမျက်နှာစာ လေးခုအနက်မြန်မာ-တရုတ် မျက်နှာစာသည် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နိုင်သောမျက်နှာစာဖြစ်ပြီး မူဆယ်ကုန်သွယ်ရေးဇုန်သည် နယ်စပ်ကုန်သွယ်မှု ပမာဏအများဆုံးဖြစ်သလို တရုတ်မျက်နှာစာတွင်လည်း နယ်စပ်ကုန်သွယ်မှုအတွက် အရေးပါတဲ့ အခန်းကဏ္ဍတစ်ရပ်တွင်ပါဝင်နေပါကြောင်း၊ ဒါကြောင့် One Stop Service ဌာနဆိုင် ရာဝန်ထမ်းများ၊ တာဝန်ရှိသူများအနေဖြင့် မြန်မာ-တရုတ် ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားခဲ့ပါတယ်။

မူဆယ်မြို့ကလေးဟာ ကုန်သွယ်မှုပမာဏများပြားလာသလို မြို့ကွက်တိုးချဲ့ရေး၊ အဆင့်မြှင့်တင်ရေးဟာလည်း မဖြစ်မနေ လိုအပ်နေပြီဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ မြို့ကွက်ကို တိုးချဲ့ထားပေမယ့် အစီအစဉ်တကျမရှိ တဲ့မြို့ရဲ့အဝင်အထွက်လမ်းတွေ၊ ရှုပ်ထွေးနေတဲ့ကားတွေ၊ ဆိုင်ကယ်တွေ၊ မြို့ကလေးရဲ့ လမ်းကျဉ်းလေးထဲမှာ သွားလာနေရတဲ့ပြည်သူတွေကြောင့် မူဆယ်မြို့ကလေးဟာ စည်ကားနေတဲ့ နယ်စပ်မြို့ကလေးတစ်မြို့လို့ ထင်နေရတာဖြစ်ပါတယ်။

ဒါပေမယ့်လည်း မူဆယ်မြို့ရဲ့ တစ်ဖက်က ရွှေလီမြို့ကြီးကို ကြည့်လိုက်ရင် မူဆယ်မြို့ဟာ ရွှေလီမြို့ရဲ့ တစ်စိတ်တစ်ပိုင်းလောက်သာရှိမယ်လို့ ထင်ရပါတယ်။

ဒါကြောင့်လည်း မူဆယ်မြို့ကို မြို့ရှောင်လမ်းတွေ ဖောက်လုပ်ပေးနေသလို ကုန်သွယ်မှုအတွက် အဓိကကျတဲ့ လမ်းမကြီးတွေ တိုးချဲ့ပေးဖို့အတွက်ကို ဦးစားပေးပြီး လုပ်ဆောင်နေတာ တွေ့ရပါတယ်။ ဒါတွေဟာ မြို့တစ်မြို့ တိုးတက်ဖို့အတွက် အခြေခံကျတဲ့လုပ် ငန်းရပ်တွေလုပ်နေတာဖြစ်တာကြောင့် ဦးစားပေးပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။ဒါ့အပြင် နယ်စပ်ဒေသဖြစ်တဲ့အတွက် တစ်ဖက်နိုင်ငံရဲ့ ကျူးကျော်မှုကိုလည်း အချိန်မရွေးခံရနိုင်တဲ့အတွက် အဲဒီလိုဖြစ်ရပ်မျိုး ဖြစ်ပွားလာမှုကိုလည်း အတတ်နိုင်ဆုံး ထိန်းသိမ်းလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။



သစ်သီးဝလံကုန်စည်ဒိုင်အသင်း ဥက္ကဋ္ဌ ဦးစိုင်းမောင်ညွန့်က မိမိတို့နိုင်ငံဘက်သို့ တစ်ဖက်နိုင်ငံမှ စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေနဲ့ တရားမဝင် ဝင်ရောက်စိုက်ပျိုးမှုများအား တားဆီးပေးဖို့ တင်ပြလာတာဟာ နှစ်နိုင်ငံနယ်နိမိတ်အတွက် အရေးပါတဲ့ တင်ပြချက်တစ်ချက်ပဲဖြစ်ပါတယ်။

တစ်ဖက်နိုင်ငံမှ စိုက်ပျိုးရေးလုပ်ငန်းရှင်များဟာ မိမိတို့နိုင်ငံရဲ့ ရေမြေရာသီဥတုကောင်းမွန်မှုကိုအခွင့်ကောင်းယူပြီး အခုလို တရားမဝင် ဝင်ရောက် စိုက်ပျိုးနေကြတာဖြစ်ပါတယ်။ ဒါကိုလည်း ဒေသခံပြည်သူတွေ၊ ဒေသခံ အုပ်ချုပ်ရေးမှူးတွေအနေနဲ့ သတိပြုစရာ အချက်တစ်ချက်လည်းဖြစ်ပါတယ်။

## ကျိန်စမ်းကျော့နဲ့ နှစ်နိုင်ငံနယ်နိမိတ်အရေး

မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှု ပမာဏဟာ တစ်နေ့တခြား များပြားနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း တရုတ်နိုင်ငံအနေနဲ့ ကျယ်ဂေါင်နယ်စပ်ဂိတ်အပြင် ကျိန်စမ်းကျော့နယ်စပ်ဂိတ်ကိုပါ ဖွင့်လှစ်နိုင်ဖို့ ကြိုးစားလျက်ရှိပါတယ်။

ကျိန်စမ်းကျော့နယ်စပ်ဂိတ်မှ ထွက်ခွာလာမယ့် ကုန်ကားတွေ၊ ခရီးသည်တင်ကားတွေဟာ မူဆယ်မြို့တွင်းကို မဝင်ဘဲ မြို့ရဲ့ရှောင်ကွင်းလမ်းမှတစ်ဆင့် မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးပေါ်ကို ရောက်ရှိသွားမှာဖြစ်သလို လမ်းပိုင်းတိုတောင်းတဲ့အတွက် အချိန်ကုန် သက်သာစေနိုင်မယ်၊ ယာဉ်ကြောပိတ်ဆို့မှု သက်သာစေနိုင်မယ်လို့ မနှစ်က ကုန်စည်ပြပွဲမှာ ပြောကြားခဲ့တဲ့ ရွှေလီမြို့ အုပ်ချုပ်ရေးမှူးရဲ့ ပြောစကားလေးကို အမှတ်ရမိခဲ့ပါတယ်။

ကျိန်စမ်းကျော့ဂိတ်ဟာ နှစ်နိုင်ငံ နယ်စပ်အရေးကိစ္စလေးတွေကို ဖြေရှင်းပေးပြီးတာနဲ့ ဖွင့်လှစ်ပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

## အရည်အသွေးကောင်းမွန်မှ ကုန်သွယ်မှုပမာဏတိုးတက်မည်

မူဆယ် နယ်စပ်ကုန်သွယ်ရေးဇုန်မှသာမက အခြားသော တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရုတ်နိုင်ငံသို့ တင်ပို့နေတဲ့ လယ်ယာထွက်ကုန်သီးနှံတွေ အထူးသဖြင့် ဆန်တင်ပို့တဲ့ကိစ္စတွေမှာ မြန်မာနိုင်ငံက ကုန်သည်အများစုဟာ အမြဲလိုလို နစ်နာမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

ဒီနစ်နာမှုတွေကိုဖြေရှင်းပေးဖို့ ယခင်အစိုးရလက်ထက်က တရုတ်နိုင်ငံ အစိုးရနဲ့ညှိနှိုင်းဆောင်ရွက်ခဲ့ပေမယ့်လည်း မြန်မာကုန်သည်တွေဟာ တရုတ်နိုင်ငံရဲ့ စံသတ်မှတ်ချက်ဖြစ်တဲ့ AQSIQ ဆိုတဲ့စံသတ်မှတ်ချက်ကို မမီခဲ့တာကြောင့် တင်ပို့ခွင့်ရသလောက် တင်ပို့နိုင်ခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။ဒီအချက်တွေကြောင့်လည်း တခြားသော ကုန်ပစ္စည်းအမယ်တွေမှာပါ တရုတ်ကုန်သည်တွေရဲ့ဈေးနှိမ်ခြင်းကို ခံစားနေကြရတာကို သိရှိနေရပါတယ်။ ဒါကြောင့် မြန်မာကုန်သည်တွေ၊စိုက်ပျိုးသူလုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို နိုင်ငံတကာက သတ်မှတ်ထားတဲ့ စံသတ်မှတ်ချက်တွေအတိုင်း လိုက်နာလုပ်ဆောင်ကြဖို့ လိုအပ်လှပါတယ်။

မူဆယ်မြို့ကအပြန်မှာတော့ ပြည်ထောင်စုဝန်ကြီးနဲ့အဖွဲ့ဟာ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းပိုင်းတိုးချဲ့နေမှုများကို ကြည့်ရှုခဲ့ရာ မိုးရာသီအချိန်ရောက်တော့မှာဖြစ်လို့ လမ်းပိုင်းများ ပိုမိုကောင်းမွန်ရေးနဲ့ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်ရေးတို့အတွက် လုပ်ဆောင်ကြရန် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများအသင်းတို့မှာ ဒေသခံကုန်သည်တွေ၊ လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေဟာ အားရစရာကောင်းလှပါတယ်။ဒါ့အပြင် ရွှေလီရတနာရိပ်သာမှာ တရုတ်နိုင်ငံမှ တာဝန်ရှိသူများရဲ့ တင်ပြချက်တွေ၊ အပြန်အလှန်ဆွေးနွေးချက်တွေဟာ နိုင်ငံတော်ရဲ့အဓိကရည်မှန်းချက်ဖြစ်တဲ့ ငါးနှစ်အတွင်း ပို့ကုန်သုံးဆတိုးမြှင့်ရေးဆိုတဲ့ရည်မှန်းချက်ကို အောင်မြင်နိုင်မယ့် အလားအလာကောင်းတွေဖြစ် လာနိုင်မယ်ဆိုတာ ငြင်းလို့မရတဲ့အချက်တွေပဲဖြစ်ပါတယ်။

ပို့ကုန်သုံးဆတိုးမြှင့်ဖို့အတွက် တရားမဝင်ကုန်သွယ်မှုပပျောက်ဖို့၊ နယ်စပ်စခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့၊ ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်နိုင်ဖို့၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေဖို့၊ အဆင့်မီတဲ့ အရည်အသွေးရှိတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ဖို့ စတဲ့အချက်တွေကို အောင်မြင်အောင်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

ဒီအချက်တွေကိုသာ ထိထိရောက်ရောက်လုပ်ဆောင်နိုင်မယ်ဆိုရင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနေနဲ့ ကုန်သွယ်မှုတိုးတက်ရေးမှာ အားအင်အပြည့်နဲ့ ပါဝင်လာနိုင်မှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

# မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တွင် ITC ကတ်ဖြင့် ပို့ကုန် ၁၆၁ မျိုး၊ သွင်းကုန် ၂၄၁ မျိုးကို ခွင့်ပြုထားပြီးဖြစ်

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် တွင် ITC ကတ်ဖြင့် ပို့ကုန် ၁၆၁ မျိုး၊ သွင်းကုန် ၂၄၁ မျိုးကို တင်ပို့တင်သွင်းနိုင်ရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးဦးစီးဌာန၏ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်သည့် အစီအစဉ်များအရ ITC ကတ် ကိုင်ဆောင်ထားသူတစ်ဦးသည် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများဆောင်ရွက်ပါက ကုန်သွယ်မှုတန်ဖိုး တစ်ရက်လျှင် ကျပ် သိန်းသုံးဆယ်နှုန်းဖြင့် ငါးရက်စာအတွက် တစ်ကြိမ်တည်း ကျပ်သိန်းငါးဆယ်အထိ တိုးမြှင့်၍ ပို့ကုန်၊ သွင်းကုန်လိုင်စင် ထုတ်ပေးခြင်းနှင့် အကောက်ခွန်ဦးစီးဌာနတွင် ပို့ကုန်ကြေညာလွှာ (သို့မဟုတ်) သွင်းကုန်ကြေညာလွှာဆောင်ရွက်၍ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ITC ကတ်ဖြင့် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၏ကုန်သွယ်ရေးဦးစီးဌာန ဖုန်းနံပါတ် ၀၈၂-၅၅၅၁၀၊ ၀၈၂-၅၅၀၀၃၊ ၀၈၂-၅၅၁၀၃နှင့် email:dobtmuse105@gmail.com သို့လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန ဖုန်းနံပါတ် ၀၈၂-၅၅၁၁၂၊ email: oss105miles@gmail.com သို့ လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ဖုန်းနံပါတ် ၀၈၂-၅၅၅၀၈ သို့ လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ဖုန်းနံပါတ် ၀၈၂-၅၅၅၀၇၊ ၀၈၂-၅၅၀၁၄ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

မူဆယ်

# မြဝတီကုန်သွယ်ရေးဇုန်မှ ယမန်နှစ်ကာလတူထက် ပို့ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ပို့ကုန်ကန်ဒေါ်လာ ၂ ဒသမ ၉၃၁ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၃၀ ဒသမ ၇၈၈ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၃ ဒသမ ၇၁၉ သန်းရရှိခဲ့ပါတယ်။ ပို့ကုန်ပိုင်းတွင် ယမန်နှစ်ကာလတူဖြစ်တဲ့ ၂၀၁၅ ခုနှစ် ဧပြီလနဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၁ ဒသမ ၄၀၈ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ပါက ၁ ဒသမ ၀၆၁ သန်းလျော့နည်းခဲ့ပါတယ်။

ယမန်နှစ်ကာလတူထက် ပို့ကုန်ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ သစ်တောထွက်ကုန်နဲ့ စက်မှုကုန်ချောပစ္စည်းတို့ ပိုမိုတင်ပို့နိုင်ခဲ့လို့ အနီးစပ်ဆုံး ကာလထက် လျော့နည်းရခြင်းမှာ ရေထွက်ကုန်၊ သစ်တောထွက်နဲ့ စက်မှုကုန်ချောတို့ လျော့နည်းတင်ပို့ခဲ့၍ဖြစ်ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ဧပြီလအတွင်း အများဆုံး တင်ပို့ခဲ့တဲ့ ပစ္စည်းများမှာမြေပဲဆန်၊ ကြက်သွန်နီ၊ ငါးမျိုးစုံ၊ ငရုတ်သီးခြောက်၊ မတ်ပဲ၊ ကဏန်း၊ ပဲတီစိမ်း၊ ပြောင်း၊ နံနံစေ့၊ ချုပ်ပြီး အဝတ်အထည်၊ သီဟိုဠ်စေ့၊ ပဲလွန်းဖြူ၊ အုန်းသီး၊ ငါးရှဉ့်နဲ့ ကျွဲနွားသားရေဆားနယ်အစိုတို့ဖြစ်ပါတယ်။

ခင်မြနွယ်

# မူဆယ် ကုန်သွယ်ရေးဇုန်မှ ဆီးဆန်၊ ဆီးသီးခြောက် တန် ၁၅၀ နီးပါးတင်ပို့

မေ၇ရက်မှ ၁၃ ရက်အထိ ကာလအတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၀၂ သန်း တန်ဖိုးရှိ ဆီးဆန် ၂၁ တန်ကျော်နဲ့ဆီးသီးခြောက် ၁၂၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် သီတင်းပတ်က မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှဆီးဆန် ၃၁ တန်ကျော်နဲ့ဆီးသီးခြောက် ၆၄၈ တန်ကျော် တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာ ဆီးဆန် ၁၀ တန်ကျော်နဲ့ ဆီးသီးခြောက် တန်၅၀၀ ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

စစ်တွေ ကုန်သွယ်ရေးစခန်းမှ ယခု သီတင်းပတ်မှာ ဆီးဆန် ၊ ဆီးသီးခြောက်တင်ပို့မှုမရှိသော်လည်း ဆီးဖတ် ၂တန်ကျော်၊ဆီးယိုထုပ် ၇ တန်၊ တန်ဖိုး ကန်ဒေါ်လာ သုညဒသမ ၀၀၆ သန်းဖိုး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

တင်တင်ထွန်း

# မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

၂၀၁၆ ခုနှစ် မေ၇ ရက်မှ ၁၃ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၈၇၁ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၃၀၃၃ တန်ကျော်ကို မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၂၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၅၆ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၈၅ တန်ကျော်နဲ့ကဏန်း ၂၉တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန် ၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှကန်ဒေါ်လာ သုည ဒသမ ၈၉၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၀၈၉ တန်ကျော်၊ ကင်းမွန် ၄၃ တန်ခန့် ၊ ပုစွန် ငါးတန်ကျော်၊ အခြားရေထွက်ပစ္စည်းခြောက်တန်ကျော်၊ ပင်လယ်ငါးရှဉ့် တစ်တန်ကျော်၊ ရေဘဝဲ ၄၁၁ ကီလိုဂရမ်နဲ့ ကဏန်း ၂၄၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၄၇ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၈၂၀ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၁၄၆၅ တန်ကျော်၊ ငါးမှုန့် ၂၈၄ တန်ကျော်၊ ရေခန်ပုစွန် ၂၁ တန်ကျော်နဲ့ ကင်းမွန် နှစ်တန်ခန့် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၀၁ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ခင်မြနွယ်

# တရုတ်နယ်စပ်နဲ့ ထိုင်းနယ်စပ်မှ တစ်ဆင့်နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ မေ ၇ ရက်မှ ၁၃ ရက်တာ ကာလအတွင်း နှမ်းနက်၄၉၂တန်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၆၁၆ သန်းဖိုးနဲ့ နှမ်းဖြူ ၅၄၂ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၆၅၁ သန်း ဖိုးတင်ပို့ခဲ့ ပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၄၂ သန်း တန်ဖိုးရှိ နှမ်းနက် ၂၈ တန် တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ် ကုန်သွယ်ရေးဇုန်မှ ယခုသီတင်းတစ်ပတ်မှာ နှမ်းတင်ပို့မှု မရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာ ယခုတစ်ပတ် နှမ်းဖြူ တစ်တန် ၁၄၁၉ ၉၁၁ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၁၃၄ ၁၉၆ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

တင်တင်ထွန်း

# ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မူဆယ် (၁၀၅) ကုန်သွယ်ရေးဇုန်မှ မေ ၇ ရက်မှ ၁၃ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၇၃၅ သန်း တန်ဖိုးရှိ ပရဆေး ကုန်ကြမ်း ၈၁၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် သီတင်းပတ်က ပရဆေးကုန်ကြမ်း ရှစ်မျိုးကို တန် ၅၁၀ သာတင်ပို့ခဲ့လို့ ယခုသီတင်းပတ် ပရဆေးကုန်ကြမ်းတင်ပို့မှု ၃၀၃ တန်ကျော် ပိုမိုတင်ပို့လာနိုင်တာတွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ မိကျောင်းကွမ်းဖတ်စေ့၊ မာလာဥခေါင်း၊ ဝဥခြောက်၊ တောချင်း၊ ကွမ်းသီးခွံ၊ ဖန်ခါးသီးခြောက်၊ နေလဲစေ့၊ ချဉ်ပေါင်ဖာလာ (အခွံပါ)၊ နန္ဒင်းခေါင်း၊ မုတ်ခါး၊ ဒရင်ကောက်မြစ်၊ ကွမ်းစားဂမုန်း၊ ကြောင်လျှာစေ့တို့ ဖြစ်ပါတယ်။

မြင့်မြင့်မာ

# လွယ်ဂျယ်နဲ့ ကန်ပိုက်တီးကုန်သွယ်ရေး စခန်းများမှ တစ်သျှူးငှက်ပျော တန် ခုနစ်ထောင်နီးပါး တင်ပို့

မေ ၁ ရက်မှ ၁၃ ရက်အထိကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော ၇၄၉ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ၆၂၂၅ တန်ကျော်၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅၁ သန်း တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၆၉၇၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် ဒေသအတွင်း တစ်သျှူးငှက်ပျောစိုက်ဒေသခံ ပြည်သူများအား ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုမိုတင်ပို့နိုင်ရေး မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။

မြင့်မြင့်မာ

# ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ပင်လယ်ငါးရှဉ့်နဲ့ ရေဘဝဲ တန် ၂၀ ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှ မေ ၇ ရက်မှ ၁၃ ရက်အတွင်းမှာ ပင်လယ်ငါးရှဉ့် တစ်တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း၊ ရေဘဝဲ ၄၁၁ ကီလိုဂရမ်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၀၁ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ ဧပြီလအတွင်းက ကန်ဒေါ်လာ သုည ဒသမ ၀၄၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ပင်လယ်ငါးရှဉ့် ၁၉ တန်ကျော်နဲ့ ရေဘဝဲ ၇ တန်ကျော်တင်ပို့ နိုင်ခဲ့ပါတယ်။

ခင်မြနွယ်

# မူဆယ်ကုန်သွယ်ရေးဇုန်မှ သရက်သီးတန် သုံးထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၇ ရက်မှ ၁၃ ရက်တာကာလ အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၂၀၈ သန်းတန်ဖိုးရှိ သရက်သီး ၃၅၅၂ တန်ကျော်ကို တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ သရက်သီးတန် ၁၅၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ သရက်သီးအမျိုးအစားတွေကတော့ စိန်တစ်လုံးနဲ့ ရွှေဟင်္သာတို့ဖြစ်တယ်လို့ မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

မြင့်မြင့်မာ

# မြန်မာနိုင်ငံနှင့် အကောက်ခွန်ဆိုင်ရာ အခွင့်အရေးပေးမှုစနစ် (Generalized System of Preferences) အခြေအနေ

ရွှေစင်ဦး

(ယခင်တစ်ပတ်မှအဆက်)

**အမေရိကန်နိုင်ငံ *GSP* အစီအစဉ်**

အမေရိကန်နိုင်ငံအနေဖြင့် GSP အခွင့်အရေးပေးမှုအစီအစဉ်ကို ၁၉၇၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အစီအစဉ်ကို နှစ်စဉ် ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ကာ ထွက်ပေါ်လာသော ရလဒ်များနှင့် ပြောင်းလဲလာသော စီးပွားရေးဝန်းကျင်ကို အခြေခံ၍ အစီအစဉ်ကို ပြင်ဆင်ဖြည့် စွက်ခြင်းများ ပြုလုပ်ပါသည်။

အမေရိကန်၏ GSP အစီအစဉ်အရ အကျိုးခံစားခွင့်ရှိသည့် နိုင်ငံများအားလုံးသည် HS code ရှစ်လုံးအဆင့် ကုန်စည်လိုင်း ၃,၅၀၀ လိုင်းအပေါ် အကောက်ခွန် ကင်းလွတ်ခွင့်ရရှိ ပါ သည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် ထပ်မံ၍ ကုန်စည်လိုင်း ၁,၅၀၀ လိုင်းကို အကောက်ခွန် ကင်းလွတ်ခွင့် ရရှိပါသည်။ သို့သော်လည်း အထည်အလိပ်နှင့် အဝတ်အထည် အများစုနှင့် ဖိနပ်များ စသည့် ကုန်စည်များမှာ အကောက်ခွန်ကင်းလွတ်ခွင့်တွင် မပါရှိပါ။

***GSP* အခွင့်အရေး ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ချက်များ**

အမေရိကန်နိုင်ငံ၏ GSP Scheme ကို ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ စတင် အကောင်အထည်ဖော်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ်တွင် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုခံရသည့်အတွက် အဆိုပါ အခွင့်အရေးများဆုံးရှုံးခဲ့ရပါသည်။

၂၀၁၃ ခုနှစ်၊ မေ ၄ ရက်နှင့် ၅ ရက်နေ့တို့တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့ အမေရိကန်နိုင်ငံ ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး (USTR) ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က အမေရိကန်၏ GSP အခွင့်အရေး ပြန်လည် ရရှိရေးဆိုင်ရာ Public Hearing ကြားနာမှု အစီအစဉ်သို့ တက်ရောက်ခဲ့ပြီးနောက် ယင်းအစီအစဉ်၏ နောက်ဆက်တွဲ အစီအစဉ်အရ ပထမအကြိမ် Post Hearing Report ကို ၂၀၁၃ ခုနှစ်၊ ဇွန် ၂၅ ရက်တွင် တင်သွင်းခဲ့ပါသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် GSP ပြန်လည်ရရှိရေးအတွက် အလုပ်သမားအခွင့်အရေး (Worker Rights)၊ ကလေးအလုပ်သမား (Child Labor) နှင့်ဉာဏပစ္စည်းမူပိုင်ခွင့် (Intellectual Property Rights – IPR) စသည့် ကဏ္ဍသုံးရပ်အပေါ် ပြည်တွင်းအကောင်အထည်ဖော်မှု (မူဝါဒ၊ ဥပဒေ လုပ်ထုံးလုပ်နည်း)ဆိုင်ရာ တိုးတက်မှု လိုအပ်နေသေးကြောင်းနှင့် လက်ရှိဆောင်ရွက်မှု အခြေအနေများအပေါ် အစီရင်ခံစာ ထပ်မံတင်သွင်းရန် လိုအပ်ချက်အရ ၂၀၁၄ ခုနှစ်၊ ဧပြီ ၁၅ ရက်နေ့တွင် ဒုတိယအကြိမ်မြောက် အစီရင်ခံစာအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် သက်ဆိုင်ရာ အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံသံရုံးနှင့် Office of the U.S. Trade Representative တို့သို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

➲ ဆက်လက်ဖော်ပြပါမည်။

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများသည် ၂၀၁၆ ခုနှစ်၊ မေ ၁၈ ရက်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ နှင့် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေးပလာဇာတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။



ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၊ အနောက်ပိုင်း ခရိုင်မှ လက်ထောက်ဌာနမှူး ဦးမောင်မောင်ဌေးက ဈေးသူ/ဈေးသားများအသိပညာများစွာရရှိစေရန် စားသုံးရန်မသင့်သော အစားအသောက်များရဲ့ ဘေးဥပဒ်အန္တရာယ်များအကြောင်းကို မိမိတို့မှတစ်ဆင့် တခြားနီးစပ်ရာ မိတ်ဆွေများအား ထပ်ဆင့်ဖြန့်ဝေပေးလိုကြောင်း ပြောကြားပါတယ်။ အဲ့ဒီနောက် စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်က စားသုံးသူရေးရာဦးစီးဌာနရဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက် ဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး၊ ပညာပေးလုပ်ငန်းများကို မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များ၊ နေ့စဉ်ဝယ်ယူ စားသုံးနေရသော စားသောက်ကုန်နှင့်ပစ္စည်းများတွင် အန္တရာယ်ရှိဆိုးဆေးများ၊ ပိုးသတ်ဆေး ကြွင်းကျန်များ၊ တာရှည်ခံဆေးများ၊ သုံးစွဲသည့် အစားအသောက်များ စံမညီ စားသုံးဆိုများအကြောင်းကို တက်ရောက်လာကြသော ဈေးသူ/ဈေးသားများ သိရှိနားလည်လိုက်နာဆောင်ရွက် နိုင်စေရန် Power Point များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိဒေါက်တာ ခိုင်မင်းကလည်း အစားအသောက်၊ ဆေးဝါး၊ အလှကုန်တို့ကို ဘေးအန္တရာယ်ကင်းရှင်းစေရန် ထောက်ခံချက်ထုတ်ပေးနေမှု၊ စားသောက်ရန်နှင့် သုံးစွဲရန်မသင့်တဲ့ ကုန်ပစ္စည်းများကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာပေးခဲ့မှုနဲ့ ကျန်းမာရေးနဲ့ ညီညွတ်စွာစားသောက်နေထိုင်မှုပုံစံများကို ရှင်းလင်းဆွေးနွေးပြီးနောက် လမ်းမတော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ သန်းသန်းချစ်ကလည်း ဈေးသူ/ ဈေးသားများအနေနဲ့ ဟောပြောဆွေးနွေးပွဲတွင် ပြောကြားသွားသော ဗဟုသုတရဖွယ် သိသင့်သိထိုက်သည်များကို သေချာစွာလိုက်နာဖို့ လိုကြောင်း၊ လိုင်စင်မရှိစစ်ဆေးချက်မယူဘဲ အမည်အမျိုးမျိုးဖြင့်ထုတ်လုပ်နေသော သောက်ရေသန့်များ ဖြန့်ဖြူးနေခြင်းအကြောင်း၊ မျှစ်များ၊ ငရုတ်သီးမှုန့်များတွင် ဆိုးဆေးများအသုံးပြုနေကြသည့်အတွက် စားသုံးသူများ ရောဂါများရရှိနေကြကြောင်း၊ အထူးသတိပြုစားသုံးကြရန် တိုက်တွန်းလိုကြောင်းပြောကြားပြီးနောက် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဈေးသူ/ဈေးသားများအနေဖြင့် မိမိတို့ရောင်းချတဲ့ ကုန်ပစ္စည်းများနဲ့ပတ်သက်၍ တာဝန်ယူရန်လိုအပ်သကဲ့သို့ မိမိတို့ဝယ်ယူသုံးစွဲသည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍လည်း စားသုံးသူတစ်ဦးရဲ့ အခွင့်အရေးနဲ့ တာဝန်များလိုက်နာဖို့လိုကြောင်း၊ စားသုံးသူတစ်ဦးအနေဖြင့် ဆုံးရှုံးနစ်နာမှုရှိပါက စားသုံးသူတိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီသို့ သတင်းအချက်အလက်ပြည့်စုံစွာ ဖြင့်တိုင်ကြားနိုင်ပါကြောင်း၊ အပြုသဘော ဆောင်သည့် ဆွေးနွေးအကြံပြုချက်များကိုလည်း ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ဟောပြောဆွေးနွေးပွဲပြီးနောက် စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဈေးအတွင်းဆီရောင်းချမှု၊ အလှကုန်ရောင်းချနေမှု၊ ဆေးဝါးရောင်းချနေမှုများကို ကွင်းဆင်းကြည့်ရှု အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ရာအောင်ဆေးဆိုင်မှ မအိအိက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းကို ယခင်ကပင်သိရှိပါကြောင်း၊ ဆေးဝါးရောင်းချရန်အတွက် မှတ်ပုံတင်အသိအမှတ်ပြုရရှိ ထားပါကြောင်း၊ ဆေးဝါးကျွမ်းကျင်မှုသင်တန်းကို တက်ရောက်ထားပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ လာရောက် ဆွေးနွေးပညာပေးခြင်းကို ကျေးဇူးတင်ပါကြောင်းပြောကြားခဲ့တယ်လို့သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲနဲ့ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်နေသလိုတိုင်းဒေသကြီး ဦးစီးမှူးရုံးရဲ့ ကွပ်ကဲမှုအောက်ရှိတွံတေးခရိုင်ဦးစီးမှူးရုံးမှလည်း တွံတေးမြို့နယ်၊ ကလီထော်ကျေးရွာ၊ ကော့မှူးမြို့နယ်၊ ရေဖြူတွင်းကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်၊ ဆင်ဒိုကျေးရွာတို့တွင်လည်းကောင်း၊ လှည်းကူးခရိုင်ဦးစီးမှူးရုံးမှလည်း လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက် သီတာအေးတိုးချဲ့(၄)လမ်း၊ ပညာနန်းတော်စာသင်ဝိုင်း၊ တိုက်ကြီးမြို့နယ်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ ထန်းတပင်မြို့နယ်၊ မြို့မဈေး၊ မှော်ဘီမြို့နယ် လှပဒါးကျေးရွာ တို့တွင်လည်းကောင်း၊ သန်လျင်ခရိုင်ဦးစီးမှူးရုံးမှလည်း သန်လျင်မြို့နယ်၊ ထားမလုံဈေး၊ ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်၊ သုံးခွမြို့နယ်၊ ကဒ္ဒပနကျေးရွာနှင့် ခရမ်းမြို့နယ်၊ (၁)ရပ်ကွက်တို့တွင်လည်းကောင်း၊ အင်းစိန်ခရိုင်ဦးစီးမှူးရုံးမှလည်း လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ပတ္တမြားရတနာ(၂)လမ်းဓမ္မာရုံ၊ အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်းနဲ့ ဘုရင့်နောင်လမ်းဆုံ ရွှေမိအအေးနှင့် စားဖွယ်စုံ၊ ဘုရင့်နောင်ပွဲရုံတန်း၊ မျိုးသန့်ပွဲရုံ ငါးပိ၊ ငါးခြောက်၊ မြောက်ဥက္ကလာပမြို့နယ် စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ ဆွမ်းလောင်းဓမ္မာရုံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မီးရထားဝင်း၊ အင်းစိန်မြို့နယ်၊ အင်းစိန်ဈေးကြီးတွင် အသိပညာပေးဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေး ခြင်းများကို မေ ၁၆ ရက်မှ ၁၉ ရက်အတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

ဟောပြောဆွေးနွေးပွဲများတွင် တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဈေးသူ/ဈေးသားများ၊ စားသုံးသူပြည်သူများအား “စားသုံးသူပြည်သူများ အန္တရာယ်ကင်းစေဖို့ သတိပြုလိုက်နာဆောင်ရွက်စို့” စာတမ်းပါလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရှိရပါတယ်။

**စိုးစိုးဦး (စားသုံးသူ) ရန်ကုန်**

**➲ စာမျက်နှာ ၃- Myanmar-India Business Conclave မှအဆက်**

ပို့ကုန်တန်ဖိုးကို ငါးနှစ်အတွင်း သုံးဆတိုးမြှင့်အောင် လုပ်ဆောင်ရန် ရည်မှန်းချက်ထားရှိပါကြောင်း၊ ယင်းရည်မှန်းချက် အောင်မြင်စေရန်အတွက်ပို့ကုန်ကဏ္ဍများဖြစ်သည့် လယ်ယာလုပ်ငန်းများမှထွက်ရှိသည့် ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်သို့ တိုးမြှင့် ထုတ်လုပ်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အသေးစားအလတ်စားလုပ်ငန်းများအား ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် အဓိက လိုအပ်ချက်တစ်ခုဖြစ်သည့် အခြေခံအဆောက်အအုံများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပါကြောင်း။ ယင်းတို့အတွက် အကူအညီများ ပေးစေလိုပါကြောင်း၊ ထို့ပြင် ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမှာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည့် လမ်းကြောင်းတွင် ဖြစ်ပေါ်နေသည့် စိန် ခေါ်မှုကြီးတစ်ခုပင်ဖြစ်ပါကြောင်း၊ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုစီးပွားရေးဖိုရမ်မှတစ်ဆင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ Myanmar-India Business Conclave သို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အိန္ဒိယနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး မစ္စနီမာလာ စီသာရာမန်၊ အိန္ဒိယနိုင်ငံစက်မှုလုပ်ငန်းအဖွဲ့ချုပ်မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ချန်ဒရာဂျစ်ဘာနာဂျီ၊ အိန္ဒိယ စက်မှုလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာနာရှတ်ဖိုဘီးစ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**➲ စာမျက်နှာ ၃-ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အေးရှားဝေါလ် မှအဆက်**

အေးရှား ဝေါလ်ဆိပ်ကမ်းတွင် လက်ရှိဖြစ်ပေါ် နေသည့်ကုန်သေတ္တာများ ထုတ်ယူနေမှု အခြေအနေများ၊ Red Channel, Yellow Channel နှင့် Green Channel တို့ဖြင့် ကုန်သေတ္တာများ ထုတ်ယူမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ကုန်သေတ္တာများ ထုတ်ယူရာတွင် လက်ရှိအခြေအနေ၌ ကြန့်ကြာမှုများဖြစ်ပေါ် နေခြင်းအား နှစ်ပတ်အတွင်း ဖြေရှင်းနိုင်ရန်အတွက် လာရောက်ရခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းများတွင် ကုန်သေတ္တာများထုတ်ယူရာတွင် အခက်အခဲများကို ဖြေရှင်းပေးရန် ရောက်ရှိလာခြင်းဖြစ်၍ ဆိပ်ကမ်းပိုင်ရှင်များ၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့မှ တာဝန်ရှိသူများအနေဖြင့် တွေ့ကြုံနေရသည့်အခက် အခဲများကို တင်ပြစေလိုကြောင်း၊ ထို့ပြင် နိုင်ငံတော်စီးပွားရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်ကလည်း ယခုကဲ့သို့ ကုန်သေတ္တာများထုတ်ယူရာတွင် ကြန့်ကြာနေမှုများအား နှစ်ပတ်အတွင်း ဖြေရှင်းရန် လမ်းညွှန်ခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာစက်မှုဆိပ်ကမ်းသို့ ရောက်ရှိလာရာ မြန်မာစက်မှုဆိပ်ကမ်းပိုင်ရှင် ဦးကိုကိုထူးက မြန်မာစက်မှုဆိပ်ကမ်းတွင် ကုန်သေတ္တာများရောက်ရှိ ထုတ်ယူနေမှုအခြေအနေများကို ပြောကြားခဲ့သည်။

ဦးကိုကိုထူးက မိမိအနေဖြင့် နိုင်ငံတော်တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးလိုပါကြောင်းနှင့် ဆိပ်ကမ်းများတွင် လိုအပ်လျက်ရှိသည့် ယာဉ်ယန္တယားများအား ဝယ်ယူပေးမည်ဖြစ်ပြီး ယာဉ်မောင်းများကိုလည်း လိုအပ်သည့် သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆိပ်ကမ်းများတွင် ကုန်သေတ္တာများထုတ်ယူရန် ကြန့်ကြာနေမှုများအား နှစ်ပတ်အတွင်း ဖြေရှင်းရန်အတွက် ကုန်သည်များ၊အေးဂျင့်များနှင့်သက် ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်မည်ဖြစ်ပါကြောင်း၊ ဆိပ်ကမ်းများတွင် လိုအပ်သည့် ယာဉ်ယန္တရားများအား တင်သွင်းနိုင်ရေးအတွက် မိမိတို့ဌာနအနေဖြင့် ကူညီပေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

# AWIPနှင့် MIP တို့တွင် One Stop Service ဖြင့် ကုန်သေတ္တာ အတင်အချလုပ်ငန်းများကို ၂၄ နာရီ ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချ ဆိပ်ကမ်းများဖြစ်သည့် အေးရှားဝေါလ်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(Asia World International Port)နှင့် မြန်မာစက်မှုဆိပ်ကမ်း(Myanmar Industrial Port)တို့တွင် ကုန်သေတ္တာအတင်အချလုပ်ငန်းများကို One Stop Service စနစ်ဖြင့် ၂၄နာရီပတ်လုံး ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ သင်္ဘောများ ဆိုက်ကပ်ကာ ကုန်သေတ္တာများအား အတင်အချပြုလုပ်လျက်ရှိသည့် ဆိပ်ကမ်းများတွင် ကုန်သေတ္တာများ ပြည့်ကျပ်ကာ ကြန့်ကြာမှုများဖြစ်ပေါ်နေသဖြင့် ယခုကဲ့သို့ One Stop Service စနစ်ဖြင့် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ လုပ်ဆောင်ရာတွင်လုပ်ငန်းများနှင့် ပတ်သက်၍ အစိုးရဌာနဆိုင်ရာများနှင့် ညှိနှိုင်းသည့် ကိစ္စအရပ်ရပ်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ယူ၍ လုပ်ဆောင်ပေး မည်ဖြစ်ပြီး အသင်းအဖွဲ့များနှင့် ကုန်သည်များ၏ ကိစ္စ အရပ် ရပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းဘက်မှ တာဝန်ယူလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်ကာလရုံးပိတ်ရက်များကြောင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း များတွင် ကုန်သေတ္တာများ ထုတ်ယူရာတွင် ကြန့်ကြာမှုများဖြစ်ပေါ်နေသည့်အတွက် အဆိုပါကိစ္စရပ်များအား နှစ်ပတ်အတွင်း ပြီးပြတ်အောင်ဖြေရှင်းရန် နိုင်ငံတော် စီးပွားရေးကော်မတီ၏ လမ်းညွှန်ချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးသည် ဆိပ်ကမ်းများအား မေ ၂၀ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုကဲ့သို့ ကြည့်ရှုစစ်ဆေးရာတွင် ကုန်သည်များ အနေဖြင့်လည်း ၎င်းတို့၏ ကုန်သေတ္တာများကို ထုတ်ယူရန် ဆိပ်ကမ်းရှင်းလင်းရေး ကိုယ်စားလှယ်များအား စေလွှတ်ထားသော်လည်း အဆိုပါကိုယ်စားလှယ်များမှာ နံနက် ၁၀ နာရီထိုးသည့်အချိန်အထိ ကုန်သေတ္တာများအား ထုတ်ယူနိုင်ခြင်း မရှိသေးသဖြင့် ကုန်သည်များ၊ အေးဂျင့်များအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်ခဲ့သည်။

ထို့ပြင် ဆိပ်ကမ်းများတွင် ရက် ပေါင်း ၆၀ ကျော်ကြာသည့် တိုင်အောင် လာရောက်ထုတ်ယူခြင်း မရှိသေးသည့် ကုန်သေတ္တာများကြောင့်လည်း ဆိပ်ကမ်းအတွင်း ကုန်သေတ္တာများ ထုတ်ယူရာတွင် ကြန့်ကြာမှုများဖြစ်ပေါ်နေရကြောင်း၊ ဆိပ်ကမ်းများအတွင်း ရက်ကြာမြင့်စွာရှိနေသည့် ကုန်သေတ္တာပိုင်ရှင် များအနေဖြင့် မိမိတို့၏ကုန်သေတ္တာများကို အမြန်ဆုံးလာရောက်ထုတ်ယူကြရန် လိုအပ်ပါကြောင်း၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရန်အတွက်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လို အပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ထပ်မံပြောကြားခဲ့သည်။

**မယ်သီတာ**

**➲ စာမျက်နှာ ၃- ရန်ကုန်မြို့ ကုန်တင်ကုန်ချဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချပြုလုပ်ရာ၌ မှအဆက်**

သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍအလိုက်အသင်းအဖွဲ့များ၊ ပုဂ္ဂလိက ကုန်သည်လုပ်ငန်းရှင်များ စုစုပေါင်း ၈၉ ဦး တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နှစ်ပတ်တစ်ကြိမ်ကျင်းပလျက်ရှိသော နိုင်ငံတော်စီးပွားရေးကော်မတီမှ ယခုကဲ့သို့ ကုန်တင်ကုန်ချ အခက်အခဲများ ဖြစ်ပေါ်နေခြင်းကို သုံးပတ်အတွင်း အရေးပေါ် ဖြေရှင်းပေးရန် လမ်းညွှန်မှုဖြင့် ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ကုန်သွယ်မှုမြင့်တက်လာတာနဲ့အမျှ သယ်ယူပို့ဆောင်စရိတ် တက်လာကြောင်း၊ ရန်ကုန်မြို့တွင်းသယ်ယူ ပို့ဆောင်မှုအတွက်လည်း အခက်အခဲအချို့ဖြစ်ပေါ်ကြောင်း၊ ဆိပ်ကမ်းတွင် ကုန်သေတ္တာများ များပြားပြီးပိတ်ဆို့မှု၊ ကျပ်တည်းမှုဖြစ်လာကာ နှောင့်နှေးကြန့်ကြာမှုများရှိလာကြောင်း၊ ဒီလိုဖြစ်တာဟာ ကုန်သွယ်မှုကိုလည်းထိခိုက်နိုင်ပါကြောင်း၊ ယခုကဲ့သို့ဖြစ် ပေါ်မှုကို အရေးပေါ် ဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ် ၏ မည်သည့်နေရာကဖြစ်သည်ကို ရှာဖွေ၍ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ဖြေရှင်းရမည့်နည်းကတော့ ညှိနှိုင်းဖြေရှင်းခြင်းသာဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနတွေကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုတွေရှိရ မှာဖြစ်ကြောင်း၊ နှစ်ပတ်အတွင်း အရေးပေါ် မည်သို့ဆောင်ရွက်လျှင် ဖြေရှင်းနိုင် မည်ကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြရန်၊ ဒီမိုကရေစီ စနစ်ဖြစ်၍ ဒေါင်လိုက် ဆုံးဖြတ်ဆောင်ရွက်ခြင်း မဟုတ်ဘဲ အလျားလိုက်သက်ဆိုင်ရာ ဝန်ကြီးဌာန အဖွဲ့အစည်းများက စုပေါင်းဆွေးနွေးကြရန်လိုပါကြောင်း၊ ပြဿနာအလွန်ကြီးလျှင်လည်း ပြည်သူပါဝင်သိရှိနိုင်ရန် Debate လုပ်၍ မည်သို့ဖြေရှင်း နိုင်မည်ကို ပညာရှင်များနှင့် ဆွေးနွေးကြရန်ပြောကြားခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသူများက ဆွေးနွေးရာတွင် ရှေးဦးစွာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဒုတိယအထွေထွေ မန်နေဂျာ ဦးဇော်ထွန်းလွင်က ဖြစ်ပွားသည့် ပြဿနာမှာ ယခုနှစ် အတွင်းမှာ သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း သင်္ဘော ၁၂ စင်းဆိုက်ကပ်ခဲ့ပြီး သွင်းကုန် သေတ္တာ ၁၄၀၀၀ ကျော်၊ ပို့ကုန်သေတ္တာ ၁၃၀၀၀ ကျော် ဝင်ရောက်လာခြင်းက အစပြု၍ ဖြစ်ပါကြောင်း၊ ဂျုံနှင့် သကြား တင်သွင်းမှုများလာပြီး ယခင်က ကုန်သေတ္တာများကို X'Ray ဖြတ် စစ်ဆေးခြင်းဖြင့် ဆောင်ရွက်သော်လည်း ယခုအခါ Green Channel ပေးကာ ထုတ်ယူစေခြင်းကို မေ ၃၀ ရက် အထိ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဆိပ်ကမ်းတွင် ကုန်သေတ္တာပိတ်ကျပ်မှုကိုဖြေလျှော့မှုများစွာဖြင့် ဖြေရှင်းပေးနေပါကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်ကပြောကြားရာတွင် ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် စစ်ဆေးမှုကို ၆၀-၃၀-၁၀ ဆောင်ရွက်လျက်ရှိသော်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များက Green Channel ၆၀ ရာခိုင်နှုန်းကို ထုတ်ယူရာတွင် နှောင့်နှေးလျက်ရှိပါကြောင်း၊ နေ့ချင်းပြီးထုတ်ယူနိုင်ခြင်းမရှိတာတွေ့ရပါကြောင်း၊ အဆင်မပြေသည်မှာ ကားမရ၍ဖြစ်ကြောင်း၊ အေးဂျင့်နဲ့ ကုန်ထုတ်သူတွေကလည်း စောစီးစွာထုတ်နိုင်ရေးဆောင် ရွက်သင့်ကြောင်း၊ ကားတွေက လည်း Export အတွက်အရင် ကွန်တိန်နာကို သွားသယ်ပြီးမှ Import ကွန်တိန်နာကို နောက်မှ သယ်တာလည်းတွေ့ရကြောင်း၊ ဆိပ်ကမ်းတွင် ယန္တရားအားနည်းမှုရှိကြောင်း၊ အကောက်ခွန် ဦးစီးဌာနအနေဖြင့်လုပ်ငန်းများကို စနေနေ့ညနေ ၅ နာရီအထိ တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားပါသည်။

UMFCCI မှ သက်ဆိုင်ရာအဖွဲ့ များဖြစ်သော အခွန်ကောက်ရှင်းလင်းရေးဝန်ဆောင်မှုအတွင်းရေးမှူး ဦးမင်းမောင်က ယခုအခက်အခဲသည် လွန်ခဲ့သောနှစ်များမှစ၍ ဖြစ်ပေါ်နေပါကြောင်း၊ အကောက်ခွန်ပိုင်းဆိုင်ရာ Procedure တွင် ခက်ခဲမှုမရှိပါကြောင်း၊ ဆိပ်ကမ်းပိုင်းဆိုင်ရာ Equipment အခက်အခဲများရှိ၍ ဖြေလျှော့ပေးလျက်ရှိသော်လည်း Green Chennel ကို Pass ပေးပြီး ကုန်တင်ကားမရသည့် အခြေအနေကြောင့်ဖြစ်ပါကြောင်း ပြောကြားပါသည်။

မြန်မာနိုင်ငံ ကုန်သေတ္တာအသင်း ဒုတိယဥက္ကဋ္ဌက ပြောကြား ရာတွင် ဆိပ်ကမ်း တွင် Location အရ ကုန်သေတ္တာ လုံးရေ များထပ်နေခြင်း၊ ဖြစ်သလိုပုံထားရ၍ ပြန်ထုတ်ရန် ခက်ခဲခြင်း၊ ဆိပ်ကမ်း ယန္တရား တိုးချဲ့တပ်ဆင်လျက်ရှိသော်လည်း ထပ်မံတိုးချဲ့ရန်လိုခြင်းတို့ကို ပြုပြင်ပေးစေလိုကြောင်း တင်ပြပါသည်။

ဆက်လက်၍ အေးရှားဝေါလ်ဆိပ်ကမ်း၊ MIP ဆိပ်ကမ်း၊ MITT ဆိပ်ကမ်းအုပ်ချုပ်ရေးမှူးက အခက်အခဲများကို တင်ပြခြင်း၊ သက်ဆိုင်ရာကုမ္ပဏီများမှ အခက်အခဲများကို တင်ပြခြင်း၊ ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ကြကြောင်းသတင်းရရှိပါသည်။

**ဗိုလ်ဇော်**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | ၂၁၀၀ စ/ပေ | (ပ) ထပ် | ၁၄ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ | (၁၃×၅၅) ပေ | (တ) ထပ် | ၆၀၀ သိန်း | လမ်းမကြီးနီး | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း | ၈၅၀ စ/ပေ | မြေညီ | ၁၅၀၀ သိန်း | အာရှတော်ဝင်အနီး | ၀၉/၉၇/၆၂၁၁၁၆၃ |
| ၄။ | ကွန်ဒို | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ | ၁၅၀၀ သိန်း | ၈၀ ရာခိုင်နှုန်းပြီးစီး | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | ကွန်ဒို | တာမွေမြို့နယ်၊ အဝိုင်းလေးရပ်ကွက် | ၁၆၀၀ စ/ပေ | (၄) လွှာ၊ MB (1) BR | ၁၂ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | ကွန်ဒို | ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်ကွက် | ၂၅၀၀ စ/ပေ | (1) MB, 2 BR | ၁၅ သိန်း | ၁ လအငှားနှုန်း အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | အိမ်/မြေ | သယ်န်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ | ၂၄၀၀ စ/ပေ | BN အိမ်ပါ MB (၃) ခန်း | ၈၅၀၀ သိန်း | ဂရန်မြေ | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | ခြံ/မြေ | ပြင်ဦးလွင်မြို့နယ်၊ ညောင်နီရွာ | ၅၀၀၀ စ/ပေ | သစ်သားအိမ်(၁)လုံးပါ | ၃၅၀ သိန်း | | ၀၉/၂၅/၃၈၂၈၂၀၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ (၄) လမ်း | ၁၅၀၀ စ/ပေ | RC (၁)ထပ် | ၁၃၅၀ သိန်း | | ၀၉/၂၅/၃၈၂၈၂၀၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ဝှစ်ရှ် (၂၀၀၃) | ယာယီ | ၁၇၈ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | အက်ဇီယို (၂၀၁၂) | ယာယီ | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | အာဗီအာ (၂၀၁၀) | ယာယီ | ၃၁၀ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ဗင်းဂတ် (၂၀၀၉) | ယာယီ | ၄၀၀ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | အာအေဗီ (၄) (၂၀၀၆) | ယာယီ | ၃၂၅ သိန်း | 2.4 ဓာတ်ဆီ |
| ၉။ | နီဆန်း/နတ် (၂၀၁၂) | ယာယီ | ၁၃၂ သိန်း | 1.3 ဓာတ်ဆီ |




# Colgate Palmolive ၏ ပညာသင်ဆု ရရှိသူများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်

Colgate Palmolive သည် ပြီးခဲ့သည့် ဇန်နဝါရီလမှ ဧပြီလအထိ ပြုလုပ်ခဲ့သည့် ပညာသင်ဆုကံစမ်းမဲအစီအစဉ်တွင် ဆုရရှိသူ ၃၅ ဦးအနက် ၁၀ ဦးကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်တွင် မေ ၁၆ ရက်ကကျင်းပခဲ့သည်။

Colgate Palmolive အနေဖြင့် မြန်မာနိုင်ငံရှိ မိသားစုများနှင့် ကလေးငယ်များ၏ ပညာရေးမျှော်မှန်းချက်များကို အထောက်အကူပြုစေနိုင်ရန် အကူအညီပေးသည့်အနေဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်မှ ပညာသင်ဆုအတွက် ကံထူးသူ ၃၅ ဦးအနက် ပထမဆုရရှိသူသုံးဦးအား တစ်ဦးလျှင် ပညာသင်ဆုငွေ ကျပ် ၅၄သိန်းစီနှင့် ဒုတိယဆုရရှိသူ ၃၂ ဦးကို တစ်ဦးလျှင်ပညာသင်ဆုငွေ ကျပ် ၅၄၀,၀၀၀ စီပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။ ဆုရရှိသည့်ကလေးငယ်များတွင် ကျောက်တော်၊ မကွေး၊ မြစ်ကြီးနား၊ စစ်ကိုင်းနှင့် ထားဝယ်မြို့တို့ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကလေးငယ်များပါဝင်ကြောင်း သိရသည်။

အဆိုပါ ပညာသင်ဆုအစီအစဉ်ကို မြန်မာနိုင်ငံတစ်ဝန်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လူတိုင်းပညာသင်ဆုကိုရရှိနိုင်ရန် ရည်ရွယ်၍ Colgate ၏ ၇၀ ဂရမ်၊ ၁၄၀ ဂရမ်နှင့် Super Strong သွားတိုက်ဆေးဘူးများကို ဝယ်ယူသုံးစွဲရုံဖြင့်အဆိုပါပညာသင်ဆုအစီအစဉ်တွင် ပါဝင်ကံထူးနိုင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဆုရရှိတဲ့သူတွေက များသောအားဖြင့် ကလေးငယ်တွေနဲ့ တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်တာကြောင့် ဒီပညာသင်ဆုဟာ သူတို့တွေရဲ့ပညာရေးအတွက် ခိုင်မာတဲ့အထောက်အပံ့ဖြစ်စေမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီလိုပညာသင်ဆုအစီအစဉ်တွေ စတင်လုပ်ဆောင်ခြင်းဟာ မြန်မာနိုင်ငံလိုဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် တကယ်ကိုအရေးပါပါတယ်။ ဒါကြောင့်ဒီလိုပညာသင်ဆုအစီအစဉ်တွေ ပိုပြီးများပြားလာတာကို မြင်ရတာဟာ တကယ်ကို ဝမ်းသာမိပါတယ်။ ဒ့ါအပြင် ကျွန်တော့် အနေနဲ့ ဒီလိုပညာသင်ဆုအစီအစဉ်တွေကို ပုဂ္ဂလိကကဏ္ဍရော၊ လူထုကပါ ပိုမိုပါဝင်ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့ အကြံပြုချင်ပါတယ်"ဟု ရန်ကုန်တက္ကသိုလ်မှ ကထိကဟောင်းတစ်ဦးဖြစ်သူ ဒေါက်တာခင်မောင်ညိုက ပြောကြားခဲ့သည်။

ကလေးများအတွက် ပညာရေးဆိုင်ရာ လိုအပ်ချက်များအား ကူညီထောက်ပံ့ပေးခြင်းသည် Colgate ၏ အဓိကကျသည့်လူမှုအကျိုးပြုလုပ်ငန်း ဆိုင်ရာရည်မှန်းချက်တစ်ခုဖြစ်ပြီး Colgate မှ ကမ္ဘာတစ်ဝန်းရှိ အမှန်တကယ်လိုအပ်လျက်ရှိသည့်ကလေးငယ်များအတွက် လုပ်ဆောင်ပေးခြင်း အစီအစဉ်များ၏တစ်စိတ်တစ်ဒေသလည်းဖြစ်သည်။ ကလေးငယ်များအတွက် နှစ်စဉ်လုပ်ဆောင်ပေးလျက်ရှိသည့် သွားနှင့်ခံတွင်း ကျန်းမာရေးလနှင့်"တောက်ပသောအပြုံး တောက်ပသောအနာဂတ်များ"အစီအစဉ်များမှတစ်ဆင့် ယနေ့အထိ ကလေးငယ်ပေါင်း သန်း ၈၀၀ ကျော်ကို အကူအညီများပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းများဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနား ကျင်းပမည်




စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းများဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲနှင့်ဟောပြောပွဲ (The 4th International Exhibition & Conference on Pharmaceutical & Medical Equipment Industry in Myanmar) ကို ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden ဟိုတယ်တွင် ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို Minh Vi Exhibition & Advertising Service Co., Ltd. မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း (MP-MEEA) နှင့် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအသင်း (MHPA) တို့၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ နိုင်ငံပေါင်း ၁၅နိုင်ငံမှ ပြသသူပေါင်း ၁၀၀ ကျော်တို့ကခေတ်မီဆေးရုံသုံးပစ္စည်းကိရိယာများ၊ ဆေးဝါးများကို လာရောက်ပြသကြမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

"ဒီပွဲကို ကျွန်တော်တို့အသင်းအနေနဲ့ ၂၀၁၃ခုနှစ်ကတည်းက စတင်ပြီး ပူးပေါင်းကျင်းပခဲ့တာပါ။ ၂၀၁၃ခုနှစ်က UMFCCI မှာကျင်းပခဲ့ပါတယ်။ အဲဒီတုန်းက ပြခန်းအနေနဲ့ရော လာရောက်ကြည့်ရှုတဲ့ အရေအတွက်ပါ သိပ်မများခဲ့ပါဘူး။ ဒါပေမယ့် နောက်နှစ်တွေမှာ MCC မှာ ကျင်းပခဲ့တဲ့အတွက် ဒုတိယအကြိမ်မှာရော တတိယအကြိမ်မှာပါ ပြခန်းအရေအတွက်ရော လာရောက်ကြည့်ရှုတဲ့သူ အရေအတွက်ပါ တိုးတက်လာတာကို မြင်တွေ့ရပါတယ်။ အခုပြပွဲကို ဇူလိုင် ၁၂ ရက်ကနေ ၁၄ ရက်အထိ ဒီ Rose Garden ဟိုတယ်မှာ ကျင်းပမှာဖြစ်ပါတယ်။"

"နိုင်ငံပေါင်း ၁၁ နိုင်ငံက ပြခန်းပေါင်း ၁၀၀ လောက်ပြသသွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ ဆေးနဲ့ ဆေးပစ္စည်းတွေကို စုံစုံလင်လင် ပြသသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍဟာ ဘယ်နိုင်ငံမှာမဆို အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရဟာ ကျန်းမာရေးကဏ္ဍကို ဦးစားပေး ဆောင်ရွက်လာတာတွေ့ရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက်ရန်ပုံငွေတွေကို ချထားပေးလျက်ရှိပါတယ်။ ဒီပြပွဲမှာ သာမန်ပြည်သူတွေ အသုံးပြုတဲ့ကျန်းမာရေးသုံးပစ္စည်းတွေကိုလည်း လာရောက်ပြသရောင်းချပေးမှာဖြစ်လို့ ပြည်သူတွေအနေနဲ့ လာရောက်ကြည့်ရှုကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ဒေါက်တာဝင်းစည်သူက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ပြောင်း

### မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်စခန်းများမှ ပြောင်းတန် တစ်သောင်းကျော်တင်ပို့ခဲ့

မေ ၇ ရက်မှ ၁၃ ရက်တာ ကာလအတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပြောင်းဖူးစေ့ ၉၄၅၀ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၇၅၂ တန်နဲ့ ချင်းရွှေဟော်မှ ၁၂၀၈ တန်ကျော် တင်ပို့ခဲ့ရာ စုစုပေါင်း ပြောင်း ၁၂၄၁၀ တန်ကျော် တန်ဖိုး ကန်ဒေါ်လာ ၃ ဒသမ ၂၁၈ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ မေပထမပတ်က မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ၂၉၇၄၂၀ ကျပ်ရှိခဲ့ရာမှ မေ ဒုတိယပတ်တွင် ၂၉၇၃၁၄ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းသွားတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှသိရပါတယ်။ ပြောင်းတင်ပို့မှုမှာ တစ်ရက်လျှင် ပြောင်းကားအစီး ၃၀-၄၀ ခန့်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ **မြင့်မြင့်မာ**

### အစေ့ထုတ်စီပီပြောင်းများ စစ်ကိုင်းတိုင်း ၌ အထွက်နှုန်းကောင်း

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံ အစေ့ထုတ်စီပီပြောင်း လျာထား စိုက်ဧက နှစ်သောင်းရှစ်ထောင်မှာ ဧက နှစ်သောင်းခြောက်ထောင်ကျော် စိုက်နိုင်ခဲ့သလို ရာခိုင်နှုန်းအားဖြင့် ၉၃ ရာခိုင်နှုန်းစိုက်နိုင်ခဲ့ပါတယ်။ ချောင်းဦးမြို့နယ် ဆူးလေကုန်းကျေးရွာ၊ ကြောင်ဝပ်ကြီးကျေးရွာ၊ ကြောင်ဝပ်ကလေးကျေးရွာ၊ ကျက်သွန်ဈေးကျေးရွာ၊ တောင်အင်းကျေးရွာ နှင့် ဝယာကျေးရွာများ၌ ဆောင်းနောက်ကျစိုက် အစေ့ထုတ်ပြောင်းများ မုံရွာကုန်စည်ဒိုင်သို့ သင်္ကြန်အပြီးကာလမှစ၍ ယခုအချိန်ထိ ဝင်ရောက်လျက်ရှိပါတယ်။ အစေ့ထုတ်ပြောင်း တစ်ဧက စိုက်ပျိုးမှု ကုန်ကျစရိတ် နှစ်သိန်းဝန်းကျင်ခန့် ကုန်ကျပြီး တစ်ဧက အထွက်နှုန်းမှာ တင်း ၆၀ မှ တင်း၈၀ကြားထွက်ရှိ၍ အမြတ်များစွာရရှိသဖြင့် တောင်သူများ ပြုံးပျော်လျက်ရှိကြောင်း ဝယာကျေးရွာမှ တောင်သူတစ်ဦးက ပြောပြလို့သိရပါတယ်။ ၂၀၁၆ ခုနှစ်မေလအတွင်း မုံရွာကုန်စည် ဒိုင်၌ အစေ့ထုတ်ပြောင်း တစ်တင်းပေါက်ဈေးမှာ အနိမ့် ကျပ် ၇၄၀၀၊ အမြင့် ကျပ် ၈၀၀၀ ဈေး အသီးသီးဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။ **သန်းသန်းတင်-မုံရွာ**

### စီပီပြောင်းများ ဈေးကောင်းရနေ၍ ပြောင်းစိုက်တောင်သူများ အဆင်ပြေ

ပဲမျိုးစုံထွက်တဲ့ မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်အတွင်းသို့ ပဲမျိုးစုံသာမက ပြောင်းဖူးစေ့စီပီများလည်း နေ့စဉ် လှိုင်လှိုင် ဝင်ရောက်လျက်ရှိနေပါတယ်။ ပြောင်းဖူးစေ့ကို ရေစကြို မြို့နယ်တွင် အများအပြားစိုက် ပျိုးပြီး ကိုကြီးကျော်နယ်ဟု အများသိသော ပခန်းငယ်၊ နန်းဦး၊ ထန်းတော၊ မိဖုရား၊ တေရော်ဟဿာကျွန်း၊ ကိုရင့်ရွာ စသည့်ရွာများနဲ့ ချင်းတွင်းမြစ်ကမ်း ဘေးမှာ အများအပြားစိုက်ပျိုးဖြစ်ထွန်းလျက်ရှိပါတယ်။ ဈေးနှုန်းမှာစီပီပြောင်း ရာသီအစက တစ်တင်း ကျပ် ၇၉၀၀ မှ ကျပ် ၈၀၀၀ ဈေးပေါက်ခဲ့ပြီး ပြောင်း လှိုင်လှိုင်ပေါ်လာချိန်မှာ ဈေးပြန်ကျခဲ့ကာ ကျပ် ၇၄၀၀ ပတ်ဝန်းကျင်အထိ ဈေးကျခဲ့ရာမှ ယခုအခါတွင် ကျပ် ၇၉၀၀ မှ ကျပ်၈၀၀၀ သို့ပြန်လည်မြင့်တက်လာပြီး တောင်သူများဝင်ငွေကောင်း၍ အဆင်ပြေလာတာနှင့် အမျှ အဝင်လည်းများရာ တစ်နေ့လျှင် အိတ် ရေ ၁၀၀၀ မှ ၁၅၀၀ အထိ အဝင်ရှိလာခဲ့ ပါတယ်။ ဒါကြောင့် ဒေသတွင်းမွေးမြူ ရေးသမားများရဲ့ ဝယ်ယူသုံးစွဲမှုသာမက ရန်ကုန်နှင့်မန္တလေးမြို့များသို့ ပို့ဆောင် ရောင်းဝယ်ရ၍ ပွဲရုံများအနေဖြင့်လည်း ထိုက်သင့်သည့် အကျိုးအမြတ်ရရှိကြောင်း သိရှိရပါတယ်။ စီပီပြောင်းဖူးသည် စိုက်ပျိုးရလွယ်ကူပြီး အခြားသီးနှံများကဲ့သို့ အပျက်အစီးမရှိဘဲ ဈေးကွက်ရှိနေတာကြောင့် တောင်သူအများစုမှာ နှမ်း၊ မိုးဆောင်းရာသီမရွေး စိုက်ပျိုးနေကြကြောင်း သိရှိရပါတယ်။ **ချယ်ရီမြင့်(ပခုက္ကူ)**

## သကြား

### တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ သကြားဖြူ တန်ချိန်လေးသောင်းခွဲကျော်တင်ပို့

မေ ၇ ရက်မှ ၁၃ ရက်တာကာလအတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက် တရုတ်နိုင်ငံသို့ သကြားဖြူ ၄၁၈၄၀ တန်ကျော်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ၃၈၀၅ တန်ကျော် စုစုပေါင်း ကန်ဒေါ်လာ ၂၅ ဒသမ ၇၄၂ သန်းတန်ဖိုးရှိ သကြားဖြူ ၄၅၆၄၅ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ သကြားဖြူ တန် ၁၀၀၀ ကျော်ပိုမိုတင်ပို့ခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ သကြားလိုအပ်ချက်ကြောင့် သကြားများပမာဏများစွာ နေ့စဉ်တင်ပို့နေရကြောင်း မူဆယ် ကုန်သည်များထံမှ သိရပါတယ်။ ဘုရင့်နောင် ကုန်စည်ဒိုင်မှာတော့ လက်လီတစ်ပိဿာပေါက်ဈေး ကျပ် ၁၂၀၀-၁၂၅၀ ဈေးရှိတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရပါတယ်။ **မြင့်မြင့်မာ**

# လုပ်ငန်းသုံး ယာဉ်ယန္တရားများအား နယ်စပ်စခန်းများမှ ပြန်လည်တင်သွင်းခွင့်ပြုပြီ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် လုပ်ငန်းသုံး ယာဉ်ယန္တရားများအား နယ်စပ်စခန်းများဖြစ်သည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် တာချီလိတ်ကုန်သွယ်ရေးစခန်းတို့မှ မေ ၂၃ ရက်မှစတင်ကာ ပြန်လည်တင်သွင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့တင်သွင်းခွင့်ပြုပေးရာတွင် ကုန်သွယ်ရေး ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့အနေဖြင့် အဆိုပါကုန်သွယ်ရေးဇုန်နှင့် ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းလာသည့် ယာဉ်ယန္တရားများအား သွင်းကုန်လိုင်စင်တွင် ပါရှိသည့်အချက်အလက်များနှင့် ကိုက်ညီမှုရှိမရှိစစ်ဆေးပြီး ကိုက်ညီမှုရှိမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါယာဉ်ယန္တရားတင်သွင်းခွင့်လိုင်စင် လျှောက်ထားရာတွင် Pick up အမျိုးအစားကိုမူ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်ပြုထားခြင်း မရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ၂၀၀၁ ခုနှစ်မှစ၍ လုပ်ငန်းသုံး ယာဉ်ယန္တရားများအား နယ်စပ်ကုန်သွယ်ရေးစခန်းအချို့မှ တင်သွင်းခွင့်ပြုပေးခဲ့သော်လည်း ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် အဆိုပါလုပ်ငန်းသုံးယာဉ်ယန္တရားများ တင်သွင်းခွင့်ကို ယာယီရပ်ဆိုင်းခဲ့သည်။

နိုင်ငံတော်အစိုးရသစ်အနေဖြင့် ရက် ၁၀၀ စီမံကိန်းအတွင်းဝန်ကြီးဌာနမှ ပြည်သူလူထုအကျိုးရှိစေရန် ပထမအဆင့်အနေဖြင့် ၂၀၁၆ ခုနှစ် မေ ၁ ရက်မှစ၍ ယခင်လိုင်စင်ရရှိထားပြီး နယ်စပ်မှတင်သွင်းရန် ကျန်ရှိသော မော်တော်ယာဉ်များအား တင်သွင်းခွင့်ပြုပေးခဲ့သည်။

ထို့ပြင် ကုန်သည်လုပ်ငန်းရှင်များနှင့် ကုန်တင်ယာဉ်ပြေးဆွဲသူများအပါအဝင် ပြည်သူလူထုအကျိုးဖြစ်ထွန်းစေရေးအတွက် ပြည်ပမှ လုပ်ငန်းသုံးယာဉ်ယန္တရားများတင်သွင်းမှုကို နယ်စပ်ကုန်သွယ်ရေးစခန်းသုံးခုမှ ပြန်လည်တင်သွင်းခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ဆောင်ရွက်ပေးခြင်းဖြင့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ပင်လယ်ရေကြောင်းမှ တင်သွင်းသည်ထက် အချိန်ကာလအားဖြင့် သုံးပတ်မှတစ်လအတွင်း သက်သာစေသကဲ့သို့ ကုန်ကျစရိတ်အနေဖြင့်လည်း အမေရိကန်ဒေါ်လာသုံးထောင်မှ ငါးထောင်အထိ သက်သာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရော်ဘာ

### ရော်ဘာ RSS သာမက ရော်ဘာစိမ်းနဲ့ သစ်ခွဲသားပါတင်ပို့

မေ ၇ ရက်မှ ၁၃ ရက်အထိကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၁ ဒသမ ၄၅၆ သန်းတန်ဖိုးရှိ ရော်ဘာ RSS ၁၄၁၂ တန်ကျော်၊ ကန်ဒေါ်လာ သုည ဒသမ ၂၉ သန်းဖိုးရှိ ရော်ဘာစိမ်း တန် ၂၀၀ နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းဖိုးရှိ ရော်ဘာသစ်ခွဲသား ၄၆ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 ၃၃၇ တန်ကျော်၊ ချင်းရွှေဟော်စခန်းမှ RSS-3 ၈၃၆ တန်နဲ့ MSR-20 ၂၀၉ တန်၊ လွယ်ဂျယ်စခန်းမှ RSS-3 တန် ၃၀၊ တာချီလိတ်စခန်းမှ ရော်ဘာစိမ်း တန် ၁၀၀ နဲ့ ကော့သောင်းစခန်းမှ သစ်ခွဲသား ၄၆ တန်ခန့် တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်မှာ ရော်ဘာဈေးအနည်းငယ်ကျသော်လည်း ရော်ဘာတင်ပို့မှု ပိုမိုလာတာ တွေ့ရပါတယ်။ ယခင်တစ်ပတ်ထက် ရော်ဘာ ၂၄၂ တန်ပိုမို တင်ပို့နိုင်ပြီး ရော်ဘာစိမ်းနဲ့ သစ်ခွဲသားမှာ ယခင်တစ်ပတ်ကတင်ပို့မှု မရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၅၉၂၇၉၄ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၅၉၂၂၂၇ ကျပ်သို့ ဈေးကျလာခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မေ ၈ ရက်မှ ၁၆ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၉၀၇ သန်းတန်ဖိုးရှိ ရော်ဘာ ၇၃၇ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး မလေးရှားနိုင်ငံသို့ RSS-3 ၃၂၆ တန်၊ MSR-20 တန် ၂၁၀ နဲ့ တရုတ်နိုင်ငံသို့ MSR-10 ၂၀၁ တန်ကျော် အသီးသီး တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၈၈၉ တန်လျော့နည်းခဲ့ပါတယ်။

ဧပြီလဆန်းပိုင်းလောက်က တက်လာခဲ့တဲ့ ရော်ဘာဈေးဟာ မေတတိယပတ်လောက်မှာ ပြန်ကျသွားခဲ့ပါတယ်။ ပျမ်းမျှအားဖြင့် တစ်တန်လျှင် ဒေါ်လာ ၁၉၀ မှ ၂၁၀ ကြား လျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေး တစ်တန်လျှင် ဒေါ်လာ ၁၆၀ ခန့်ကျလာတဲ့ အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်းပြန်ကျလာပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြလိုက်ပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၄၀-၁၃၄၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၁၀-၁၂၉၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၄၀-၁၂၄၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၉၀-၁၁၉၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၄၀-၁၁၄၀** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၉၀-၁၄၉၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၄၀-၁၂၄၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၉၀-၁၁၉၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၉၀-၁၀၉၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၄၀-၁၀၄၀** |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၁၀-၁၂၉၀** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၈၀၀-၈၅၀** |

**ယဉ်ယဉ်အေး**




## Blue Ocean Operating ကုမ္ပဏီနှင့် ထိုင်းနိုင်ငံမှ Creatlcom ကုမ္ပဏီတို့ပူးပေါင်း၍ Call Center ဆိုင်ရာ နည်းပညာများနှင့် ထုတ်ကုန်များအား မိတ်ဆက်

မြန်မာနိုင်ငံ၏ ပထမဦးဆုံး Call Center ကုမ္ပဏီ ဖြစ်သည့် Blue Ocean Operating Management ကုမ္ပဏီသည် ထိုင်းနိုင်ငံရှိ Call Center Solution နှင့် Cisco Device များကို ဝန်ဆောင်မှုပေးလျက်ရှိသည့် Createlcom ကုမ္ပဏီနှင့်ပူးပေါင်း၍ Contact Center Solution များကို မြန်မာနိုင်ငံသို့ မိတ်ဆက်ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ Hot Line ဖုန်းနံပါတ်တွေနဲ့ ပတ်သက်ပြီးလိုအပ်နေတဲ့ နည်းပညာတွေနဲ့ Hardwareတွေကို ပထမဦးဆုံးမိတ်ဆက်ပေးတာဖြစ်ပါတယ်။ မကြာမီကာလမှာ Contact Center တွေ၊ Emergency Alert Center တွေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ လူမှုစီးပွားရေးလိုအပ်ချက်တွေအရ ဖြည့်ဆည်းပေးဖို့ လိုအပ်နေတဲ့ အရာတွေပါ။ အစိုးရဌာနတွေ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေ၊ ဘဏ်တွေ၊ အာမခံကုမ္ပဏီတွေ၊ လေကြောင်းလိုင်းတွေ ဆေးရုံတွေနဲ့ ဆက်သွယ်ရေးဆိုင်ရာ ကုမ္ပဏီတွေမှာ ဒီ Contact Center ဝန်ဆောင်မှုတွေဟာ မရှိမဖြစ် အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာမှာဖြစ်တဲ့အတွက် အခုလို နိုင်ငံတကာအတွေ့အကြုံရှိတဲ့ Contact Center Solution ဝန်ဆောင်မှုတွေ ပေးအပ်နိုင်တဲ့ Createlcom Thailand ကုမ္ပဏီနဲ့ ကျွန်တော်တို့ Blue Ocean Operating Management Company တို့ ပူးပေါင်းပြီး ကျွမ်းကျင်ရာကဏ္ဍအလိုက် နိုင်ငံတော်နဲ့ အများပြည်သူတို့အတွက် လိုအပ်လာမယ့် Contact Center Solution တွေကို ပြီးပြည့်စုံစွာ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် မိတ်ဆက်ရတာဖြစ်ပါတယ်"ဟု Blue Ocean Contact Center ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးထွန်းထွန်းနိုင်က ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ စီးပွားရေးလုပ်ငန်းအသီးသီး အနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရေးအတွက် သတင်းအချက်အလက်နှင့်နည်းပညာကို အသုံးပြုရန် လိုအပ်ပါသည်။ ယင်းသို့ သတင်းအချက်အလက်နှင့်နည်းပညာကို လွယ်ကူမြန်ဆန်၍ အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်များကို ပေးနိုင်သည့် Contact Center များ၏ အခန်းကဏ္ဍသည် အရေးပါလာပြီဖြစ်သောကြောင့် အစိုးရဌာနဆိုင်ရာ အသီးသီးနှင့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးတို့၏ လိုအပ်ချက်များနှင့် သင့်လျော်သော Call Center များရှိစေရန် ယခုကဲ့သို့ ဝန်ဆောင်မှုများကို စတင်ခြင်းဖြစ် ကြောင်း သိရသည်။

"မြန်မာနိုင်ငံအနေနဲ့ ကြီးမားတဲ့ စီးပွားရေးတိုးတက်မှုတွေရရှိနိုင်မယ့် အခွင့်အလမ်းကောင်းတွေရှိနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်ဆိုတာကို စီးပွားရေးပညာရှင်များက သုံးသပ်ထားပေမယ့် မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အုံများ လိုအပ်လျက် ရှိနေပါတယ်။ လျင်မြန်စွာ ပြောင်းလဲနေတဲ့ အဆင့်မြင့်နည်းပညာရပ်တွေနဲ့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်စေဖို့ ပူးပေါင်းဆောင်ရွက်ခွင့်ရတာကို ကျွန်မအနေနဲ့ ဝမ်းမြောက်မိပါတယ်"ဟုCreatelcom Thailand မှ Managing Director ဖြစ်သူ Ms. Rungfar Siribunchawan က ပြောကြားသည်။

နိုင်ငံတကာအဆင့်မီ Cisco ၏ နည်းပညာများကို မြန်မာနိုင်ငံအတွင်းရှိ အစိုးရဌာနအသီးသီးနှင့် နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး အလုပ်လုပ်နေကြသော စီးပွားရေးလုပ်ငန်းများ ပြည်တွင်းမှာ ပင်လွယ်လင့်တကူ အသုံးပြုနိုင်စေရန် Createlecom Myanmar & Beyond Contact Center ကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Contact Center Solutions ကို အသုံးပြုခြင်းကြောင့် အလုပ်လုပ်ရာတွင် အချိန်နဲ့တစ်ပြေးညီ မိမိ၏ customer များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနိုင်သဖြင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန် လာမည်ဖြစ်ကြောင်း သိရသည်။

## မန္တလေးမြို့တွင် ဆက်သွယ်ရေးဝန်ဆောင်မှု သီးသန့်အလုပ်အကိုင်ပြပွဲကြီး ကျင်းပမည်

မန္တလေးမြို့အတွက်ဆက်သွယ်ရေး ဝန်ဆောင်မှုဆိုင်ရာ သီးသန့်အလုပ် အကိုင်ပြပွဲကြီးကို လာမည့်မေ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ယင်းအလုပ်အကိုင်ပြပွဲကို ဦးဆောင်ကျင်းပမည့် work.com.mm ၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။

အဆိုပါ အလုပ်အကိုင်ပြပွဲကြီးကို work.com.mm နှင့်မြန်မာနိုင်ငံ၏ အကြီးဆုံးဆက်သွယ်ရေးကွန်ရက် ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Ooredoo တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး Ooredoo Contact Center Mandalay Recruitment Day ဟုအမည်ပေးထားကြောင်း သိရသည်။

ယင်းအလုပ်အကိုင်ပြပွဲကြီးကို လာမည့်မေ ၂၈ရက်တွင် မန္တလေး Swan Hotel ၌ နံနက် ၉နာရီ မှ ညနေ ၅နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ မန္တလေးမြို့တွင် ယခုလအစောပိုင်းက အလုပ်အကိုင်ပြပွဲကြီးတစ်ခု ကျင်းပခဲ့ရာ အလုပ်လျှောက်ထားရန် လာရောက်သူ ၁၅၃၁ ယောက်နှင့် အခြားစုစုပေါင်း ၂၀၀၀ ဝန်းကျင်ခန့် တက် ရောက်ခဲ့ကြပြီး အထူးသဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်ဂျင်နီယာနှင့် ပြည်ပအခြေစိုက် ကုမ္ပဏီကြီးများတွင် အလုပ်လျှောက်ထားရန် စိတ်ဝင်စားမှုများပြားခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တွင် အလုပ်အကိုင် လိုအပ်ချက်များပြားသော်လည်း ယင်းကဲ့သို့ အလုပ်အကိုင်ပြပွဲကြီးများပြုလုပ်မှုနည်းပါးသည့်အတွက် ယခုကဲ့သို့ ဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာ သီးသန့်အလုပ်အကိုင်ပြပွဲကြီးတစ်ခုကို ပြုလုပ်ကျင်းပပေးရခြင်းဖြစ်ကြောင်းလည်း အလုပ်အကိုင်ရှာဖွေရေး ဝက်ဘ် ဆိုဒ် work.com.mm မှ သတင်း ထုတ်ပြန်ထားသည်။

ယင်းပြပွဲတွင် မြန်မာနိုင်ငံ၏ အကြီးမားဆုံး ဆက်သွယ်ရေးကုမ္ပဏီများထဲမှ တစ်ခုဖြစ်သော Ooredoo ကုမ္ပဏီကြီး၏ Contact Center တွင် တာဝန်ထမ်းဆောင်ရန် Customer Champion ၊ Team Leader နှင့် Manager ရာထူးများကို ခေါ်ယူသွား မည်ဖြစ်ပြီး ယင်းရာထူးများအတွက် လူအယောက် ၁၀၀ ဝန်းကျင်ကို ပြပွဲ၌ အင်တာဗျူး၍ တိုက်ရိုက် အလုပ်ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဘွဲ့ရကာစသူများသာမက အတွေ့အကြုံရှိသူများ၊ ကျား/မ မရွေးဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်ဖူးသူနှင့် အလုပ်ချိန်အတိုင်း အလှည့်ကျ တာဝန်ထမ်းဆောင်နိုင်သူများကို ဦးစားပေးခန့်အပ်သွားမည်ဟုလည်း သိရသည်။

အဆိုပါအလုပ်အကိုင်ပြပွဲကြီးသို့ လာရောက်ရန်အတွက် work.com.mm ၏ ဝက်ဘ်ဆိုဒ်နှင့် Facebook တို့တွင် ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်မည့်အပြင် ပြပွဲ ကျင်းပသောနေ့၌လည်း မိမိတို့၏ အလုပ်လျှောက်လွှာများကို ယူဆောင်လာခဲ့ရန်လည်း လိုအပ်ကြောင်း သိရသည်။ အသေးစိတ်ကို ၀၉-၂၆၁၆၀၁၀၉၅ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း work.com.mm မှ သတင်းပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေး မန်နေဂျာ မဇင်မာသက်မွန်က ပြောကြားခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းအွန်လိုင်းစီးပွားရေးအခြေပြု လုပ်ငန်းများ ယခင်နှစ်များကထက် ပိုမိုမြင့်တက်လာ

နည်းပညာများတိုး တက်လာသည်နှင့်အမျှ အွန်လိုင်းရှော့ပင်းများ၊ အွန်လိုင်းစတိုးများနှင့် အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများစသည့်အွန်လိုင်းအခြေပြုလုပ်ငန်းများသည် ယခင်နှစ်များကထက် ပိုမိုမြင့်တက်လာပြီဖြစ်ကြောင်းသိရသည်။

အချို့သောစီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လူမှုကွန်ရက်ဝက်ဘ်ဆိုက်များဖြစ်သည့် ဖေ့စ်ဘုတ်စာမျက်နှာများတွင် အရောင်းမြှင့်တင်ရေးလုပ်ငန်းများကို ပြုလုပ်လာကြသကဲ့သို့ ၎င်းတို့၏ဘလော့ဂ်စာမျက်နှာများတွင်လည်း စီးပွားရေးကြော်ငြာလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အွန်လိုင်းအခြေပြုစီးပွားရေးလုပ်ငန်းများသည် ရန်ကုန်မြို့တွင်သာမက မန္တလေး၊ နေပြည်တော်စသည့်မြို့များအပါအဝင် နယ်မြို့များအထိပါ လူသိများလာခဲ့သည်။

မြန်မာနိုင်ငံအတွင်း အွန်လိုင်းအခြေပြုစီးပွားရေးလုပ်ငန်းများအနက် Shop.com.mm ဝက်ဘ်ဆိုက်အတွင်းသို့ ဝင်ရောက်ကြည့်ရှုသူဦးရေမှာ တစ်လလျှင် သုံးသိန်းကျော်အထိ ရှိနေပြီး မြန်မာနိုင်ငံတွင် ဝင်ရောက်ကြည့်ရှုသူအများဆုံးသောအွန်လိုင်းရှော့ပင်းတစ်ခုဖြစ်ကြောင်း Shop.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Shop.com.mm တွင် ပစ္စည်းဝယ်ယူသူများသည် ပစ္စည်းလက်ခံရရှိမှသာ ငွေပေးချေရမည်ဖြစ်ပြီး အဆင်မပြေပါက ခုနစ်ရက်အတွင်း ပြန်လည်လဲလှယ်နိုင်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဝက်ဘ်ဆိုက်တွင် မိမိ၏ကိုယ်ပိုင်အီးမေးလ်လိပ်စာဖြင့် မှတ်ပုံတင်ခြင်းကို ပြုလုပ်ပါက မည်သူမဆို ကျပ်လေးသောင်းနှင့် အထက်ဝယ်ယူသူတိုင်းအတွက် ကျပ်တစ်သောင်းတန် ကူပွန်ကတ် မေတ္တာလက်ဆောင်ပေးအပ်ချီးမြှင့်ပေးသည့် အစီအစဉ်ကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

## မူဆယ်တွင် လေပြင်းများ တိုက်ခတ်



ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့တွင်မေ ၁၇ ရက်နံနက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခဲ့ရာ မူဆယ်မြို့ သိန်းသန်းချီကားဝင်းနှင့် မြို့ထွက် ဝန်ထမ်းအိမ်ရာလမ်းဘေး မီးတိုင်များ ပြိုလဲခြင်း၊ မီးကြိုးများပြတ်တောက်ခြင်း၊ သစ်ကိုင်းများ ကျိုးကျခြင်း၊ တယ်လီဖုန်းလိုင်းကြိုးများ ပြတ်တောက်ခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

အဆိုပါ ပျက်စီးမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိ ရပါသည်။

**အယ်လ်စိုး**
**(မူဆယ်ခရိုင် ပြန်/ဆက်)**

AGRO MYANMAR 2016

မြန်မာ့ စိုက်ပျိုးရေး ဓာတုဆေးများဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲ
နှင့် ဟောပြောပွဲအစမ်းအနား

ဖွန်လ ၈ရက် နှင့် ၉ရက်၊ ၂၀၁၆ခုနှစ်
မြန်မာကွန်ဗင်းရှင်းစင်တာ၊ MCC ခန်းမ၊ ရန်ကုန် မြန်မာ

ဖွင့်ချိန် မနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီထိ

၂၀၁၆ မြန်မာ့ စိုက်ပျိုးရေး ဓာတုဆေးများဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲသည် မြန်မာစိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသော ပြပွဲတစ်ခုဖြစ်ပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဈေးကွက်သစ် ထိုးဖောက်နိုင်ရန် အခွင့်အလမ်း များနှင့်အတူ ဆန်းသစ်သော အတွေးအခေါ်များ ၊ အရေးပါသော ဈေးကွက်သတင်းအချက်အလက်များကို ထိရောက်စွာ ဖလှယ် နိုင်ကြမည်ဖြစ်ပါသည်။

တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ ဗီယက်နမ်၊ စင်ကာပူ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၉၀ ကျော်မှ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး ထုတ်လုပ်ဖြန့်ဖြူးသည့် ကုမ္ပဏီများ အပါအဝင် စိုက်ပျိုးရေးသုံး စက်ပစ္စည်းဆိုင်ရာ ထုတ်လုပ်ဖြန့်ချိရောင်းချကြသူများ ပါဝင်ပြသကြမည် ဖြစ်ပါသည်။

အီးမေးလ် - jasmine.ttm@veas-exhibitions.com/ jasmine.veas@gmail.com
ဖုန်းနံပါတ် ၀၉-၄၂၀၀၂၅၆၄ (Ms.Jasmine)
ဆီသို့ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

www.agriculture-exhibition.com/agro-myanmar-a90.html
www.myanmar.agrochemexworld.com

ကံစမ်းမဲ အစား လာရောက်လည်ပတ်သူများကို
တစ်ရက်လျှင် လက်ဆောင် အခု၅၀၀ ပေးမည့်အစီအစဉ်။

စီစဉ်သူ — CCPIA, CNCIC, VEAS

ထောက်ပံ့ထားသူများ — MFVP, AGROW

ထောက်ပံ့သူ — MIO, OCC

မီဒီယာပံ့ပိုးပေးသူများ — THE Farmer

BGWD

BAWGAWADI COMPANY LIMITED

ဘောဂဝတီကုမ္ပဏီလီမိတက်

AUTOMOBILE TIMMING BELTS




**Shop:** Ka/38, No.17/18/19/20, Bayintnaung Market, Myatnarsartan, Mayangone Township, Yangon, Myanmar.

**Tel:** (95-1) 682551, 682554, 682627 **E-mail:** bawgawadiyangon@gmail.com

**Website:** www.bawgawadi.com.mm

# ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အနာဂတ်အခွင့်အလမ်းများနဲ့ သီဟိုဠ်ကုန်ချောပြည်ပသို့တိုက်ရိုက်တင်ပို့တော့မည်



ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန်များတွင် တစ်ခုအပါအဝင်ဖြစ်တဲ့ နှစ်ရှည်သီးနှံသီဟိုဠ်စေ့မှာ ရာသီကုန်စည်အဖြစ် ဈေးကွက်သို့ဖေဖော်ဝါရီလတွင် ဝင်ရောက်ပြီး ဧပြီ၊ မေ မိုးရွာသွန်းချိန်အစေ့မှာ မိုးထိပါက မဲသွားပြီး၊ သီဟိုဠ်ရာသီပြီးဆုံးသွားကြောင်း ပုသိမ်မြို့ ပတ်ဝန်းကျင်မြို့နယ်/ကျေးရွာများမှ သီဟိုဠ်ထွက်ရှိချိန်ကုန်ကြမ်းများကို မြို့ပေါ်တွင် အဝယ်ဒိုင် (၁၀)ခုခန့်နှင့်ဝယ်ယူပြီး ပုသိမ်မြို့ပေါ်တွင် သီဟိုဠ်ကုန်ချောထုတ်လုပ်သည့် သရဖူအလုပ်ရုံသာ ရှိ၍ ဈေးကွက်ရှိကုန်ကြမ်းများကို ရန်ကုန်မြို့သို့တင်ပို့ရောင်းချမှုရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

သာပေါင်းမြို့နယ် ကြက်သွန်ကွင်းကျေးရွာနေ ဧရာဝတီတိုင်းဒေသကြီး သီဟိုဠ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးရဲခင်က မိမိတို့မြို့နယ်တွင် သီဟိုဠ်စိုက်ဧက ၁၂၀၀၀ ကျော်ရှိပြီး သီဟိုဠ်စေ့ကုန်ကြမ်းကို ရောင်းချရခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချနိုင်လျှင် အကျိုးအမြတ်ပိုမိုရရှိ၍ မိမိတို့ဒေသပိုမိုဖွံ့ဖြိုးလာနိုင်ပြီး၊ ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမှာဖြစ်ကြောင်း၊ ယခင်သီဟိုဠ်ထွက်ရှိချိန် ပုသိမ်ဈေးကွက်သို့ သွားရောက်ရောင်းချရာတွင် ခြံရှင်များမှာ ကားတန်ဆာခနှင့် သွားလာစရိတ်များကုန်ကျမှုရှိပြီး၊ ယခုအခါ မိမိတို့မှာ ကုန်ချောထုတ်လုပ်ရန် အဝယ်ဒိုင်ဖွင့်လှစ်၍ မြို့ပေါ်ပေါက်ဈေးနှုန်းအတိုင်း ဈေးဖွင့်ဝယ်ယူသဖြင့် အချိန်ကုန်၊ ငွေကြေးကုန်ကျစရိတ်များ လျှော့ချနိုင်တာကြောင့် ဒေသခံသီဟိုဠ်ခြံရှင်များ ပို၍အဆင်ပြေသွားကြောင်း သိရပါတယ်။ သီဟိုဠ်စေ့ ကုန်ချောထုတ်လုပ်ခြင်းကို ၂၀၁၅ ခုနှစ်တွင် လုပ်သားအင်အား ၂၀/၂၅ ဦးဖြင့် စတင်ခဲ့ရာ ယခု ၂၀၁၆ ရာသီမှာ လုပ်သားအင်အား ၃၅/၄၀ ဦး တိုးချဲ့ဆောင်ရွက်နိုင်ပြီး၊ လာမည့်ရာသီမှာ လုပ်ငန်းကို ထပ်မံတိုးချဲ့နိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ၎င်းကပြောပါတယ်။

သီဟိုဠ်ကုန်ကြမ်း သိုလှောင်ရာတွင် ငါးရက်ခန့် နေပူလှမ်းပြီး သိုလှောင်ရကြောင်း၊ သိုလှောင်ရာတွင် သီဟိုဠ်စေ့မှာ အစိုဓါတ်ရှိလို့မရဘဲ အစိုဓါတ်ရှိလျှင် မှိုလိုက်လာကာ ပျက်သွားကြောင်း၊ ယခုနှစ်တွင် ကုန်ချောထုတ်လုပ်ရန် သီဟိုဠ်စေ့ ကုန်ကြမ်း ပိဿာချိန်တစ်သိန်းခွဲနှစ်သိန်းခန့် သိုလှောင်ထားကြောင်း၊ နှစ်ပတ်လည်ကုန်ချောထုတ်လုပ်၍ ရန်ကုန်မြို့သို့ တစ်လလျှင် တစ်ခါက်နှုန်းဖြင့် ကီလို ၃၀၀၀ ခန့်ကို KKL ကုမ္ပဏီသို့ တင်ပို့ပြီး၊ ၎င်းမှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့မှုရှိကြောင်း၊ နောက်ပိုင်းနှစ်များတွင် ကုမ္ပဏီထူထောင်၍ ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်ရန် စီစဉ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ သီဟိုဠ်ကုန်ချောထုတ်လုပ်ရာတွင် ကုန်ကြမ်းကို မီးသွေး၊ ထင်းမီးဖိုနှင့် ပေါင်းပြီး တစ်ခါပေါင်းလျှင် ပိဿာချိန် ၂၀ ခန့်ပေါင်း၍ ပေါင်းပြီးသား သီဟိုဠ်စေ့ကို ဆန်ကာ၊ ဗန်းနှင့်ထည့်ကာ ၁၂ နာရီခန့် ကြာအောင်အပူပေး မီးကင်ရကြောင်း၊ မီးကင်ပြီး ရရှိတဲ့ သီဟိုဠ်စေ့ကို ခွဲစက်တင် အခွံခွာ၍ အဆံကို သီးသန့်ထုတ်ယူပါက၊ သီဟိုဠ်စေ့ကုန်ချောများကို ရရှိကြောင်း၊ လုပ်အားခအနေဖြင့် အနိမ့်ဆုံး အလုပ်သင်သူကို ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ ပေးရပြီး၊ နေလှမ်းတဲ့ နေ့စားကို တစ်နေ့ ကျပ် ၃၀၀၀ မှ ၄၀၀၀ ပေးရကြောင်းနှင့် သီဟိုဠ်စေ့ ကုန်ချောခြစ်သူမှာလည်း တစ်နေ့ဝင်ငွေ ကျပ် ၃၀၀၀ မှ ကျပ် ကျပ် ၄၀၀၀ အထိဝင်ငွေရရှိကြောင်း၊ သီဟိုဠ်စေ့ ကုန်ချောကို လုံးချောခြမ်းဝိုင်း (၁)၊ (၂)၊ (၃) ဟူ၍ ခွဲခြားထားပြီး ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိ ကြောင်း၊ မန္တလေး၊ရန်ကုန်မြို့ရှိ ထိုးမုန့်လုပ်ငန်းရှင်နှင့် မုန့်လုပ်ငန်းရှင်များ၊ ဒန်ပေါက်ဆိုင်များ၊ အအေးဆိုင်များ၊ ဟိုတယ်များတွင် ပြည်တွင်းစားသုံးမှုအနေဖြင့် ဈေးကွက်သို့ ရောင်းချပြီး၊ ပြည်ပဈေးကွက်သို့ လုံးချောအဆင့်သာ တင်ပို့ရောင်းချကြောင်း ကြက်သွန်ကွင်းကျေးရွာနေ သီဟိုဠ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရဲခင်ကပြော ပါတယ်။ သီဟိုဠ်စေ့မှာ ဓာတ်မြေဩဇာမသုံးတဲ့ သဘာဝအော်ဂဲနစ်သီးနှံဖြစ်ပြီး၊ စားသုံးသူများ အန္တရာယ်ကင်းရှင်းမှုရှိကြောင်း ၎င်းက ပြောကြားခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးမှူး ဦးထွေးသိမ်းက ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရာတွင် ထုပ်ပိုးမှု ပါကင်အရည်အသွေးကောင်းရန်လည်း လိုအပ်ကြောင်း၊ သီဟိုဠ်စေ့ အရည်အသွေးမီရန်သာမက မိမိထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေ ရန်အတွက် ထုပ်ပိုးမှု၊ ပါကင်အရည်အသွေး စံချိန်စံညွှန်းမီရန်လည်း လိုအပ်၍ သီဟိုဠ်စေ့ အရည်အသွေးသာမက မိမိထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရန်လည်း လုပ်ငန်းရှင်များမှ အလေးထား ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသွားပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

## “သရက်သီးပြည်ပတင်ပို့မှု ဖွံ့ဖြိုး တိုးတက်ရေး” အလုပ်ရုံ ဆွေးနွေးပွဲ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ “ သရက်သီးပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက် ရေး ” အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၆ ရက်တွင် ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း သတင်းရရှိပါတယ်။

အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ သရက်သီး စိုက်ပျိုးထုတ်လုပ်သူများ စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပတင်ပို့ရောင်းချရာတွင် စံချိန်စံညွှန်း ကိုက်ညီရေး၊ သရက်သီးစိုက်ပျိုးထုတ်လုပ်မှု၊ ထုတ်ပိုးမှု၊ သိုလှောင်မှု၊ အရည်အသွေးစီမံခန့်ခွဲမှုနဲ့ စမ်းသပ်စစ်ဆေးမှုဆိုင်ရာ သုတေသန ဖွံ့ဖြိုးရေးနဲ့ နည်းပညာပေးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရပါတယ်။

**စိုးအောင်-(မန္တလေး)**

## MAPCO Co.,Ltd ၏ မြောင်းမြဂုန်နီစက်ရုံတွင် စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူး ဦးတိုးလွင်နဲ့ဝန်ထမ်းများက မြောင်းမြမြို့ MAPCO Co.,Ltd ၏ မြောင်းမြ ဂုန်နီစက်ရုံတွင် စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲကို မေ ၆ ရက်က ကျင်းပခဲ့ပါတယ်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူးဦးတိုးလွင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနဲ့ ဌာနရဲ့ရှေ့ဆက်ဆောင်ရွက်နေတဲ့ လုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဒုတိယဦးစီးမှူး ဒေါ်ချယ်ရီမြင့်၊ အကြီးတန်းစာရေး ဦးကိုကိုမောင်နဲ့ ဒုတိယ ဦးစီးမှူး ဦးလှထွဋ်ဦးတို့က လက်ရှိဆောင်ရွက်နေတဲ့ စားသုံးသူလုပ်ငန်းများ၊ ဓာတုဆေးသုံးစွဲထားတဲ့ အစားအသောက်များ၊ တားမြစ်ထားသော စားသောက်ကုန်များ၊ မှတ်ပုံတင်မထားသည့် ဆေးဝါးများ နဲ့ သက်တမ်းလွန်ဆေးဝါးများ၊ ဝန်ဆောင်မှုနဲ့ စားသုံးသူရဲ့ အခွင့် အရေးနဲ့တာဝန်များကို ဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာသူများကို စားသုံးသူရေးရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါတယ်။ အဆိုပါ စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲသို့ ဝန်ထမ်းစုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**လှထွဋ်ဦး(စားသုံးသူ)၊ မြောင်းမြမြို့**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Ph:081-2121615, Fax:081-2121627,<br>email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၃-၅-၂၀၁၆ မှ ၂၉-၅-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အပြိုင်အဆိုင်ပြဿနာအခက်အခဲမှန်သမျှကို စိတ်ဓာတ်ခိုင်ခိုင်မာမာ ကြိုးစားပါက အောင်မြင်တိုးတက်မှုရှိပါလိမ့်မည်။ စီးပွားရေးသမားများထံတွင် နည်းနာခံ၍လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ စာအုပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေး လုပ်ငန်း များ တွင်ကျယ်တိုးတက်ကာ စီးပွားဖြစ်ထွန်းလာတတ်ပါသည်။ ဉာဏ်ပညာ ပွင့်လင်းနေမည်။ ကျန်းမာရေးတွင် ဦးခေါင်းခြေလက်တို့တွင် ထိခိုက်ဒဏ်ရာရတတ်ခြင်း၊ သွားဖုံးရောင်ခြင်း၊ သွားကိုက်သွားနာရောဂါတို့ခံစားရတတ်ပါသည်။ အချစ်ရေး အိမ်ထောင်ရေးတွင် ခင်မင်ရင်းနှီးသော အပေါင်းအသင်းများထဲမှ ချစ်သူကြင်ဖက်ဖြစ်ရတတ်သည်။ မိမိဩဇာလွှမ်းမိုးမှုရှိမည်။

**ယတြာ။ ။ သာသနာ့ပွဲလှူဒါန်းပေးပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ကိုင်ချင်သောလုပ်ငန်းများကို မဖြစ်ဖြစ်အောင်လုပ်ကိုင်ဆောင်ရွက်မည်ဟူသော စိတ်ဓာတ်ရှိနေတတ်ပါသည်။ စီးပွားရေးတွင် အရည်ရွှမ်းသော အသီးအနှံများ အဖျော်ယမကာလုပ်ငန်း၊ စားသောက်ကုန်ပစ္စည်းများအကျိုးပေးပါသည်။ ပညာရေးတွင် ဆရာသမားများ၏ အကူအညီပေးမှုများရရှိတတ်သည်။ ကျန်းမာရေးအနေဖြင့် သွေးကြော ပေါက်ခြင်း၊ ဝမ်းဗိုက်အစာအိမ်၊ အစာမကြေ၊ လေထိုးလေအောင့် ရောဂါဖြစ်တတ်ခြင်း စသည်တို့သတိပြုသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ကံကောင်း နေမည်။ အခွင့်အရေးတစ်ခုကိုစောင့်ဆိုင်းနေရတတ်ပါသည်။

**ယတြာ။ ။ ဘုရားတွင် ရေသက်စေ့သပ္ပာယ်ပါ။**



**အင်္ဂါသားသမီးများအတွက်** အိုးအိမ်တိုက်တာမြေယာယာဉ်ကားနှင့် ပတ်သက်ပြီး ကံကောင်းခြင်းတို့ကြုံသော်လည်း ထိုကိစ္စများအတွက် အရှုပ်အထွေးပြဿနာ အမှုအခင်းရှင်းရခြင်းတို့လည်း ကြုံရ တတ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် ပိုမိုအကျိုးဖြစ်ထွန်းတတ်ပါသည်။ မပြီးပြတ်သေးသောလုပ်ငန်းများကိုကြိုးစားလုပ် ဆောင်နေရတတ်ပါသည်။ ပညာရေးတွင် ကံကောင်းနေသည်ဟုဆိုရပါမည်။ အချစ်ရေး၊ အိမ်ထောင်ရေး တွင် စိတ်ရင်းအတိုင်း ပေါင်းသင်းဆက်ဆံ၍မရတတ်ပါ။ ကျန်းမာရေးတွင် အကြောဝေဒနာခံစားရမှုရှိတတ်သည်။ ဆီးနှင့်ပတ်သက်သော ဝေဒနာကို သတိထားသင့်ပါသည်။

**ယတြာ။ ။ သစ်တော်သီးကို ဘုရား၊ ရဟန်းများကို လှူဒါန်းမှုပြုပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** တစ်ခါတစ်ရံသတိမေ့သလိုဖြစ်ခြင်း၊ သမာဓိအားနည်းပြီးမှတ်သားနိုင်မှုကြံ့ဆမှု သိပ်မထိရောက်ခြင်းဖြစ်နေတတ်သည်။ စီးပွားရေးတွင် အနုပညာပစ္စည်းများ၊ အနုပညာလုပ်ငန်းတို့မှ အောင်မြင်မှုထင်ပေါ် ကျော်စောမှုများရှိတတ်ပါသည်။ ပညာရေးအောင်မြင်နိုင်ပါသည်။ ပညာရေးအတွက် စိတ်အနှောင့်အယှက်မဖြစ် သင့်ပါ။ အရှေ့တိုင်းဘာသာရပ်တို့နှင့် အကျိုးပေးတတ်ပါသည်။ ကျန်းမာရေးတွင် အပူကြီး၍ဖြစ်သော အဖျားရောဂါသတိရှိသင့်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်သူထံမှ ဝမ်းသာစရာသတင်းကြားရပြီး အိမ်ထောင်စောစောကျတတ်သောသဘော ရှိနေတတ်ပါသည်။

**ယတြာ။ ။ ဂုဏ်တော် ကိုးပါးရွတ်ဖတ်ပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** မိဘများအပေါ် ပေးကမ်းလှူဒါန်းခြင်းများနှင့် ဆွေမျိုးညီအကိုမောင်နှမများအပေါ် တွင်ထောက်ပံ့ပေးကမ်းမှုများ ပြုရတတ်ပါသည်။ စီးပွားရေးတွင် ရွှေရောင်းဝယ်ရေး၊ ဘဏ်လုပ်ငန်းများ အကျိုးဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ ပညာရေးကံကောင်းမည်။ စိတ်ပညာအကျိုးပေးမည်။ ကျန်းမာရေးတွင် အာရုံကြောရောဂါ၊ ရိုးတွင်းချဉ်ဆီခမ်းခြောက်သောရောဂါတို့ကို သတိရှိသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်နေသဘောထား ကိုက်ညီမှုရှိသူနှင့် အိမ်ထောင်ပြုရတတ်သည်။ ပျော်ရွှင်ရလိမ့်မည်။

**ယတြာ။ ။ သင်္ကြားလှူပါ။**



**သောကြာသားသမီးများအတွက်** အခွင့်အရေးရသည်နှင့် အချိန်အခါကိုသုံးသပ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စွမ်းရှိနေတတ်သည်။ စီးပွားရေးတွင် သူတစ်ပါးထက်သာလွန်အောင်ကြိုးစားနိုင်စွမ်းရှိတတ်သည်။ ဥယျာဉ်ပန်းမာလာနှင့် ပတ်သက် သောအနုပညာလုပ်ငန်းခွင်တွင် ထင်ပေါ် ကျော်ကြားနေမည်။ ဇိမ်ခံပစ္စည်းများနှင့် မင်္ဂလာအခမ်းအနားဆင်ယင်မှုအနုပညာလုပ်ငန်းမှ ဝင်ငွေကောင်းလိမ့်မည်။ ပညာရေးတွင် ဝီရိယအနည်းငယ်စိုက်၍ကြိုးစားမည်ဆိုလျှင် ပညာရေးအောင်မြင်နိုင်ပါသည်။ ဆေးဝါးကျွမ်းကျင်ပညာရပ်နှင့် အကျိုးပေးမည်။ အချစ်ရေးတွင် စိတ်ဝင်စားမှုအားနည်းနေလိမ့်မည်။ အိမ်ထောင်ရှိပြီးသူနှင့် ချစ်သူကြင်ဖက်ဖြစ်ရတတ်သည်။

**ယတြာ။ ။ နေ့အလိုက်ကံပွင့် ဂါထာရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံမှုငွေကြေးနည်းပါးစွာဖြင့် စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ရာတွင် အထူးကြိုးစား၍ဆောင်ရွက်လုပ်ကိုင်ရတတ်ပါသည်။ ကျန်းမာရေးတွင် ခေါင်းအုံခြင်း၊ ဇက်ထိုးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ဖြစ်တတ်သည်မှအပ ကြီးကျယ် သောရောဂါများမရှိပါ။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အဝေးခရီးရောက်ပြီးမှ သံယောဇဉ်တွယ်မှုဖြစ်ပြီး ချစ်သူအိမ်ထောင်ဖက်အဖြစ်သို့ ရောက်ရှိလာတတ်ပါသည်။

**ယတြာ။ ။ ဒူးယင်းသီးလှူပါ။**

# ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် တွေ့ဆုံဆွေးနွေးခြင်း

မြန်မာကုန်သွယ်မှုဗဟိုဌာန (MTC) နှင့် ပတ်သက်၍ ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာအကူအညီများအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးခြင်းများကို ၂၀၁၅ ခုနှစ်၊ မေလမှစတင်၍ ပြုလုပ်လျက်ရှိရာ မေ ၁၈ ရက် နံနက် ၈ နာရီတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် (၅) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယထပ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ GIZ, JICA, JETRO, KOTRA နှင့် ကုန်သွယ်မှု မြှင့်တင်ရေးလုပ်ငန်း အဖွဲ့တို့မှကိုယ်စား လှယ်များ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးမှ ယခင်အစည်းအဝေး မှတ်တမ်းကောက်နုတ်ချက်များကို အတည်ပြုပြီး၊ Myantrade ဖွဲ့စည်းတည်ထောင်ဆောင်ရွက်နေမှုလုပ်ငန်းရပ်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ စသည်တို့ကို ရှင်းလင်းဆွေးနွေးပါသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဖွံ့ဖြိုးမှုမိတ်ဖက်များက မိမိတို့အဖွဲ့အစည်းအလိုက် ဆောင်ရွက်နေမှုများ၊ ပံ့ပိုးပေးနိုင်သည့် လုပ်ငန်းနယ်ပယ်များနှင့် ဆောင်ရွက်ရန်ရှိသည့် အစီအစဉ်များတို့ကို တင်ပြဆွေးနွေးကြပါသည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့များ အလိုက်လာမည့် ခြောက်လအတွင်း ဆောင်ရွက်ရန်ရှိသည့် အစီအစဉ်များဖြည့်သွင်းခြင်း (Activity Mapping) ကိုပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**NES Unit**

# BuildTech Yangon 2016 ပြပွဲ ပြသမည်




မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် စင်ကာပူ ပရက်စ်ဟိုးလ်ဒင်း၏ လုပ်ငန်းခွဲတစ်ခု ဖြစ်သည့် Sphere Exhibits တို့ ပူးပေါင်းကျင်းပသည့် BuildTech Yangon 2016 ပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် မေ ၂၆ ရက်မှ ၂၈ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသည် တတိယအကြိမ်မြောက်ပြသသည့် ပြပွဲတစ်ပွဲဖြစ်ပြီး ယခုပြပွဲသို့ နိုင်ငံပေါင်း ရှစ်နိုင်ငံတို့မှ ပြခန်း ပေါင်း ၆၀ ခန့်ဖြင့် လာရောက်ပြသကြမည်ဖြစ်သည်။

ပြပွဲတွင် လုပ်ငန်းခွင်သုံးဆောက်လုပ်ရေးယန္တရားနှင့် ကိရိယာများ၊ အဆောက်အအုံပစ္စည်းများ ဗိသုကာဆိုင်ရာဖြေရှင်းချက်များ၊ အိမ်တွင်းသက်မွေးမှုလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို ပြခန်းအသီးသီးတွင် ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ ဩစတြီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့မှ ပြခန်းပေါင်း ၆၀ ခန့်ဖြင့် ပြသကြမည်ဖြစ်သည်။

ယင်းပြပွဲတွင် ဟောပြောပွဲများကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ တက်ရောက်လာသည့် အင်ဂျင်နီယာများအနေဖြင့် CPD Hour ကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ထည့်သွင်းကျင်းပမည့် ဟောပြောပွဲများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်း ထည့်သွင်းဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

အဆောက်အအုံဆောက်လုပ်ရေးကဏ္ဍသည် မြန်မာ့ဆောက်လုပ်ရေးကဏ္ဍ၌ ဒုတိယအကြီးမားဆုံးဈေးကွက်တစ်ခုဖြစ်ပြီး အမေရိကန်ဒေါ်လာ ၇၆၅ သန်းရှိကြောင်း သိရသည်။

**မယ်သီတာ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် သူငယ်တန်းသင် ဆရာ/ဆရာမများ လေ့ကျင့်သင်တန်းပေးရေး ဆင့်ပွားသင်တန်းတွင် အသိပညာပေးဟောပြောဆွေးနွေးပွဲဆောင်ရွက်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်နှင့် ဝန်ထမ်းများသည် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား ပြည်သူလူထု ပိုမိုသိရှိ နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျိုင်းတုံခရိုင်အတွင်းရှိ သူငယ်တန်းသင်(KG) ဆရာ၊ ဆရာမများ လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့်၊ ဆင့်ပွားသင်တန်း တက်ရောက်လျက်ရှိသော ဆရာ၊ ဆရာမ သင်တန်းနည်းပြဆရာ၊ ဆရာမ၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ စောင့်ကြည့်လေ့လာသူများ အပါအဝင် စုစုပေါင်း ဆရာ၊ ဆရာမ ၄၁၂ ဦးအား ကျိုင်းတုံမြို့ အထက(၂)ခန်းမ၌ မေ ၇ ရက် နေ့လယ်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟော ပြောဆွေးနွေးခြင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဟောပြောခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ဆရာမ သုံးဦးက ဟင်းချိုမှုန့်၊ ကြက်သားမှုန့်တို့ရဲ့ ကျန်းမာရေး အန္တရာယ်အကြောင်း၊ နေကြာဆီစစ်၊ မစစ်သိရှိနိုင်မည့်နည်း လမ်း၊ ဈေးဝယ်စင်တာများမှာ ရောင်းချနေသော DASHI ဂျပန်ဟင်းခတ်မှုန့်တို့ အကြောင်းများအား မေးမြန်းဆွေးနွေးမှုတို့ကို အမျိုးသား အစားအသောက် ဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေများဖြင့် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

**သန့်ဇင်**
**Consumer ကျိုင်းတုံ**



## မြို့ကြီးများ၏ ၂၃-၅-၂၀၁၆ မှ ၂၇-၅-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၃-၅-၂၀၁၆) | အင်္ဂါ(၂၄-၅-၂၀၁၆) | ဗုဒ္ဓဟူး(၂၅-၅-၂၀၁၆) | ကြာသပတေး(၂၆-၅-၂၀၁၆) | သောကြာ(၂၇-၅-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၇၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၇°F | ၆၀% ၃၀°C/၈၈°F | ၆၀% ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | ၈၀% ၃၀°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F |
| မန္တလေးမြို့ | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၂°C/၈၉°F | ၄၀% ၃၄°C/၉၃°F | ၆၀% ၃၅°C/၉၅°F | ၄၀% ၃၇°C/၉၈°F |
| မြစ်ကြီးနား | ၈၀% ၂၇°C/၈၀°F | ၅၀% ၂၀°C/၈၂°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၇°F |
| လားရှိုး | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၆°C/၇၀°F | ၈၀% ၂၇°C/၈၀°F | ၆၀% ၂၀°C/၈၃°F |
| ကျိုင်းတုံ | ၆၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၀°C/၈၂°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၃၀°C/၈၇°F |
| လွိုင်ကော် | ၇၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၆°C/၇၉°F | ၆၀% ၂၇°C/၈၁°F | ၈၀% ၂၉°C/၈၄°F |
| တောင်ကြီး | ၆၀% ၂၂°C/၇၁°F | ၇၀% ၂၁°C/၇၀°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၃°C/၇၃°F | ၆၀% ၂၄°C/၇၆°F |
| မော်လမြိုင် | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၇°F |
| ဘားအံ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၇°F |
| တောင်ငူ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၈°F | ၈၀% ၃၂°C/၉၀°F |
| မုံရွာ | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၃°C/၉၁°F | ၄၀% ၃၄°C/၉၄°F | နေသာ ၃၇°C/၉၇°F |
| ပုသိမ် | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၀°C/၈၈°F | ၈၀% ၃၂°C/၉၀°F |
| မြိတ် | ၈၀% ၃၀°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| စစ်တွေ | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၁°F |
| မကွေး | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F | ၅၀% ၃၄°C/၉၃°F | ၆၀% ၃၄°C/၉၄°F |
| ဖလမ်း | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၃°C/၇၄°F | ၅၀% ၂၄°C/၇၆°F | ၄၀% ၂၆°C/၇၉°F |

## ဆိုင်ကလုန်းမုန်တိုင်း ရွှန်နူကြောင့် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိ

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လျက်ရှိသောလေဖိအားနည်းရပ်ဝန်းသည် အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းရွှန်နူအဖြစ်သို့ ရောက်ရှိကာ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခတ်လျက်ရှိကြောင်း ဟိန္ဒူစတန်သတင်းဌာနမှ ရေးသားဖော်ပြခဲ့သည်။

အဆိုပါမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်ဟုဆိုသည်။

ယင်းမုန်တိုင်းသည် ဂိုလ်ပါပူးလ်ကမ်းခြေအနီးမှ အိန္ဒိယနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ကာ



အင်ဒရာပရာဒေ့ရှ်ပြည်နယ် မြောက်ပိုင်းနှင့် ဩရိဿပြည်နယ်သို့ ဆက်လက်ရွေ့လျားသွားခဲ့ကြောင်း အိန္ဒိယနိုင်ငံမိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ဩရိဿပြည်နယ်သို့ တစ်နာရီလျှင် ကီလိုမီတာ ၉၀ မှ ၁၀၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အနည်းဆုံး လူငါးဦးသေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာသော ပြည်သူများမှာ မုန်တိုင်းဒဏ်မှလွတ်ရာဒေသများသို့ တိမ်းရှောင်နေရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒေသခံပြည်သူပေါင်း ခြောက်သောင်းခန့်ကို မုန်တိုင်းဒဏ်ခံအဆောက်အဦများအတွင်းသို့ ပို့ဆောင်ပေးထားကြောင်း၊ ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူများကိုလည်း နေရပ်ဒေသများမှ ထွက်ခွာသွားကြရန် ဆော်ဩထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံဩရိဿပြည်နယ်တွင် မုန်တိုင်းဖြစ်ပွားသည့်ဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့များနှင့် ဩရိဿပြည်နယ် အရေးပေါ်ကယ်ဆယ်ရေးတပ်ဖွဲ့ ၁၀ ဖွဲ့တို့ကို အဆင်သင့်ပြု လုပ်ထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**



## သီရိလင်္ကာနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွား

သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ရေလွှမ်းမိုးမှုများကြောင့် ဒေသခံပြည်သူ ငါးသောင်းကျော်တို့မှာ၎င်းတို့၏နေအိမ်များကို စွန့်ခွာကာ ကုန်းမြေမြင့်ပိုင်းဒေသများသို့ ထွက်ပြေးလျက်ရှိကြောင်း အေဘီစီသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

သီရိလင်္ကာနိုင်ငံ တောင်ပိုင်းဒေသများသို့ မုတ်သုံမိုးစတင်ဝင်ရောက်နေပြီဖြစ်ရာ မုတ်သုံမိုးစတင်ဝင်ရောက်ချိန်မှ ယနေ့အထိ မိုးများအဆက်မပြတ် ရွာသွန်းလျက်ရှိကြောင်း၊ မိုးရွာသွန်းမှုများကြောင့် တချို့သောနေရာများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိနေပြီး အချို့သောနေရာများတွင် မြေပြိုကျမှုများကြောင့် ရွှံ့နွံများ ဖုံးလွှမ်းလျက်ရှိရာ ရွှံ့နွံထုမှာ တချို့နေရာများတွင် ကိုးမီတာအထိရှိနေပြီဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုးရွားဆုံးသော ရေလွှမ်းမိုးသည့်ဒေသမှာ ကိုလံဘိုမြို့ အရှေ့မြောက်ပိုင်းတွင်ဖြစ်ကြောင်း၊ ယင်းဒေသရှိ ကီလာနီမြစ်သည် စိုးရိမ်ရေမှတ်ကို ကျော်လွန်ကာ ရောက်ရှိလာခဲ့ပြီး ကိုလံဘိုမြို့အရှေ့မြောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ကိုလံဘိုမြို့တွင် ၆၄ ဦးသေဆုံးပြီး ၂၉ ဦးဒဏ်ရာရရှိထားကြောင်း သိရသည်။

ထို့ပြင် ကီဂယ်လီခရိုင်အတွင်းရှိ နိုင်ငံ၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းကို ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီး၏ ကီလိုမီတာ ၁၀၀ အတွင်း၌ ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိသည့်အပြင် မြေပြိုမှုများလည်း ဖြစ်ပေါ်လျက်ရှိသဖြင့် အဆက်အသွယ်များ ပြတ်တောက်လျက်ရှိသည်။

ကယ်ဆယ်ရေးလုပ်သားများအနေဖြင့် ဒုက္ခသည်များအား အမိုးအကာ အောက်သို့ရောက်ရှိအောင်လုပ်ဆောင်ပေးကြရန်နှင့် နိုင်ငံတကာမှ စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးအကူအညီများပေးရန် တောင်းခံထားကြောင်း သီရိလင်္ကာနိုင်ငံသမ္မတ Maithripala Sirisena က ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံတွင် ခရိုင်ပေါင်း ၂၅ ခရိုင်ရှိသည့်အနက် ၂၁ ခရိုင်တွင် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများ ဖြစ်ပွားလျက်ရှိကြောင်း သီရိလင်္ကာနိုင်ငံ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကထုတ်ပြန်ကြေညာခဲ့သည်။ **မယ်သီတာ**

Domestic Sport News
Vol: 16, No.18 Monday May 23 2016

# အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပွဲစဉ်၏ ပွဲဦးထွက်တွင် တီမောအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားမည်



မန္တလေးမြို့တွင် လာမည့်ဇူလိုင်လအတွင်းကျင်းပမည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် တီမောလက်စလေအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဩစတြေးလျယူ-၂၀၊ မလေးရှား၊ တီမောလက်စလေအသင်းတို့နှင့်အတူ ကျရောက်နေပြီး အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့ ပါဝင်နေကြသည်။ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)မှ ထိုင်းနှင့် ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဗီယက်နမ်တို့ စတင်ယှဉ်ပြိုင်ကြမည်ဖြစ် သည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု(ခ)ပွဲစဉ်များကို ဇူလိုင် ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ မြန်မာနှင့် တီမောလက်စလေ၊ ဩစီယူ-၂၀နှင့်မလေးရှားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ်လ ၂ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၄ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရန်အတွက် ဂျပန်နိုင်ငံသို့ သွားရောက်၍ လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် မေ ၁၁ရက်က ကာနာဂါဝါတက္ကသိုလ် ဘောလုံးအသင်းနှင့် ခြေစမ်းကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး မေ ၁၆ ရက်က တရုတ်(တိုင်ပေ)အမျိုးသမီးလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီး အသင်းသည် မေ ၂၃ ရက်တွင် JEF United အသင်းနှင့်လည်းကောင်း၊ မေ ၂၄ ရက်တွင် Seisa Gakuen အသင်းတို့နှင့် ခြေစမ်းပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထို့နောက် မေ ၂၅ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ပြီး ဇူလိုင် ၄ ရက်နှင့် ၇ ရက်တို့တွင် တောင်ကိုရီးယားအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့တွင် လည်းကောင်း၊ ဇူလိုင် ၉ ရက်တွင် ထိုင်းအမျိုးသမီးလက်ရွေးစင်အသင်းနှင့် မန္တလေးမြို့တွင်လည်းကောင်း ခြေစမ်း ပွဲများယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**အာဆီယံအမျိုးသမီးချန်ပီယံရှစ် ပြိုင်ပွဲ ပွဲစဉ်များ**

| | |
|---|---|
| ၂၆-၇-၁၆ | ထိုင်း - ဖိလစ်ပိုင် |
| | ဗီယက်နမ် - စင်ကာပူ |
| ၂၇-၇-၁၆ | မြန်မာ - တီမော |
| | ဩစီယူ-၂၀ - မလေးရှား |
| ၂၈-၇-၁၆ | ဖိလစ်ပိုင် - ဗီယက်နမ် |
| | စင်ကာပူ - ထိုင်း |
| ၂၉-၇-၁၆ | တီမော - ဩစီ ယူ-၂၀ |
| | မြန်မာ - မလေးရှား |
| ၃၀-၇-၁၆ | ထိုင်း - ဗီယက်နမ် |
| | ဖိလစ်ပိုင် - စင်ကာပူ |
| ၃၁-၇-၁၆ | မြန်မာ - ဩစီ ယူ-၂၀ |
| | တီမော - မလေးရှား |



# အာဆီယံချန်ပီယံရှစ်(ဆူဇူကီးဖလား)အား အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပရေးအတွက် MFF ဥက္ကဋ္ဌအား အာဆီယံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံဆွေးနွေး

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF) အထွေထွေအတွင်းရေးမှူး ဒါတိုအဇူဒင်အာမက်နှင့်အဖွဲ့သည် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံချန်ပီယံရှစ်(SUZUKI CUP 2016) ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့ဝင်များအား MFF ဥက္ကဋ္ဌရုံးတွင် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

MFF ဥက္ကဋ္ဌနှင့် အာဆီယံအဖွဲ့သည် ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲတွင် အသုံးပြုမည့် Marketing ဆိုင်ရာကိစ္စများ၊ လက်မှတ်ရောင်းချရေး၊ ရုပ်သံပြသရေး၊ ကစားကွင်းနှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရေး၊ မီဒီယာများသတင်းရယူနိုင်ရန် ဝန်ဆောင်မှုများဖြည့်ဆည်းဆောင်ရွက်ရေး၊ ပြိုင်ပွဲကျင်းပစဉ်ကာလအတွင်း လုံခြုံရေးနှင့် အခြားဝန်ဆောင်မှုများအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆူဇူကီးဖလား(မြန်မာ)မှ ပြိုင်ပွဲတာဝန်ရှိသူများအနေဖြင့် MFF ဌာနတာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့်အပြင် MFF ရုံးချုပ်တွင်AFF SUZUKI CUP 2016 အလုပ်ရုံဆွေးနွေးပွဲကျင်းပကာ ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအသီးသီးမှ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ဆူဇူကီးဖလားပြိုင်ပွဲ(နောက်ဆုံးအဆင့်ပွဲစဉ်များ)ကို အိမ်ရှင်အဖြစ် လာမည့် နိုဝင်ဘာ ၁၉ရက်မှ ဒီဇင်ဘာ ၁၇ရက်အထိ လက်ခံကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ဆူဇူကီးဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် အောင်မြင်မှုရရှိရေးအတွက် ဇွန်လအတွင်း AYA BANK CUP 2016 လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ၊ မေ ၂၈ ရက်တွင် မလေးရှားအသင်းနှင့် ခြေစမ်းပွဲများအပြင် နိုင်ငံတကာခြေစမ်းပွဲခရီးစဉ်များ၊ ဘောလုံးအင်အားကြီးနိုင်ငံများသို့ သွားရောက် ပူးတွဲလေ့ကျင့်မှုများ စသည်ဖြင့် အထူးကြိုးပမ်းပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

SUZUKI CUP 2016 အုပ်စုအဆင့်တွင် မြန်မာ(ပူးတွဲအိမ်ရှင်)၊ ဖိလစ်ပိုင်(ပူးတွဲအိမ်ရှင်)၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ကျန်အသင်းများမှာ ခြေစစ်ပွဲမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာနှင့် ထိုင်းတို့ အုပ်စုတစ်ခုတည်းကျရောက်

အာရှယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ခြေစစ်ပွဲများအတွက် အုပ်စုမဲခွဲပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့ရာ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် အုပ်စု(ဃ)တွင် ထိုင်း၊ ပါလက်စတိုင်း၊ ကာဂျစ်စတန်နိုင်ငံတို့နှင့် အုပ်စုတစ်ခုတည်း ကျရောက်လျက်ရှိသည်။

အဆိုပါ အုပ်စု(ဃ)ခြေစစ်ပွဲကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ ထိုင်းနိုင်ငံတွင်ကျင်းပမည်ဖြစ်ပြီး မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ပွဲဦးထွက်တွင် ပါလက်စတိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးအသင်းတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး ခြေစစ်ပွဲ အုပ်စုလေးစုမှ အသင်းလေးသင်းနှင့် တိုက်ရိုက်ဝင်ခွင့်ရရှိထားသည့် အသင်းလေးသင်းဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ တရုတ်အသင်းတို့နှင့်ပူးပေါင်းကာ အသင်းရှစ်သင်းဖြင့် နောက်ဆုံးအဆင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းမြင့်သွင်က မဲခွဲတဲ့ရလဒ်အရကတော့ အရင်နှစ်တုန်းက ပုံစံလိုပါပဲ။ အဓိကတော့ ထိုင်းနဲ့ယှဉ်ပြိုင်ရဖို့များပါတယ်။ လက်ရှိအချိန်မှာတော့ မြန်မာယူ-၁၉အမျိုးသမီးအသင်းကို ပဏာမ ကစားသမားအယောက် ၃၀ နဲ့ လေ့ကျင့်မှုတွေ ပုံမှန်ပြုလုပ်နေပါတယ် ဟု ပြောကြားခဲ့သည်။

၂၀၁၅ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ထိုင်း၊ တရုတ် (တိုင်ပေ)အသင်းတို့နှင့်အုပ်စုတစ်ခုတည်း ကျရောက်ခဲ့ဖူးသည်။ ၂၀၁၅ ခုနှစ်က တွေ့ဆုံမှုတွင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ထိုင်းအသင်းတို့ ဂိုးမရှိ သရေကျခဲ့ကြသော်လည်း ထိုင်းအသင်းက ရမှတ်လေးမှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

**အာရှ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ခြေစစ်ပွဲ**

| | |
|---|---|
| **အုပ်စု(က)** | **ဩစတြေးလျ၊ ဂျော်ဒန်၊ လက်ဘနွန်၊ စင်ကာပူ၊ မြောက်မာရီယာနာကျွန်းစု** |
| **အုပ်စု(ခ)** | **ဥဇဘက်ကစ္စတန်၊ တရုတ် (တိုင်ပေ)၊ ဟောင်ကောင်၊ တာဂျီကစ္စတန်၊ ပါကစ္စတန်** |
| **အုပ်စု(ဂ)** | **ထိုင်း၊ မြန်မာ၊ ကာဂျစ်စတန်၊ ပါလက်စတိုင်း** |
| **အုပ်စု(ဃ)** | **အီရန်၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်** |

# MIC ဖူဆယ်အသင်း ထိုင်းနှင့်အီရန်တို့မှ နိုင်ငံခြားသားကစားသမားများခေါ်ယူရန် ကြိုးပမ်း

၂၀၁၆ အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် MIC ဖူဆယ်ကလပ်အသင်းသည် ထိုင်းနိုင်ငံနှင့်အီရန်နိုင်ငံတို့မှ နိုင်ငံခြားသားကစားသမားများအားခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

MIC ဖူဆယ်ကလပ်အသင်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၁၆ မြန်မာနေရှင်နယ်ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သည့်အတွက် ယခုနှစ်အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

"အာဆီယံပြိုင်ပွဲအတွက် နိုင်ငံခြားသား ကစားသမားနှစ်ယောက်ခေါ်ဖို့ စီစဉ်ထားပါတယ်။ ထိုင်းနဲ့အီရန်က ကစားသမားနှစ်ယောက်စီ လေးယောက်လောက် မေးထားတာရှိပါတယ်။ ခေါ်ရင်တော့ နှစ်ယောက်ပဲ ခေါ်ဖြစ်မှာပါ။ ထိုင်းက သူတို့လိဂ်ပြန်စတော့မှာဆိုတော့ ဘယ်လိုဖြစ်မလဲ မသိသေးဘူး။ အီရန်ကလည်း အခုမှ လှမ်းချိတ်တော့ အချိန်ရမယ်ဆိုရင်တော့ခေါ်ဖြစ်မှာပါ။ ပြည်တွင်းကတော့ တစ်ယောက်လောက် ထည့်ဖြည့်ဖို့ အစီအစဉ်ရှိပါတယ်။ နည်းပြအဖွဲ့နဲ့ တိုင်ပင်ပြီးတော့ လုပ်သွားမှာပါ။ ထိုင်းကို ခြေစမ်းခရီးသွားဖို့လည်း စီစဉ်နေပါတယ်။ အာဆီယံပြိုင်ပွဲက အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်တဲ့အတွက် ဆုတံဆိပ် တစ်ခုလောက် ဆွတ်ခူးနိုင်ဖို့ ပြင်ဆင်နေပါတယ်"ဟု MIC ဖူဆယ်ကလပ်အသင်းပိုင်ရှင်ဖြစ်သူ ဦးဖြိုးမောင်မောင်က ပြောကြားခဲ့သည်။

MIC ဖူဆယ်ကလပ်အသင်းသည် ၂၀၁၆ အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ ထိုင်းဆိပ်ကမ်းအသင်း၊ မလေးရှားနိုင်ငံမှ ဖယ်လ်ဒါယူနိုက်တက်အသင်း၊ ဗီယက်နမ်နိုင်ငံမှ သိုင်ဆွန်နမ်အသင်း၊ လာအိုအသင်းတို့နှင့်အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

MIC အသင်းသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အာဆီယံဖူဆယ်ကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ကြေးတံဆိပ်ဆွတ်ခူးရရှိထားသည့် အသင်းတစ်သင်းဖြစ်ကြောင်းသိရသည်။

# တရုတ်လူမျိုးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပရီးမီးယားလိဂ်ကလပ် အက်စ်တန်ဗီလာအသင်းကို ပေါင်သန်း ၆၀ ဖြင့် ဝယ်ယူ

တရုတ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ရှီယင့်တောင်းဆိုသူက အင်္ဂလန်ပရီးမီးယားလိဂ်ကလပ်အသင်းတစ်သင်းဖြစ်သည့် အက်စတန်ဗီလာအသင်းကို ပေါင်သန်း ၆၀ ဖြင့် ဝယ်ယူခဲ့ပြီဖြစ်ကြောင်း စီအန်န်အန်န်သတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ရှီယင့်တောင်းသည် Recon Group ၏ ပိုင်ရှင်လည်းဖြစ်ပြီး ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် ရာထူးများတွင် တာဝန်ယူထားသူတစ်ဦးဖြစ်သည်။

၎င်းသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် အက်စ်တန်ဗီလာအသင်း၏ ပရိသတ်တစ်ဦးဖြစ်ခဲ့သော်လည်း ယခုကဲ့သို့ အသင်းပိုင်ရှင်တစ်ဦးဖြစ်လာရန် မျှော်မှန်းထားခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

ရှီသည် ကောလိပ်ကျောင်းသားဘဝကပင် ကောလိပ်ဘောလုံးအသင်း၏ တိုက်စစ်မှူးတစ်ဦးဖြစ်ခဲ့ပြီး ကောလိပ်မှဘွဲ့ရသည်အထိ တိုက်စစ်မှူးတစ်ဦးအဖြစ် ဘောလုံးအသင်းများတွင် ခြေစွမ်းပြကစားခဲ့သူတစ်ဦးဖြစ်သည်။

ရှီက အက်စ်တန်ဗီလာဘောလုံးအသင်းအား တရုတ်နိုင်ငံတွင် အထင်ရှားဆုံး လူသိအများဆုံး ဘောလုံးအသင်းတစ်သင်းအဖြစ်သို့ ရောက်ရှိလာအောင် ၎င်း၏ပရိသတ်များကို အခြေခံ၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရှီသည် အက်စ်တန်ဗီလာအသင်းကိုဝယ်ယူခဲ့သည့်တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုဖြစ်သည့် Rui Kang Group ပြီးလျှင် နိုင်ငံခြားကလပ်အသင်းကိုပထမဦးဆုံး ဝယ်ယူခဲ့သည့် တရုတ်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။



ရှီသည် ဟားဗတ်နှင့်မန်ဆာချူးဆက် နည်းပညာတက္ကသိုလ်တွင် ခြောက်နှစ်ကြာ ပညာသင်ကြားခဲ့ပြီး အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် ငါးလကြာ ပညာသင်ယူခဲ့ပြီး တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အက်စ်တန်ဗီလာ အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရပြီး ချန်ပီယံရှစ်ပြိုင်ပွဲတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

ရှီ ဝယ်ယူပြီးနောက် အက်စ်တန်ဗီလာအသင်းသည် ပရီးမီးယားလိဂ်တွင် ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် ရည်မှန်းချက်ထား၍ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အက်စတန်ဗီလာ အသင်းကို ၂၀၀၆ ခုနှစ်က အမေရိကန်သန်းကြွယ်သူဌေးတစ်ဦးဖြစ်သူ ရန်ဒီလီနာက ပေါင် ၆၂ ဒသမ ၆ သန်းဖြင့် ဝယ်ယူခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်တွင် ရောင်းချရန်ကမ်းလှမ်းမှုများ ပြုလုပ်ထားခဲ့ကြောင်း သိရသည်။



## ပြင်သစ်ဘောလုံးသမားဟောင်း ဒေးဗစ်ဂျီနိုလာ နှလုံးရောဂါကြောင့် သတိလစ်မေ့မြော

ပြင်သစ်ဘောလုံးလက်ရွေးစင် ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဒေးဗစ်ဂျီနိုလာသည် နှလုံးရောဂါကြောင့် လဲကျကာသတိလစ်မေ့မျောနေကြောင်း မျက်မြင်သက်သေတစ်ဦး၏ပြောကြားချက်ကို ကိုးကား၍ ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

အသက် ၄၉နှစ်အရွယ်ရှိ ဒေးဗစ်ဂျီနိုလာသည် ပြင်သစ်နိုင်ငံတွင်ဘောလုံးကစားနေစဉ် ယခုကဲ့သို့အမောဖောက်ကာ လဲကျပြီးသတိလစ်မေ့မျောခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ လဲကျသွားခဲ့သည့် ဒေးဗစ်ဂျီနိုလာကို ၎င်း၏ကစားဖော်များက Princess Grace of Monaco ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဒေးဗစ်ဂျီနိုလာသည် နေပူထဲတွင် ဘောလုံးကစားနေစဉ် အပူရှပ်ကာ အမောဖောက်ပြီး လဲကျခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။ အဆိုပါဖြစ်ရပ်ကို မြင်တွေ့ခဲ့ရသည့် သတင်းထောက်တစ်ဦးကမူ ဒေးဗစ်ဂျီနိုလာ၏အခြေအနေမှာ လုံးဝမကောင်းကြောင်း ပြောကြားခဲ့သည်။

“သူဟာ တကယ့်ကို ငြိမ်သက်နေပါတယ်။ ကိုးမားဝေဒနာကို ခံစားနေရပါပြီ။ ဒါဟာနှလုံးရောဂါကြောင့်နဲ့ အပူလွန်ကဲတဲ့အတွက်ကြောင့် ဖြစ်ရတာပါ။ ကျွန်တော့်ရှေ့မှာတင် လဲကျသွားတာဖြစ်တဲ့အတွက် ဆေးရုံကို ခေါ်ဆောင်သွားတဲ့အထိ ကျွန်တော်သူ့အနားမှာရှိနေခဲ့ပါတယ်။ သူ့ရဲ့အခြေအနေကတော့ ကောင်းနိုင်မယ့်ပုံ မပေါ်ပါဘူး”ဟု ပြင်သစ်ရုပ်သံဌာနမှ သတင်းထောက်ဖိလစ်က ပြောကြားခဲ့သည်။

## ရုရှားတင်းနစ်မယ် ရှာယာပိုဗာ တင်းနစ်ကစားခွင့်ရရှိရန် မဖြစ်နိုင်တော့ဟု ရုရှားတင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများဆို

ကမ္ဘာ့အဆင့်တစ် တင်းနစ်မယ်ဟောင်းတစ်ဦးဖြစ်သူ ရုရှားတင်းနစ်မယ် မာရီယာ ရှာယာပိုဗာအနေဖြင့် တင်းနစ်ပြန်လည်ယှဉ်ပြိုင်ကစားနိုင်တော့မည် မဟုတ်ကြောင်း ရုရှားတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌက ပြောကြားခဲ့သည်။



အသက် ၂၉ နှစ်အရွယ်ရှိ ရှာရာပိုဗာသည် မယ်လ်ဒိုနီယမ်တားမြစ်ဆေးဝါးများ သုံးစွဲနေမှုကြောင့် တင်းနစ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့် ပိတ်ပင်ခြင်းခံထားရသူဖြစ်သည်။

ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သည့် ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲတွင် မယ်လ်ဒိုနီယမ်တားမြစ်ဆေးဝါးများ သုံးစွဲသည်ဟုဆိုကာ အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်က ယခုကဲ့သို့ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ကို ပိတ်ပင်ထားခြင်းဖြစ်သည်။ သို့သော်မတ်လအတွင်းကမူ ရှာယာပိုဗာက သူမအနေဖြင့် တင်းနစ် ပြန်လည်ကစားမည်ဖြစ်ကြောင်း မီဒီယာများသို့ ပြန်လည်ပြောကြားခဲ့သည်။

ရှာယာပိုဗာအနေဖြင့် မယ်လ်ဒိုနီယမ်ဆေးကို ကာလကြာမြင့်စွာ မှီဝဲနေရကြောင်း ဝန်ခံပြောကြားခဲ့သဖြင့် ကမ္ဘာ့တားမြစ်ဆေးသုံးစွဲမှု ဆန့်ကျင်ရေးအဖွဲ့က ရှာယာပိုဗာအား ပြစ်ဒဏ်များချမှတ်ရန် စစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။

၎င်းအနေဖြင့် အနည်းဆုံး ၆ လမှ ၁၂ လအထိ တားမြစ်ပိတ်ပင်ခြင်းခံရနိုင်သည်ဟုဆိုသော်လည်း ရုရှားတင်းနစ်အဖွဲ့ချုပ်ကမူ ၎င်းအား ရာသက်ပန်ပိတ်ပင်သွားရန်ဆုံးဖြတ်နိုင်ကြောင်း ပြောကြားခဲ့သည်။

## မေဂျာလိဂ်ကစားသမားများအနက် အော်လန်ဒိုအသင်းမှ ရီးရဲလ်ကစားသမားဟောင်း ကာကာ လစာအများဆုံးကစားသမားအဖြစ်ရပ်တည်

မေဂျာလိဂ် ကစားသမားများအနက် အော်လန်ဒိုစီတီးအသင်းမှ ရီးရဲလ်မက်ဒရစ်နှင့် အေစီမီလန်အသင်းတို့၏ ကွင်းလယ်ကစားသမားဟောင်း ကာကာသည် လစာအများဆုံးရရှိသည့် ကစားသမားအဖြစ် ရပ်တည်နေကြောင်း စကိုင်းစပို့တ်တွင် ဖော်ပြထားသည်။

ကာကာသည် ယခုနှစ်မေဂျာလိဂ် ဘောလုံးရာသီတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၆၇ သန်း ရရှိပြီး တိုရွန်တိုအသင်းမှ ဆီဘက်စတိန်းဂျီအိုဘီနီကိုက အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၁၆ သန်းသာရရှိသည်။

ချဲလ်ဆီးအသင်းမှ နယူးယောက်စီတီးအက်ဖ်စီအသင်းသို့ ပြောင်းရွှေ့လာခဲ့သည့် ဖရန့်လမ်းပတ်မှာ အမေရိကန်ဒေါ်လာ ၆သန်းရရှိနေပြီး ဘာစီလိုနာအသင်းမှ ပြောင်းရွှေ့လာသည့် ဒေးဗစ်ဗီလာက ၅ ဒသမ ၆၁ သန်းရရှိထားကြောင်း သိရသည်။

ဖရန့်လမ်းပတ်သည် ယခုနှစ်




ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် ပွဲထွက်ခွင့်များ ပျောက်ဆုံးနေသော်လည်း ယခုကဲ့သို့ လစာနှုန်းထားများ ရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်း၏ အသင်းခေါင်းဆောင်ဟောင်းဖြစ်သူ အယ်လ်အေဂလက်စီအသင်းမှ စတီဖင်ဂျရတ်မှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၃ သန်းရရှိထားသည်။

မေဂျာလိဂ်တွင် လစာအများဆုံးရရှိသည့်ကစားသမားငါးဦးမှာ ကာကာ (အော်လန်ဒိုစီတီး)၊ စတီဗင်ဂျီယိုဗင်ကို (တိုရွန်တိုစီတီး)၊ မိုက်ကယ်ဘရက်ဒလေ (တိုရွန်တိုစီတီး)၊ စတီဖင်ဂျရတ် (အယ်လ်အေဂလက်စီ)၊ ဖရန့်လမ်းပတ် (နယူးယောက်စီတီး)တို့ဖြစ်သည်။

အခြား ပရီးမီးယားလိဂ်ကစားသမားဟောင်းများဖြစ်သည့် ရော်ဘီကိန်းက အဆင့်(၁၁)၊ တင်ဟောင်းဝပ်က အဆင့်(၁၂)၊ဒရော့ဂ်ဘာက အဆင့်(၁၃)တို့တွင် အသီးသီး ရပ်တည်နေကြသည်။

မေဂျာလိဂ်ပြိုင်ပွဲတွင် လူငယ်ကစားသမားများနှင့် သာမန်ကစားသမားများမှာ တစ်နှစ်လျှင် ပေါင် သုံးသောင်းခွဲလောက်သာ ရရှိကြသည်။ ရာသီသစ် မစတင်မီက ကစားသမားများကို ESPN က တွေ့ဆုံမေးမြန်းခဲ့ရာတွင် ၈၅ ရာခိုင်နှုန်းက လစာငွေပေးချေမှုမှာ ညီမျှမှုမရှိဟု ဖြေဆိုခဲ့ကြသည်။

အဆိုပါ ကိန်းကဏန်းများသည် မေဂျာလိဂ် ဘောလုံးသမားများအဖွဲ့မှ ထုတ်ပြန်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

# သာယာဝတီခရိုင်အတွင်းရှိမြို့နယ်များတွင် စားသုံးသူ အကာအကွယ်ပေးရေး ဆွေးနွေး ဟောပြောပွဲများကျင်းပ

သာယာဝတီခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် သာယာဝတီခရိုင်အတွင်းရှိမြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးဟောပြောပွဲများကို စီမံချက်များရေးဆွဲ၍ သာယာဝတီခရိုင်ဦးစီးမှူး ဦးညွန့်သန်း၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မေ ၁၆ ရက်တွင် မင်းလှမြို့နယ်တာဝန်ခံ ဦးစိန်ဝင်းနှင့် ဝန်ထမ်းများက ကံဦးကွက်သစ်တွင် လည်းကောင်း ၊ မေ ၁၇ ရက်တွင် မိုးညိုမြို့နယ် တာဝန်ခံ ဦးသောင်းမြင့်နှင့် ဝန်ထမ်းများက ဖုတ်လူးကျေးရွာတွင် လည်းကောင်း၊ အုတ်ဖိုမြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများက ပန်းတင်ရပ်ကွက်တွင် လည်းကောင်း ကွင်းဆင်းဆွေးနွေးမှု ပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးပွဲများတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့ပြင် စားသုံးရန် မသင့်သော အစားအသောက်များကို နိုင်ငံပိုင် သတင်းစာများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည်များကို လေ့လာသင့်ကြောင်း၊ ဓာတုဆိုးဆေးများနှင့် တာရှည်ခံဆေးများ၏ အန္တရာယ်ကြီးမားပုံ၊ ပလတ်စတစ်ပါကင်လှလှ၊ တံဆိပ်မျိုးစုံဖြင့် ထုတ်လုပ်သောငါးမုန့်ကြော်၊ အာလူးကြော်၊ တို့ဟူးကြော်နှင့် ကြက်သွန်ကြော်များသည် အာဟာရတန်ဖိုး မရှိသဖြင့် ရှောင်ရှားသင့်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၁ ခုနှစ်က ထုတ်ပြန်သော အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကင်ဆာအဖြစ်ဆုံး ၁၀ နိုင်ငံအနက် နံပါတ်နှစ်နေရာတွင် ရှိကြောင်း အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

ထို့ပြင် နေ့စဉ်စားသောက်နေသော အစားအသောက်များတွင် လုံခြုံစိတ်ချရ၍ ကျန်းမာရေးနှင့် ညီညွတ်ပြီး အာမခံချက်ပေးနိုင်သော အစားအသောက်များ ရွေးချယ်ဝယ်ယူစားသောက်သင့်ကြောင်းကို စားသုံးသူပြည်သူများ သိရှိနိုင်ရန်အတွက် လက်ကမ်းစာစောင်များဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်ခိုင်ရီ၊စားသုံးသူ**

# ယင်းမာပင်မြို့နယ် စည်ပင်သာယာဈေးတွင် စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးကွင်းဆင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့များ ပါဝင်တဲ့အဖွဲ့က မြို့နယ်စည်ပင်သာယာဈေး အတွင်းရှိ ငှက်ပျောသီးရောင်းချသည့် ဈေးသည်များအား စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲကို ကျင်းပခဲ့ပါတယ်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ယင်းမာပင်မြို့နယ် တာဝန်ခံဦးစွမ်းရည်က ဌာနအနေဖြင့် ကုန်ပစ္စည်းရောင်းချထုတ်လုပ်သူများ စားသုံးသူပြည်သူများသို့ အသိပညာပေး ဟောပြောပွဲများကို စီမံချက်များရေးဆွဲကာ နယ်မြေဒေသအရောက် ကွင်းဆင်းလုပ်ဆောင်လျက်ရှိကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ကြောင်းနဲ့သစ်သီးဝလံများ ရောင်းချရာတွင် ဓာတုဗေဒဆေးဝါးများ အသုံးပြုနေသည်ဟု ကြားသိရသဖြင့် မိမိတို့က အသိပညာပေးဆွေးနွေးရခြင်းဖြစ်ကြောင်း၊ နောင်တွင်အခါအားလျော်စွာ မကြာခဏ စစ်ဆေးသွားမှာဖြစ်ကြောင်း၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး စားသုံးသူက တိုင်ကြားလာပါက အဖွဲ့မှလာရောက်၍ စေ့စပ်ညှိနှိုင်း ပေးခြင်းများဆောင်ရွက်သွားမည့်အပြင် လုပ်ငန်းရှင်များအားခေါ်ယူစစ်ဆေးခြင်း၊ သိရှိသောသက်သေများ ပုဂ္ဂိုလ်များကို ခေါ်ယူစစ်ဆေးပြီး ဖောက်ဖျက်ကျူးလွန်ပါက အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အရေးယူရာတွင် သတိပေးခြင်းများ၊ လျော်ကြေးပေးစေခြင်းများ၊ ရောင်းချဖြန့်ဖြူးခြင်းကို ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊ ရောင်းချပစ္စည်းများကို ဖျက်ဆီးစေခြင်း၊ လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းစတာတွေကို ဆောင်ရွက်သွားနိုင်ကြောင်း၊ ပြစ်မှုထင်ရှားလျှင် အများဆုံးထောင်ဒဏ် သုံးနှစ်ဖြစ်စေ၊ ငွေကျပ်သိန်း ၅၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဓာတုဗေဒဆေးဝါးများ သုံးစွဲခြင်းမပြုဘဲ သဘာဝအတိုင်းသာ ရောင်းချသွားရန် လိုအပ်ကြောင်း ဟောပြောခဲ့ပြီးနောက် မျှစ်ရောင်းချသူများ၊ သရက်သီးရောင်းချသူများအား ဆက်လက်၍ အသိပညာပေးခဲ့တယ်လို့ သိရှိရပါတယ်။

**ယဉ်ယဉ်ဝင်း (ယင်းမာပင်)**

# ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာရှိ ရပ်မိရပ်ဖများနှင့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး အပြန်အလှန်ဆွေးနွေး

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးခမ်လျန်စွမ်း ဦးဆောင်သည့် ဝန်ထမ်းများသည် မေ ၁၈ ရက်တွင် ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာရှိ ရပ်မိ/ရပ်ဖ ၁၂၅ ဦးတို့ကို စားသုံးအကာအကွယ်ပေးရေး အသိပညာပေးပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါ သည်။

ယင်းဟောပြောပွဲတွင် ပြည်နယ်ဦးစီးမှူးက အန္တရာယ်ရှိသော စားသောက်ရန်မသင့်သော အစားအသောက်များအကြောင်းကို စုံလင်စွာအသိပညာပေးဆွေးနွေးပြီး ဒေသခံပြည်သူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။ ဒေသခံပြည်သူတစ်ဦးက မိမိတို့ ကယားရိုးရာခေါင်ရည်သည် ဘေးဥပဒ်အန္တရာယ် ရှိ၊ မရှိ ခေါင်ရည်ကို ပလတ်စတစ်ပုံးများဖြင့် သယ်ယူပို့ဆောင်သင့်မသင့် မေးမြန်းခဲ့ရာ ပြည်နယ်ဦးစီးမှူးက ပလပ်စတစ်ဗူးများသည် အပူနှင့်ထိတွေ့မှသာ ဓာတ်တိုးပါကြောင်း၊ ခေါင်ရည်ကို ပလတ်စတစ်ပုံးများဖြင့် ထည့်၍ နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့သောနေရာတွင် ထားပါကလည်း ဓာတ်ပြုနိုင်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ဆက်လက်၍ ဒေသခံတစ်ဦးက မိမိတို့ကျေးရွာတွင် သာရေးနာရေးပွဲလုပ်တိုင်းဝက်သားဟင်းကိုသာ အဓိကထားချက်ပြုတ်ရာမှတစ်ဆင့်ရရှိသော ဝက်ဆီကို ပြန်လည်ချက်ပြုတ် စားသောက်လေ့ရှိရာ ထိုသို့ဆောင်ရွက်ရန်သင့် မသင့်မေးမြန်းခဲ့ရာ ပြည်နယ် ဦးစီးမှူးက တိရစ္ဆာန်မှထွက်သောအဆီများသည် ပြည့်ဝဆီများဖြစ်သောကြောင့် စားသုံးရန် မသင့်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ခွင့်မပြုဓာတုဆိုးဆေးပါ စားသောက်ရန်မသင့်သော ထုတ်ကုန်များအကြောင်းကိုဆက်လက်ဆွေးနွေးခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအား ရေးသားထားသည့် ဗီနိုင်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လွင်ကိုအောင်-လွိုင်ကော်**



# မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ကချင်ပြည်နယ်၊စားသုံးသူရေးရာဦးစီးဌာန၊ပြည်နယ် ဦးစီးမှူးရုံးဝန်ထမ်းများနဲ့ ကချင်ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၉ ရက်တွင် ရမ်ပူအလက(၁)ကျောင်း၌ စားသုံးသူအကာ အကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ရမ်ပူရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ၊ဆရာမများ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၁၈၃ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဟောပြောပွဲအခမ်းအနားတွင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ဒုတိယဦးစီးမှူးဦးဘောမ်ဇုန်းက စားသုံးသူရေးရာဦးစီးဌာနပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ စားသုံးသူတို့၏အခွင့်အရေးနှင့်တာဝန်များအကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တို့၏အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များအကြောင်း၊ ကချင်ပြည်နယ်အတွင်း စားသုံးသူအကာအကွယ် ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ကချင်ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်နယ်တာဝန်ခံ ဒေါက်တာတင်ထွန်းဦးက လူတိုင်းသက်တမ်းစေ့သက်ရှည် ကျန်းမာစွာ နေထိုင်နိုင်ရေးတို့အတွက် အစားအသောက်များစားသုံးကြရာတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးမျိုးကို မိမိတို့၏ အသိ၊ သတိဖြင့် စဉ်းစားချင့်ချိန်ပြီး ဝယ်ယူစားသုံးနိုင်ရေး၊ တရားမဝင် စပ်ဆေးများအကြောင်း၊ အလှကုန်ပစ္စည်းများတွင် ဓာတုဗေဒပစ္စည်းများပါရှိသည့်အတွက် သုံးစွဲသူများ ထိခိုက်နစ်နာမှုများ အကြောင်းတို့ကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ၊ ဒုတိယဦးစီးမှူး ဦးဝင်းသိန်းဦးက စားသုံးရန်အသင့် ထုပ်ပိုးထားသော စားသောက်ကုန်ပစ္စည်းများတွင် အမည်၊ လိပ်စာ၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲတို့ကို စီစစ်ကြည့်ရှုဝယ်ယူစားသုံးရမည်ဖြစ်ကြောင်း၊ တာရှည်ခံ ဓာတုဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများ အကြောင်း၊ ပြင်ဆင်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချ၊ဝယ်ယူစားသုံးသည်အထိ အဆင့်ဆင့်တိုင်းကို သန့်ရှင်းပြီး ရောဂါကင်းဖို့လိုအပ်ကြောင်း၊ စားသုံးသူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နေထိုင်နိုင်ရေး ကာကွယ်နိုင်မည့်နည်းလမ်းအကြောင်းနှင့် သတိကြီးစွာရွေးချယ်ဝယ်ယူတတ်စေရန်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဟောပြောပွဲတက်ရောက်လာသူများကို စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ စာအုပ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မောင်မောင်ခိုင်)-စားသုံး/ဦးစီး**

# ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ၍ ဈေးအတွင်းစစ်ဆေးခြင်းများ ပြုလုပ်



ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ဘားအံခရိုင် ဦးစီးမှူး ဦးဆောင်သည့် ဝန်ထမ်းများ သည် မေ ၁၇ ရက်တွင် လှိုင်းဘွဲ့မြို့နယ်၊ ထီလုံ ကျေးရွာမှ ရွာသူရွာသားများအား လည်းကောင်း၊ လှိုင်ဘွဲ့မြို့မဈေးအတွင်းမှာ ဈေးသူဈေးသားများအားလည်း ကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲအား ကျင်းပခဲ့ပါတယ်။ ထို့နောက် ဦးစီးမှူးနဲ့အဖွဲ့က လှိုင်းဘွဲ့မြို့မဈေး အတွင်း ရောင်းချလျက်ရှိတဲ့ စားသောက်ကုန်များ၊ လူသုံးကုန်များအားစစ်ဆေးခဲ့ကြောင်း သိရှိရပါတယ်။

အလားတူမေ ၁၈ ရက်တွင်လည်း ဘားအံမြို့သီရိဈေးကွက်တွင်လည်းကောင်း၊ တရုတ်လှကော့ကျိုက် ကျေးရွာတွင်လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဆွေးနွေးပွဲများအား ကျင်းပခဲ့ပါတယ်။ ၎င်းဆွေးနွေးဟောပြောပွဲသို့ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆရာဝန်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကျေးရွာရှိ ဒေသခံပြည်သူများ၊ ဈေးသူ/သားများတို့အား စားသုံးသူ ရေးရာဦးစီးဌာန မှ ဘားအံခရိုင်ဦးစီးမှူး ဦးလှဝင်းက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနဲ့ ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ စားသုံးသူ ပြည်သူများအနေဖြင့် ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော ကုန်စည်များ ရွေးချယ်ဝယ်ယူ၊ စားသောက်ရန် တစ်ဖက်တွင် ထုတ်လုပ်ရောင်းချသူဖြစ် သော်လည်း တစ်ဖက်တွင် ဝယ်ယူစားသောက်ရသော စားသုံးသူများဖြစ်သည့်အတွက် အားလုံးသည် စားသုံးသူများဖြစ်ကြောင်း၊ ကိုယ်ချင်းစာစိတ်များထားပြီး ရောင်း/ဝယ် စားသောက်ကြရန် ဆွေးနွေးခဲ့ပါတယ်။

ထို့နောက် ဘားအံမြို့နယ် ဆရာဝန်က ဓာတုဆိုးဆေးနဲ့ အန္တရာယ်ရှိပုံများ၊ တားဆီးထားသော ဆေးဝါးများ၊ အလှကုန်များအား ရှင်းလင်းခဲ့ပြီး၊ ဈေးအတွင်းရောင်းချလျက်ရှိတဲ့ ပစ္စည်းများကိုဝယ်ယူရာတွင် သက်တမ်းကာလ သတ်မှတ်ထားသော အညွှန်းများ သေချာစွာ ဂရုပြုစစ်ဆေးဝယ်ယူကြရန် ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိလိုသည်များမေးမြန်းခြင်းအား ပြန်လည် ဖြေကြားပြီး၊ စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည် (ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**

## ငပုတောမြို့နယ်အတွင်းရှိ ဆန်စက်ပိုင်ရှင်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာ/ဆရာမများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်နှင့်တာဝန်ရှိသူများသည် မေ ၆ ရက်တွင် ငပုတောမြို့နယ် ဦးစီးမှူးရုံး၌ မြို့နယ်အတွင်းရှိ ဆန်စက်ပိုင်ရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၅၀ ဦးကို စားသုံးသူရေးရာနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ငပုတောမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ (KG) သင်တန်းတက်ရောက်နေသည့် ဆရာ၊ ဆရာမများ၊ လူမှုအထောက်အကူပြု အဖွဲ့အစည်းများ စုစုပေါင်း ၆၈၀ ဦးကို စားသုံးသူရေးရာ သိကောင်းစရာများ နှင့် ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာ လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**မင်းမင်းဦး၊ (ပုသိမ်မြို့)**

# ပေါင်မြို့နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်းနှင့် တားမြစ်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး



မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး မှ ဦးစီးမှူး ဦးအောင်ကျော်မိုး ဦးဆောင်သော ဝန်ထမ်းများသည် ပေါင်မြို့နယ်၊ မုတ္တမဈေးတွင် တာဝန်ရှိ သူ ဈေးတာဝန်ခံဦးသိုက်ဝင်းနဲ့ ပူးပေါင်းပြီး ဈေးအတွင်းရှိဆိုင်ခန်းများတွင် စားသုံးသူအကာအကွယ်ပေးရေးနဲ့ ထုတ်ကုန်လုံခြုံစိတ်ချရမှု ဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များ၊ တားမြစ်ကုန်ပစ္စည်းများ၏ရောင်စုံပုံနှိပ်စာစောင်များဝေငှပြီး တားမြစ်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိကွင်းဆင်း စစ်ဆေးခဲ့ပါတယ်။

မေ ၁၈ ရက်မှာ ပြည်နယ်ဦးစီးမှူးရဲ့ ကြီးကြပ်မှုဖြင့် သထုံခရိုင်ဦးစီးမှူး သူရဦးတင်နွယ် ဦးဆောင်သော ဝန်ထမ်းများက ဈေးအကျိုးဆောင်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်၊ စည်ပင်ဈေးတာဝန်ခံ ဦးမြတ်ဇင်ဦးနဲ့ ဈေးသူဈေးသားများအား အသိပညာပေး ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပွဲတွင် သထုံခရိုင်ဦးစီးမှူးက စားသုံးသူရေးရာ ဦးစီးဌာနအကြောင်းကိုလည်းကောင်း၊ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ အချက်များကိုလည်းကောင်း၊ ဒုတိယ ဦးစီးမှူး ဦးနေဇင်သက်က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများအား ဆွေးနွေး ဟောပြောခဲ့ပြီး၊ ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌမှ ဈေးသူ/ဈေးသားများကိုယ်စား သိလိုသည်များ မေးမြန်းခြင်း၊ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားခြင်း၊ ဌာနမှ လက်ကမ်းစာစောင်များနှင့် ဥပဒေစာအုပ်များ ဝေငှခြင်းတို့ပြုလုပ်ခဲ့ကြပါတယ်။

ယင်းနောက် တားမြစ်ကုန်ပစ္စည်းများရဲ့ရောင်စုံပုံနှိပ် စာစောင်များ တားမြစ်ကုန်ပစ္စည်းများရဲ့ အမျိုး အမည်၊ အမှတ်တံဆိပ်များနှင့် သုံးစွဲမိပါက ဖြစ်ပေါ်လာနိုင်တဲ့ ဘေးအန္တရာယ်များ အကြောင်းကို ဈေးဆိုင်ပိုင်ရှင်များနဲ့ စားသုံးသူများအား တစ်ဆိုင်ချင်း လိုက်လံရှင်းလင်းဆွေးနွေး ခြင်းများ ပြုလုပ်ခဲ့ရာ ဈေးအကျိုးတော်ဆောင် ဥက္ကဋ္ဌနဲ့ ဈေးမိဈေးဖများမှ ယခုကဲ့သို့ ပညာပေး ဆွေးနွေး ပေးခြင်းနှင့် ကွင်းဆင်းစိစစ် ပေးခြင်းဖြင့် မိမိတို့အနေဖြင့် အသိ ပညာများရရှိပါကြောင်း၊ နောက်နောင် တွင်လည်း ယခုကဲ့သို့ စားသုံးသူအကျိုး စီးပွားရှေးရှု၍ ပညာပေးဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပေးပါရန် တောင်းဆိုမှုများတွေ့ရှိခဲ့ကြောင်း သတင်းရရှိပါတယ်။

**နေဇင်သက်၊** Mon Consumer

# ကသာခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ပြည်သူများကြား အသံလွှင်းမြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနနဲ့ တိုင်းဒေသကြီး ဦးစီးမှူးရုံးဝန်ထမ်းများ ပူးပေါင်းပြီး ခရိုင်ဦးစီးမှူးဦးကျော်အုန်းဦးဆောင်ကာ ခရိုင်တွင်း မြို့နယ်များသို့ မြို့နယ်တာဝန်ခံများအား ဖြန့်ကျက်ပြီး အသိပညာပေးဟောပြောပွဲများတစ်ပြိုင်တည်း ကျင်းပပြုလုပ်စေခဲ့ပါတယ်။ မေလပထမရက်သတ္တပတ်အတွင်း ကသာခရိုင်တွင် ဟောပြောပွဲ ၂၅ ကြိမ်ကျင်းပရာ တက်ရောက် လေ့လာသူ ၂၁၄၇ ဦးရှိပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြလို့ပြည်သူများအကြား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ အသံလွှင်းမြင့်တက်နေပါတယ်။

ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ စားသုံးသူရေးရာဦးစီးဌာန ရည်မှန်းချက် အကောင်အထည်ဖော်နိုင်မှုပြည့်မီရေးအတွက် အသိပညာ ပေးဟောပြောပွဲများ စဉ်ဆက်မပြတ် ကျင်းပခဲ့ရာ ကသာမြို့နယ်မှာ ကိုးကြိမ်၊ အင်းတော်မြို့နယ်မှာ ငါးကြိမ်၊ ဗန်းမောက်မြို့နယ်မှာ ငါးကြိမ်နဲ့ ကောလင်းမြို့နယ်မှာ ခြောက်ကြိမ် အထိကျင်းပခဲ့ကြောင်းနဲ့ ကျန်မြို့နယ်များ မှာ ချမှတ်ထားတဲ့ ရည်မှန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်နေ ကြောင်းသိရပါတယ်။

စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများမှာ ခရိုင်ဦးစီးမှူးနဲ့ ဝန်ထမ်းများက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေနဲ့ ပြစ်မှုပြစ်ဒဏ်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများ၊ ကျန်းမာရေးနဲ့မညီညွတ်တဲ့ စားသုံးဆီအတု၊ အရောများ၊ ဓာတုဗေဒဆိုးဆေးများနဲ့ နောက်ဆက်တွဲ ဆိုးကျိုးများကို အသိပညာပေးဟောပြောကြောင်းနဲ့ တက်ရောက်လေ့လာသူများက သိလိုသည်များမေးမြန်းကြပြီး အပြန်အလှန်ဆွေးနွေးကြကြောင်း သိရပါတယ်။

စားသုံးသူမိဘပြည်သူများအနေနဲ့ အန္တရာယ်ရှိစားသောက်ကုန်များရဲ့ အန္တရာယ်လွတ်ကင်းအောင် ရွေးချယ်ဝယ်ယူစားသောက်ခြင်းဖြင့် အစားအသောက်ကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ်များမှ ကာကွယ်ပြီး ဖြစ်ပေါ်လာနိုင်တဲ့အတွက် အခုလိုဝေးလံခေါင်သီတဲ့ ကျေးလက်တောရွာများပါမကျန် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးနေခြင်း ဖြစ်တယ်လို့ ခရိုင်ဦးစီးမှူး ဦးကျော်အုန်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကြည်နိုင်ဦး(အင်းတော်)**

Organizations News
Vol: 16, No.18 Monday May 23 2016

# ရုရှားနဲ့ အာဆီယံတို့ ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာ တိုးမြှင့်ဖို့ နည်းလမ်းရှာ

ပူးပေါင်းဆောင်ရွက်မှုနက်ရှိုင်းစွာတိုးမြှင့်ဆောင်ရွက်ရေး သဘောတူစာချုပ်များကို ရုရှားနိုင်ငံနဲ့ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံတို့ချုပ်ဆိုနိုင်ခဲ့ပြီးဖြစ်ကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

ရုရှားနိုင်ငံတောင်ပိုင်း ပင်လယ်နက်ဒေသရှိ ဆိုချီမြို့မှာ အာဆီယံ-ရုရှားဆက်ဆံရေး အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးကို နှစ်ရက်ကြာကျင်းပခဲ့ရာ မေ ၂၀ ရက်က အောင်မြင်စွာပြီးဆုံးခဲ့ပါတယ်။ ထိပ်သီးအစည်းအဝေးမှာ ဆိုချီကြေညာချက်နဲ့ ငါးနှစ်တာ ရှေ့လုပ်ငန်းစဉ်တို့ကို ကြေညာခဲ့ပါတယ်။

ရုရှားနဲ့ အာဆီယံတို့ရဲ့ ကုန်သွယ်ရေးက ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇ ဘီလီယံရှိပြီး အာရှပစိဖိတ်ဒေသရှိ တခြားနိုင်ငံအချို့နဲ့ နှိုင်းယှဉ်ပါက အနည်းငယ်နည်းပါးနေတာကို တွေ့ရကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ထိပ်သီးအစည်းအဝေးမှာ ပြောပါတယ်။

အစည်းအဝေးက အလေးထားဆွေးနွေးခဲ့တဲ့အထဲမှာ ရုရှားဦးဆောင်တဲ့ ဥရောပအာရှစီးပွားရေးသမဂ္ဂ (Eurasian Economic Union-EEU) နဲ့ ရှန်ဟဲပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Co-operation Organization-SCO) တို့ကဲ့သို့သော ဒေသဆိုင်ရာအဖွဲ့အစည်းများပေါင်းစည်းရေးလည်း ပါဝင်ပါတယ်။ အာဆီယံနိုင်ငံများအားလုံးက ဖော်ပြပါယန္တရားများပေါင်းစည်းရေးကိုထောက်ခံမှုပေးထားကြောင်းနဲ့ အာဆီယံနဲ့ EEU တို့ လွတ်လပ်စွာ ကုန်သွယ်မှုဇုန်တည်ထောင်ရေးကို ဖော်ဆောင်ဖို့ ရည်မှန်းထားကြောင်း ပူတင်က ပြောပါတယ်။

ဒါ့အပြင် အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ် (အေအိုင်အိုင်ဘီ) ကလည်း ရုရှားနဲ့ အာဆီယံနိုင်ငံများပူးပေါင်းဆောင်ရွက်ရေးအတွက် အလားအလာရှိတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ရုရှားနဲ့ အာဆီယံတို့က အာရှပစိဖိတ်ဒေသအတွင်း လုံခြုံရေးကိုဖော်ဆောင်ရေးနဲ့ ကမ္ဘာ့အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော်မှုခင်းနဲ့ မူးယစ်ဆေးဝါးသယ်ဆောင်မှုတို့ကို တိုက်ဖျက်ရေးမှာ ပူးပေါင်းဆောင်ရွက်ဖို့ ကတိပြုထားပါတယ်။

# အာဆီယံလွတ်လပ်တဲ့ ကောင်းကင်သဘောတူစာချုပ်ကို အင်ဒိုနီးရှားနဲ့ လာအိုတို့ လက်မှတ်ရေးထိုး




အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ရဲ့ လွတ်လပ်တဲ့ မိုးကောင်းကင်မူဝါဒ (ASEAN Open Sky Policy) ကို အင်ဒိုနီးရှားနဲ့ လာအိုတို့က အသိအမှတ်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း လေကြောင်းဆိုင်ရာသတင်းဝက်ဘ်ဆိုက်တစ်ခုမှာ ဖော်ပြပါတယ်။ ယခုကဲ့သို့ လက်မှတ်ထိုးပြီးနောက်ပိုင်းမှာ အာဆီယံအဖွဲ့ဝင် ကျန်ရှစ်နိုင်ငံကလည်း လက်မှတ်ရေးထိုးကြဦးမှာ ဖြစ်ပါတယ်။

လွတ်လပ်တဲ့ မိုးကောင်းကင်မူဝါဒကို အာဆီယံရဲ့တစ်ခုတည်းသော လေကြောင်း သွားလာရေးဈေးကွက် ASEAN Single Aviation Market (ASEAN - SAM) လို့ သိထားကြပြီး ဒေသတွင်းနဲ့ပြည်တွင်းဆက်သွယ်မှုတိုးတက်ရေး၊ ထုတ်လုပ်မှုကွန်ရက်များပေါင်းစည်းရေးနဲ့ ဒေသတွင်းကုန်သွယ်မှု တိုးတက်ကောင်းမွန်ရေးတို့အတွက် ရည်ရွယ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသော ပေါင်းစည်း ထားတဲ့ လေကြောင်းသယ်ယူပို့ဆောင် ရေးဈေးကွက်ကို ဖန်တီးကာ လေကြောင်း ဝန်ဆောင်မှုလုပ်ငန်းများကို ဖြေလျှော့ပေးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများက လေကြောင်းလိုင်းများကို လွတ်လပ်စွာ ပျံသန်းခွင့်ပြုပေးဖို့ ဖြစ်ပါတယ်။

အမည်အရလွတ်လပ်တဲ့ မိုးကောင်းကင်လို့ဆိုစေကာမူ လွတ်လပ်တဲ့မိုးကောင်းကင်မူဝါဒအရ ဥရောပမှာကဲ့သို့ အမှန်တကယ်လွတ်လပ်တဲ့ သဘောတူညီမှု ဖြစ်မလာနိုင်သေးပါဘူး။ အဖွဲ့ဝင်နိုင်ငံများရဲ့ မြို့တော်များကို အဖွဲ့ဝင်နိုင်ငံများရဲ့ လေကြောင်းလိုင်းများအား ပျံသန်းခွင့်ပေးမှာဖြစ်ပေမယ့် လိုင်းများပြည့်ကျပ်ပိတ်ဆို့မှုနဲ့ ယှဉ်ပြိုင်မှု ပြင်းထန်မည်ကို စိုးရိမ်မှုကြောင့် အချို့နိုင်ငံတွေမှာ ဈေးကွက်တွေကို ကန့်သတ်ထားဆဲဖြစ်ပါတယ်။ ဥပမာ အားဖြင့် အင်ဒိုနီးရှားနဲ့ လာအိုနိုင်ငံတို့မှာ အချို့လေဆိပ်များကို အဖွဲ့ဝင် နိုင်ငံများရဲ့ လေကြောင်းလိုင်းများ ဝင်ရောက်ခွင့်ကို ပိတ်ပင်ထားပြီး ဖိလစ်ပိုင် နိုင်ငံမှာဆိုရင် လေယာဉ် အဝင်အထွက် တိုးတက်မြင့်မားလာပါက မြို့တော်လေဆိပ်မှာ ကိုင်တွယ်ဖြေရှင်းရအခက်အခဲတွေ့နိုင်ပါတယ်။ ဒါကြောင့် တခြားမြို့များကို ဝင်ရောက်ခွင့်ပြုထားပေမယ့် မနီလာလေဆိပ် ဝင်ရောက်ခွင့်ကို ကန့်သတ်ထားပါတယ်။

အာဆီယံလေကြောင်းဈေးကွက်မှာ ကန့်သတ်ချက်များ ရှိနေပေမယ့် ဒေသတွင်းကုန်သွယ်မှုနဲ့ ဒေသတွင်းပေါင်းစည်းရေးအတွက် အာဆီယံလေကြောင်းဈေးကွက်ကို ပိုမိုဖြေလျှော့လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အာဆီယံထောက်ပံ့ ပို့ဆောင်ရေးဖွံ့ ဖြိုးမှုစီမံကိန်းကို အာဆီယံ သယ်ယူပို့ဆောင်ရေးအရာရှိတို့ ချမှတ်အကောင်အထည်ဖော်မည်

လာမယ့်၁၀နှစ်အတွင်း အကောင်အထည်ဖော်ဖို့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ရဲ့ ရှေ့လုပ်ငန်းစဉ်များနဲ့ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ချမှတ်ထားတဲ့ ကွာလာလမ်ပူသယ်ယူပို့ဆောင်ရေး မဟာဗျူဟာစီမံကိန်း (Kuala Lumpur Transport Strategic Plan-KLTSP2016-2025) ကို ဖိလစ်ပိုင်နိုင်ငံမှာကျင်းပမယ့် (၄၁) ကြိမ်မြောက်အစည်းအဝေးမှာ အတည်ပြုပြဌာန်းသွားဖို့ ဒေသဆိုင်ရာ အဆင့်မြင့်သယ်ယူပို့ဆောင်ရေးအရာရှိများက သဘောတူခဲ့ကြောင်း မနီလာဘူလက် တင်သတင်းမှာ ဖော်ပြပါတယ်။

KLTSP စီမံကိန်းတွင် လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်း၊ သယ်ယူပို့ဆောင်ရေးလွယ်ကူချောမွေ့စေရေးနဲ့ ရေရှည်တည်တံ့မယ့် သယ်ယူပို့ဆောင်ရေးစတဲ့နယ်ပယ်ငါးခုမှာ ၂၀၁၆ ခုမှ ၂၀၂၅ အထိ ဆောင်ရွက်မယ့် ရည်မှန်းချက် ၃၀၊ ရှေ့လုပ်ငန်းစဉ် ၇၈ ရပ်နဲ့ ဖွံ့ဖြိုးရေးလုပ်ငန်း ၂၂ ခုကို ချမှတ်ခဲ့ပါတယ်။ အာဆီယံနိုင်ငံများက ၂၀၁၀ ပြည့်နှစ်ကလည်း ဘရူနိုင်းရှေ့လုပ်ငန်းစဉ် (Brunei Action Plan-BAP) ကို ချမှတ်ခဲ့ပြီး အစီအစဉ်အရ ရည်မှန်းချက် ၁၇ ခု၊ ရှေ့လုပ်ငန်းစဉ် ၄၂ ရပ်နဲ့ ဖွံ့ဖြိုးရေးစီမံချက် ၁၆၀ ကိုချမှတ်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ စုပေါင်း၍ဖြစ်စေ တစ်နိုင်ငံချင်းအလိုက်ဖြစ်စေ ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ BAP အရ အကောင်အထည်ဖော်ခဲ့တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို KLTSP မှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

KLTSP အရ ချမှတ်ထားတဲ့ ရေကြောင်းသွားလာရေး ရည်မှန်းချက်တွေထဲမှာ တစ်ခုတည်းသော အာဆီယံ ရေကြောင်း သယ်ယူပို့ဆောင်ရေးဈေးကွက်ထူထောင်ဖို့ဖြစ်ပြီး ရေကြောင်း ဘေးကင်းလုံခြုံမှု မြှင့်တင်ရေးနဲ့ ဒေသတွင်းမှာ မဟာဗျူဟာ စီးပွားရေးစင်္ကြံများ တည်ဆောက်ရေးကိုတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လေကြောင်းကဏ္ဍမှာ တစ်ခုတည်းသော အာဆီယံလေကြောင်း ဈေးကွက်ကို ခိုင်မာအောင်တည်ဆောက်ပြီး ယှဉ်ပြိုင်မှုစွမ်းရည်ကိုတိုး မြှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ကုန်းကြောင်းသွားလာရေးလုပ်ငန်းမှာ ဒေသတွင်းကုန်းကြောင်း သွားလာရေးလုပ်ငန်းကို ထိရောက်လုံခြုံပြီးပေါင်းစည်းမှုရှိတဲ့ ကွန်ရက်အဖြစ် တည်ဆောက်ပြီး ကုန်သွယ်မှုနဲ့ခရီးသွားလုပ်ငန်းကို အထောက်အကူပေးသွား ဖို့ ရည်မှန်းထားပါတယ်။

# ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုခြင်းဖြင့် အေအီးစီ အသီးအပွင့်များကို ရယူနိုင်ရန် မလေးရှားနိုင်ငံက ကြိုးပမ်းမည်

အသစ်ဖွဲ့စည်းတည်ထောင်လိုက်တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) မှာ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ခက်ခဲနက်နဲတဲ့ပြဿနာတွေနဲ့ စိန်ခေါ်မှုတွေကိုဖြေရှင်းဖို့အတွက် စီးပွားရေး လုပ်ငန်းများအနေနဲ့ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုဖို့ လိုအပ်ကြောင်း ASP Southeast Asia ဥက္ကဌနဲ့ အုပ်ချုပ်မှု ဒါရိုက်တာ စကော့ရပ်ဆဲရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဘိဇနက်သတင်းမှာ ဖော်ပြပါတယ်။

အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ အရှေ့တောင်အာရှလေ့လာရေးအဖွဲ့တို့ မကြာမီကပြုလုပ်ခဲ့တဲ့ စစ်တမ်းအရ အာဆီယံစီးပွားရေးလုပ်ငန်းများရဲ့ ငါးပုံတစ်ပုံသာလျှင် အေအီးစီအတွက် အဆင်သင့်ဖြစ်သေးကြောင်း တွေ့ရပါတယ်။ အဆိုပါအချက်ကို ထောက်ရှုခြင်းအားဖြင့် အသစ်ဖွဲ့စည်းလိုက်တဲ့ အေအီးစီမှ အသီးအပွင့်များကိုခံစားလိုပါက စီးပွားရေးလုပ်ငန်းများက "ရိုးရိုးလေးတွေးတောပြီး" စတင်လုပ်ကိုင်ဆောင်ရွက်ဖို့လိုကြောင်း ရပ်ဆဲကပြောပါတယ်။

"အာဆီယံဒေသမှာ လုပ်ငန်းလုပ်ဆောင်တဲ့အခါ ကြုံတွေ့ရမယ့် အခြေအနေကိုစကားလုံးတစ်လုံးတည်းနဲ့ ပြောရရင်"Complex" လို့ပြောရပါမယ်။ ရှုပ်ထွေးခက်ခဲတယ်ဆိုတဲ့ သဘောဖြစ်ပါတယ်"လို့ ရပ်ဆဲကပြောပါတယ်။

ဖော်ပြပါရှုပ်ထွေးခက်ခဲမှုကို ဖြေရှင်းဖို့အတွက် တစ်ခုတည်းသော နည်းလမ်းမှာ ဒစ်ဂျစ်တယ်နည်းပညာကိုသုံးပြီး လွယ်ကူရှင်းလင်းအောင် ဆောင်ရွက်ရမယ့်နည်းလမ်းပင်ဖြစ်ကြောင်း ရပ်ဆဲကပြောပါတယ်။

အာဆီယံဒေသထဲမှာရှိတဲ့ လူငယ်လူရွယ်တွေက နည်းပညာကို တတ်ကျွမ်းနားလည်သူတွေဖြစ်ပြီး အင်တာနက်ကိုလည်း တွင်တွင်ကျယ်ကျယ်အသုံးပြုနေသူတွေ ဖြစ်ပါတယ်။ ဒေသတွင်းရှိ လူဦးရေ စုစုပေါင်းအနက် ၅၀ ရာခိုင်နှုန်းက အသက် ၃၀ အောက်လူငယ်တွေဖြစ်ပြီး အသက် ၃၀ အောက်လူငယ်လူရွယ်ဦးရေရဲ့ ရာခိုင်နှုန်း ၉၀ က အင်တာနက်ကို အသုံးပြုနေသူတွေဖြစ်ကြတာကြောင့် အနာဂတ်ကာလမှာ ဒစ်ဂျစ်တယ်ကို ပိုမိုအသုံးပြုလာကြမှာဖြစ်ပါတယ်။

အရေးကြီးတဲ့အချက်တစ်ခုကတော့ ဒစ်ဂျစ်တယ်နည်းပညာကို စေစားပြီးအသုံးပြုနိုင်မယ်ဆိုရင် ကြီးကြီးငယ်ငယ်ကုမ္ပဏီမှန်သမျှက ဈေးကွက်သစ်တွေမှာ ခြေချနိုင်မှာ ဖြစ်ပါတယ်။

# အလယ်အလတ်အထက်ဝင်ငွေရှိ နိုင်ငံအဖြစ် ဗီယက်နမ်နိုင်ငံရောက်ရှိနိုင်

တစ်ဦးချင်း ဝယ်ယူနိုင်စွမ်းအား (Purchasing Power Parity Percapital) အမေရိကန်ဒေါ်လာ ၂၂၀၀ ရှိတဲ့ အလယ်အလတ် အထက်အဆင့်ရှိနိုင်ငံအဖြစ် ၂၀၃၅ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံရောက်ရှိနိုင်တော့မှာဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူ တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်တဲ့ "၂၀၃၅ ခုနှစ် ဗီယက်နမ်အစီရင်ခံစာ"ကို ကိုးကားပြီး ကမ္ဘာ့ဘဏ်ရဲ့ အရှေ့အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ဗစ်တိုရီးယားကွာကွာက ဗီယက်နမ်ရရှိနိုင်မယ့် အခွင့်အလမ်းတွေကို ပြောကြားခဲ့ပါတယ်။

ပုဂ္ဂလိက ကဏ္ဍကဦးဆောင်ပြီး ကုန်ထုတ်လုပ်ရေးကိုအလေးပေးဆောင်ရွက်ဖို့ ချမှတ်ဆောင်ရွက်နေဆဲဖြစ်တဲ့ စီးပွားရေးခေတ်မီရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာကနေ အကြီးမားဆုံးအခွင့်အလမ်းတွေကို ရရှိနိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"လို့ မေ ၁၇ ရက်က ဟိုချီမင်းစီတီးမှာ Deloitte VietNam အတိုင်ပင်ခံအဖွဲ့က ကျင်းပတဲ့နှီးနှောဖလှယ်ပွဲမှာ ကွာကွာက ပြောပါတယ်။

ဒါပေမယ့် ကုန်ထုတ်လုပ်မှုနှုန်းကျဆင်းမှုက ၂၀၃၅ ခုနှစ်အတွက် ချမှတ်ထားတဲ့ဝင်ငွေတွေ ရည်မှန်းချက်တွေအတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ်နိုင်တယ်လို့ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ၁၉၉၅ ခုနှစ်ကရရှိခဲ့တဲ့ အမြင့်ဆုံးနှုန်း ၇ ရာခိုင်နှုန်းနဲ့ ၂၀၁၃ ခုနှစ်က ရရှိခဲ့တဲ့ အနိမ့်ဆုံးနှုန်း ၃ ဒသမ ၅ ရာခိုင်နှုန်းကြားမှာ အတက်အကျရှိနေပါတယ်။

ဈေးကွက်စီးပွားရေးမှာ ပါဝင်နေတဲ့ မိုက်ကရိုစီးပွားရေးလုပ်ငန်းများရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မူဝါဒ အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ခိုင်မာအောင်တည်ထောင်ခြင်းဖြင့် ပြည်တွင်းပုဂ္ဂလိက ကဏ္ဍကုန်ထုတ်လုပ်မှုမြှင့်တင်ရေးကို လတ်တလောဦးစားပေးအဖြစ်ဆောင်ရွက်သင့်ကြောင်း သူမကပြောပါတယ်။

စီးပွားရေးပတ်ဝန်းကျင်အခြေအနေကို ကြည့်မည်ဆိုပါက အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးညွှန်ကြားချက်တွေနဲ့ လက်တွေ့အကောင်အထည်ဖော်မှုတွေမှာ ကွာဟချက်တွေရှိနေသေးကြောင်း စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဟောင်း ဆူအီကွမ်ဘင်းက ပြောပါတယ်။ လူတွေက ဘဏ်အပ်ငွေအဖြစ် အပ်နှံနေတာကို ကြည့်ခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းထူထောင်မှုဝန်းကျင်ရဲ့ အခြေအနေ အလားအလာမကောင်းသေးတာကို ပြသနေကြောင်း သူကပြောပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(အက်ဖ်ဒီအိုင်) စီးပွားရေးလုပ်ငန်းတွေကလည်း နယ်ပယ်အသီးသီးမှာ သူတို့ပေးထားတဲ့ ကတိကဝတ်တွေကို အကောင်အထည်ဖော်ဖို့ သူကတိုက်တွန်းပါတယ်။

# ထိုင်းနိုင်ငံသို့ လာရောက်၍ ရုပ်ရှင်ရိုက်မယ့်သူများကို မက်လုံးများတိုးမြှင့်ပေး



နိုင်ငံခြားရုပ်ရှင်ကုမ္ပဏီများက ထိုင်းနိုင်ငံသို့ပိုမိုလာရောက်ပြီးရုပ်ရှင်ရိုက်ကြစေရန်အတွက် ဆွဲဆောင်တဲ့အနေနဲ့ အခွန်ပြန်အမ်းငွေများ တိုးမြှင့်ပေးခြင်းအပါအဝင် ဘဏ္ဍာရေး အကူအညီများပေးသွားဖို့ ခရီးသွားလုပ်ငန်းနဲ့ အားကစားဝန်ကြီးဌာနနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနတွေကို ထိုင်းဝန်ကြီးအဖွဲ့က တိုက်တွန်းထားကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

ငွေကြေးသုံးစွဲနိုင်တဲ့ ရုပ်ရှင်တွေ ထိုင်းနိုင်ငံထဲမှာ လာရောက်ပြီးရိုက်ကူးအောင်ဆွဲဆောင်တဲ့အနေနဲ့ အခွန်ပြန်အမ်းငွေတွေပေးဖို့ ထိုင်းဝန်ကြီးအဖွဲ့က ယခင်ရက်သတ္တပတ်က မူအားဖြင့်သဘောတူထားပြီးဖြစ်ကြောင်း၊ ဒါပေမယ့် ထောက်ခံတင်ပြတဲ့ အခွန်ပြန်အမ်းငွေများကလည်း ဆွဲဆောင်မှုရှိနိုင်တဲ့ ပမာဏဖြစ်သင့်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဆန်ဆန်းကေးကမ်နတ်က ပြောပါတယ်။

ထိုင်းနိုင်ငံအတွင်းမှာ နိုင်ငံခြားဇာတ်ကားတစ်ကားကို ဘတ်သန်း ၃၀ အသုံးပြုရိုက်ကူးတဲ့အခါတိုင်း အခွန်ပြန်အမ်းငွေ ၁၅ ရာခိုင်နှုန်း ပေးဖို့နဲ့ ဇာတ်ကားကို ရိုက်ကူးပြီးတဲ့နောက်ပိုင်း ဇာတ်ကားထုတ်လုပ်သူက ထိုင်းနိုင်ငံမှာရှိတဲ့ ဝန်ဆောင်မှုတွေကို အသုံးပြုရင် နောက်ထပ် ၅ ရာခိုင်နှုန်းလျှော့ပေးဖို့နဲ့ စုစုပေါင်းပြန်အမ်းငွေက ၂၀ ရာခိုင်နှုန်းထက်မကျော်ဖို့ ဝန်ကြီးအဖွဲ့ကမူအားဖြင့်သဘောတူထားပြီး ဖြစ်ပါတယ်။

"နိုင်ငံခြားသားရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူတွေ ထိုင်းနိုင်ငံမှာ ရုပ်ရှင်လာရောက်ရိုက်ကူးစေဖို့အတွက် ဆွဲဆောင်နိုင်အောင် သင့်တော်တဲ့အခွန်နှုန်းထားတွေချမှတ်နိုင်အောင်ဆွေးနွေးကြဖို့ ဝန်ကြီးဌာနတွေကို တာဝန်ပေးထားပြီးဖြစ်ပါတယ်"လို့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

အခွန်ပြန်အမ်းငွေအစီအစဉ်ကို ထောက်ပံ့နိုင်ရန်အတွက် ငွေကြေးရနိုင်မယ့် အရင်းအမြစ်များကို ရှာဖွေထားရန် ဘဏ္ဍာရေးဝန်ကြီးဌာနကိုလည်း ဝန်ကြီးအဖွဲ့က တာဝန်ပေးထားပါတယ်။ ကနဦးအနေဖြင့် ယခုအစီအစဉ်ကို သုံးနှစ်ထောက်ပံ့နိုင်ဖို့အတွက် တစ်နှစ်ကို ဘတ်သန်း ၁၅၀ လျာထားဖို့ ဘဏ္ဍာရေးဝန်ကြီးဌာနက အစိုးရအဖွဲ့ကို အဆိုပြုတင်ပြထားပါတယ်။ ထိုင်းနိုင်ငံမှာ ရုပ်ရှင်ရိုက်ကွင်းများအတွက် အလားအလာကောင်းများရှိနေတဲ့အတွက် အဲဒီရှုခင်းတွေကို ရှုမြင်ရခြင်းအားဖြင့် ထိုင်းနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်နိုင်မှာဖြစ်ကြောင်း ထိုင်းနိုင်ငံခရီးသွားနဲ့ အားကစားဝန်ကြီး ကော့ခန်းဝါတာနာဖန်ကူးက ပြောပါတယ်။

# စက်မှုလုပ်ငန်းထူထောင်ရေးမှာ တောင်ကိုရီးယားနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အင်ဒိုနီးရှားနိုင်ငံကြိုးပမ်း

စက်မှုလုပ်ငန်းလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို အင်ဒိုနီးရှားအစိုးရက အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေတဲ့ အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒို (ဂျိုကိုဝီ) ရဲ့ မေ ၁၆ ရက်ကပြောကြားချက်ကို ကိုးကားပြီး အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"တောင်ကိုရီးယားနဲ့ နှစ်နိုင်ငံအပြန်အလှန် ဆွေးနွေးပွဲမှာ အင်ဒိုနီးရှားနိုင်ငံရဲ့ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးကို အရှိန်အဟုတ်နဲ့ တိုးတက်အောင်ဆောင်ရွက်ဖို့နဲ့ တီထွင်ဖန်တီးမှုစက်မှုလုပ်ငန်း (Creative Industry) ကို ထူထောင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို အင်ဒိုနီးရှားနိုင်ငံက တင်ပြခဲ့ပါတယ်"လို့ ဆိုးလ်မြို့ရှိ ချောင်ဝါဒေးနန်းတော်မှာ တောင်ကိုရီးယားသမ္မတပတ်ဂွင်ဟေးနဲ့ပြုလုပ်တဲ့ ပူးတွဲသတင်းစာရှင်းလင်းပွဲမှာ ဂျိုကိုဝီကပြောပါတယ်။

ပူးပေါင်းဆောင်ရွက်မယ့် နယ်ပယ်များမှာ ဖက်ရှင်၊ ရုပ်ရှင်၊ ဇာတ်ရုံလုပ်ငန်းနဲ့ အသံလွှင့်လုပ်ငန်းစတဲ့ တီထွင်ဖန်တီးမှုလုပ်ငန်းအများအပြားပါဝင်ပါတယ်။ တောင်ကိုရီးယားနိုင်ငံက အာရှဒေသမှာ အင်ဒိုနီးရှားနိုင်ငံရဲ့ မဟာဗျူဟာနဲ့ အဓိကမိတ်ဖက်နိုင်ငံဖြစ်ကြောင်း ဂျိုကိုဝီက ပြောပါတယ်။ ဒီနှစ်နိုင်ငံရဲ့ စီးပွားရေးနဲ့ စက်မှုလုပ်ငန်းတွေမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေက ကောင်းမွန်စွာဖွံ့ဖြိုးနေကြောင်းလည်း အင်ဒိုနီးရှားသမ္မတက ပြောပါတယ်။

နှစ်နိုင်ငံအချင်းချင်းကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုက တိုးတက်ကောင်းမွန်နေပါတယ်။ ယခုဆွေးနွေးပွဲမှာ အင်ဒိုနီးရှားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရေးကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ အဝေးပြေးလမ်းတွေ၊ သင်္ဘောဆိပ်ကမ်းတွေ၊ မီးရထားလမ်းတွေ၊ ဓာတ်အားပေးစက်ရုံတွေနဲ့ ရေကြောင်းသွားလာရေး အခြေခံအဆောက်အအုံတွေ စတဲ့ နယ်ပယ်တွေမှာ ရင်းနှီးမြှုပ်နှံဖို့ တောင်ကိုရီးယားနိုင်ငံကအလွန်စိတ်ဝင်စားနေပါတယ်" လို့ ဂျိုကိုဝီက ပြောပါတယ်။

အင်ဒိုနီးရှား သစ်သီးတွေကို တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရာမှာ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ဖို့ အင်ဒိုနီးရှားသမ္မတက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဒူးတာတီအစိုးရ လက်ထက်မှာ ဖိလစ်ပိုင် စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင် အခြေအနေ ကောင်းလာမယ်လို့ ခန့်မှန်း

သမ္မတတာဝန်ကို ထမ်းဆောင်တော့မယ့် ရိုဒရီဂိုဒူးတာတီ လက်ထက်မှာ စီးပွားရေးပတ်ဝန်းကျင်အခြေအနေတွေက မင်ဒါနာအိုမှာသာမက ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းလုံးမှာ ကောင်းမွန်လိမ့်မယ်လို့ စတော့ဒိုင်စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ ဗီလာမိသားစုပိုင်အိမ်ခြံမြေကုမ္ပဏီ ဗစ်စတာလင်းဘင်လိုက်စကိတ် ကုမ္ပဏီကပြောကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

အဲဒီ ကုမ္ပဏီက ၁၉၉၅ ခုနှစ်ကစပြီး ဒါဗိုမှာစီးပွားရေးလုပ်ငန်းလုပ်ဆောင်နေတဲ့ ကုမ္ပဏီဖြစ်ပြီး စီးပွားရေးကောင်းတဲ့ ကုမ္ပဏီတစ်ခုဖြစ်ကြောင်း ဗစ်စတာလင်းကုမ္ပဏီဥက္ကဋ္ဌနဲ့ အမှုဆောင်ချုပ် မင်နျူရယ်ပေါလို ဗီလာက ပြောပါတယ်။

"သူက လူတွေကို အံ့ဩစရာဖြစ်လောက်အောင် ဆောင်ရွက်မယ်လို့ ယုံကြည်ပါတယ်။ သူက အလွန်တိုးတက်တဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ဥပဒေနဲ့အညီဆောင်ရွက်တဲ့ စီးပွားရေးလုပ်ငန်းမှန်သမျှကို သူကလိုလိုလားလား အားပေးမှာဖြစ်ပါတယ်"လို့ ဗီလာက ပြောပါတယ်။

ကွန်ဒို အဆောက်အအုံတွေနဲ့ တန်ဖိုးနည်းအိမ်ရာတွေပါဝင်တဲ့ ဒါဗိုရှိဗစ်စတာလင်းရဲ့ စီးပွားရေးလုပ်ငန်းတွေက အခြေအနေ ကောင်းမွန်နေကြောင်း ဗီလာက ပြောပါတယ်။

ဒူးတာတီ အစိုးရလက်ထက်မင်ဒါနာအိုဒေသမှာ ရင်းနှီးမြှုပ်နှံမှုတွေ များလာလိမ့်မယ်လို့ သူကပြောပါတယ်။ ဒူးတာတီက ဖက်ဒရယ်အစိုးရစနစ်ကို ယုံကြည်တဲ့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ မနီလာမြို့တော်ကိုသာမက တစ်နိုင်ငံလုံးတိုးတက်ရေးကိုပါဆောင်ရွက်လိမ့်မယ်လို့ သူကယုံကြည်ထားပါတယ်။ ဒီလိုအခြေအနေမျိုးတွေကြောင့် မနီလာမြို့တော်ပြင်ပဒေသတွေနဲ့ လူဇုန်ကျွန်းတွေမှာလည်း အိမ်ခြံမြေလုပ်ငန်းတွေဆောင်ရွက်ဖို့ ဗစ်စတာလင်းက ရည်မှန်းထားပါတယ်။

ကုမ္ပဏီရဲ့ မတည်အသုံးစရိတ် ပီဆို ၃၀ ဒသမ ၉ ဘီလီယံရင်းနှီးမြှုပ်နှံဖို့ ဆောင်ရွက်ထားတဲ့အနက် ပီဆို ၂ ဒသမ ၆ ဘီလီယံက မြေကွက်ဝယ်ယူဖို့ လျာထားပါတယ်။ လောလောဆယ်မှာတော့ ကုမ္ပဏီကပြည်နယ် ၃၆ ခုနဲ့ မြို့တော်ကြီး ၉၅ မှာ လုပ်ငန်းတွေဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ကုမ္ပဏီက ပထမသုံးလပတ်မှာ ၁၇ ရာခိုင်နှုန်းတိုးတက်ပြီးဝင်ငွေက ယခင်နှစ်ကရှိခဲ့တဲ့ ပီဆို ၁ ဒသမ ၈ ဘီလီယံကနေ ပီဆို ၂ ဒသမ ၁ ဘီလီယံအထိတိုးတက်လာခဲ့ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဘာလီ

အင်ဒိုနီးရှားနိုင်ငံရဲ့ ငါးဖမ်းလုပ်ငန်းမှ အဓိကပို့ကုန် ကုန်စည်ကို ထိန်းသိမ်းထားနိုင်ဖို့အတွက် ခွဲတမ်းစနစ်ကိုအခြေခံတဲ့ တူနာ (Tuna) ငါးဖမ်းစနစ်ကို အင်ဒိုနီးရှား အစိုးရက မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ခွဲတမ်းစနစ်အရ ဆောင်ရွက်မယ်ဆိုရင် ငါးဖမ်းနည်းစနစ်၊ ငါးထိန်းသိမ်းစောင့်ရှောက်ရေးနဲ့ နေထိုင်ကျက်စားတဲ့ ငါးများကို စီမံခန့်ခွဲရေးစတာတွေကို မှန်မှန်ကန်ကန် ဆောင်ရွက်ဖို့လိုကြောင်း ဒုတိယအကြိမ် တူနာငါးကွန်ဖရင့်မှာ ငါးဖမ်းလုပ်ငန်း ညွှန်ကြားရေးမှူးချုပ် နာဒိုကိုပရာစမာဂျီရဲ့ ပြောကြားချက်ကို ကိုးကားပြီး အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

### မနီလာ

ဖိလစ်ပိုင်နိုင်ငံရဲ့ ပြည်တွင်းဘိလပ်မြေရောင်းချမှုက ယခင်နှစ်ကာလတူကစံချိန်ထားခဲ့တဲ့ တန် ၅ ဒသမ ၇ သန်းနဲ့ နှိုင်းယှဉ်ရင် ၂၀၁၆ ခုနှစ်ပထမသုံးလပတ်မှာ ၁၂ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ပြီးတန်ချိန် ၆ ဒသမ ၄၃ သန်းရှိခဲ့ကြောင်း ဖိလစ်ပိုင်ဘိလပ်မြေ ထုတ်လုပ်သူများအသင်း (Ce MAP) ရဲ့ ဥက္ကဋ္ဌအန်းနက်စတို အော်ဒိုနက်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

### ဟနွိုင်း

အမေရိကန်ပြည်ထောင်စုအပါအဝင် အကောင်းစားများကိုသာ ကြိုက်နှစ်သက်တတ်တဲ့ ဈေးကွက်များသို့ အချို့သစ်သီးများကို အောင်မြင်စွာတင်ပို့ခဲ့ပြီးနောက်ပိုင်း ဗီယက်နမ်နိုင်ငံက ယခုအခါ အီးယူ၊ ကနေဒါ၊ အာဆီယံ၊ အရှေ့ဥရောပ၊ အရှေ့အလယ်ပိုင်းနဲ့ တောင်အမေရိကဈေးကွက်များသို့ တင်ပို့ရန် ရည်မှန်းထားကြောင်း လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ် နက်ဘရစ်သတင်းမှာ ဖော်ပြပါတယ်။

### ဗန်ကောက်

မကြာသေးမီက ကျင်းပခဲ့တဲ့ ဆန်လေလံပွဲမှ တုံ့ပြန်မှုကောင်းများနဲ့ ဈေးကွက်အတွင်းမှ ထိုင်းဆန်ကိုဝယ်လိုအား မြင့်တက်လာခြင်းတို့ကြောင့် လာမယ့်လမှာ စတုတ္ထမြောက်ဆန်လေလံပွဲကို ကျင်းပမှာဖြစ်ကြောင်းနဲ့ လေလံပွဲမှတစ်ဆင့် သိုလှောင်ဆန်များကို တဖြည်းဖြည်းရောင်းချသွားမှာဖြစ်ကြောင်း ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံခြားကုန်သွယ်မှုဌာန ညွှန်ကြားရေးမှူးချုပ်ဒူအန်ပွန်ရောဖာယာရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

## South Asia

# အလုပ်သမားဥပဒေနဲ့ပတ်သက်ပြီးတင်ပြတဲ့ စာရွက်စာတမ်းများကို အီလက်ထရွန်းနစ်စနစ်ပြောင်းဖို့ အိန္ဒိယအစိုးရကို တိုက်တွန်း

လာမယ့်နှစ်နှစ်အတွင်း အလုပ်သမားဥပဒေ ၄၂ ခုအရ တင်ပြရတဲ့ စာရွက်စာတမ်းအထောက်အထားများကို အီလက်ထရွန်းနစ်ဖြင့်သာ တင်ပြနိုင်ရေးအတွက် အစိုးရကဆောင်ရွက်ပေးဖို့ စီးပွားရေးလုပ်ငန်း ၈၀၀ ကျော်က အိန္ဒိယအလုပ်သမားဝန်ကြီး ဘန်ဒါရူဒတ်တာထရိယာထံသို့ အသနားခံစာတင်သွင်းခဲ့ကြောင်း၊ အဲဒီတင်ပြတဲ့လုပ်ငန်းတွေအနက် မဟင်ဒရာအင်မဟင်ဒရာဟွေးလက်ပက်ကက်နဲ့ တာတာကုမ္ပဏီအုပ်စုတို့လည်း ပါဝင်ကြောင်း သည်ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။

တည်ဆဲ အလုပ်သမားဥပဒေများအရ စာရွက်စာတမ်း အမြောက်အမြားကို နှစ်စဉ်တင်ပြနေရတဲ့အတွက် လျှောက်လွှာစာရွက်များကို ထိန်းသိမ်းရသည်မှာ အလုပ်ရှင်များအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုသဖွယ်ဖြစ်ကြောင်း ကုမ္ပဏီများက အကြံပြု တင်ပြကြပါတယ်။

အစိုးရက နိုင်ငံအတွင်းမှာ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ရလွယ်ကူအောင် အစီအမံအမျိုးမျိုးကို စဉ်းစားဆောင်ရွက်လျက်ရှိရာ ဗဟိုအလုပ်သမား ဥပဒေ ၄၄ ခုအရ တင်သွင်းရသော စာရွက်စာတမ်းများကိစ္စကိုလည်း အရေးကြီးတဲ့ပြုပြင်ပြောင်းလဲမှုအဖြစ် စဉ်းစားစေလိုကြောင်း ကုမ္ပဏီ ၈၂၈ ခုကိုယ်စား Teamlease Services မှ ဒုတိယဥက္ကဋ္ဌ ဆိုနာအာရိုရာ လက်မှတ်ရေးထိုးတင်ပြတဲ့စာမှာ ဖော်ပြထားပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့် လျှောက်လွှာ ၂၅ မျိုးနဲ့ စက်ရုံများအနေဖြင့် ၄၅ မျိုးကို တင်ပြနေရကြောင်း တင်ပြစာမှာ ဖော်ပြထားပါတယ်။

အားလုံးစုစည်းပြီး စာရွက်စာတမ်းမပါတဲ့ လျှောက်လွှာတွေကို သုံးသွားမယ်ဆိုရင် စီမံအုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေ လျော့ကျနိုင်သလို ကုန်ကျစရိတ်တွေလည်း နည်းပါးလာမှာဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရအနေနဲ့လည်း ခိုင်မာတဲ့အချက်အလက်များကို ရနိုင်ကြောင်း အသနားခံစာ တင်သွင်းသူများထဲမှာပါဝင်တဲ့ Singode Industrial Group မှ အရင်းအမြစ်ဒါရိုက်တာ အူမာဒေဝရုပတာပူက ပြောပါတယ်။

## EU

# ဥရောပသမဂ္ဂမှ ဗြိတိနိုင်ငံနုတ်ထွက်ရေး မဲခွဲဆုံးဖြတ်ရန် နီးကပ်လာတဲ့အတွက် အမေရိကန်ဘဏ်တို့က ဥရောပရှိ လုပ်ငန်းများကို ပြန်လည်သုံးသပ်

ဇွန်မှာကျင်းပမယ့် ဆန္ဒခံယူပွဲမှာ ဥရောပသမဂ္ဂ (အီးယူ) မှ ဗြိတိန်နိုင်ငံနုတ်ထွက်ဖို့ မဲပေးဆုံးဖြတ်ပါက အမေရိကန်ဘဏ်များအနေနဲ့ အီးယူအတွင်းရှိ စီးပွားရေးလုပ်ငန်းအချို့ကို စွန့်လွှတ်ရမှာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။



ဥရောပသမဂ္ဂမှာ ဗြိတိန်နိုင်ငံထွက်ခွာခဲ့ပါကဖြစ်ပေါ်လာမယ့် အခြေအနေများကို ရိုက်တာသတင်းဌာနက အမေရိကန်ဘဏ်များ၊ ဘဏ်လုပ်ငန်းရှေ့နေများနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်လိမ့်မယ်ဆိုတဲ့အချက်က မှန်းဆချက်မျှသာဖြစ်ပါတယ်။ တစ်ကယ်တမ်းနုတ်ထွက်မယ်ဆိုရင် ဗြိတိန်နိုင်ငံမှာရှိတဲ့ ငွေကြေး ဝန်ဆောင်မှုကုမ္ပဏီတွေက လက်ရှိပုံစံအတိုင်းဆက်လက်ဆောင်ရွက်လို့ရနိုင်မှာ မဟုတ်ပါဘူး။

လန်ဒန်မြို့မှာရှိတဲ့ အမေရိကန်ဘဏ်ကြီးငါးခုရဲ့ ဝန်ထမ်းအရေအတွက်က ၄၀၀၀၀ ရှိပါတယ်။ ဒါဟာ ဥရောပဒေသမှာခန့်ထားတဲ့ ဝန်ထမ်းစုစုပေါင်းထက် ပိုမိုများပြားပါတယ်။ အဓိကအားဖြင့် ဗြိတိန်နိုင်ငံကနေ ဥရောပသမဂ္ဂအတွင်းမှာရှိတဲ့ တခြားဈေးကွက်တွေကို ဝန်ဆောင်မှုပေးလို့ရနေတဲ့အတွက် ယခုလိုဝန်ထမ်းဦးရေများပြားနေတာဖြစ်ပါတယ်။ ဥရောပမှာရှိတဲ့ စီးပွားရေး လုပ်ငန်းတွေအတွက် လုပ်ငန်းတွေကိုပြန်လည် ဖွဲ့စည်း တည်ထောင်ရမယ်ဆိုရင်ကုန်ကျစရိတ် များလွန်းတဲ့အတွက် တချို့ဘဏ်တွေအနေနဲ့ ဥရောပမှာရှိတဲ့ လုပ်ငန်းတွေအတွက်ပါ ပြန်လည်စဉ်းစားရတော့မှာ ဖြစ်ပါတယ်။

"ကုန်ကျစရိတ် မြင့်တက်လာပြီဖြစ်တဲ့အတွက် ကမ္ဘာ့စီးပွားရေးလုပ်ငန်းမှာ ဥရောပတိုက်က ဘယ်လောက်အရေးပါသလဲ။ အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်ပြီးနောက်ပိုင်းမှာ ဘယ်လိုလုပ်ငန်းတွေကို ဆက်လက်ထိန်းသိမ်းထားမလဲဆိုတဲ့အချက်ကို ဘဏ်လုပ်ငန်း တချို့ကပြန်လည်သုံးသပ်ရပါတော့မယ်"လို့ ဘဏ်လုပ်ငန်းများအတွက် အတိုင်ပင်လုပ်ငန်းဆောင်ရွက်နေတဲ့ ဥပဒေအကျိုးဆောင်လုပ်ငန်း Link Later အဖွဲ့ဝင်အက်ဝပ်ချန်းက ပြောပါတယ်။

ဥရောပပေါင်းစည်းရေးက အမေရိကန် ရင်းနှီးမြှုပ်နှံမှုဘဏ်များကို အကျိုးရှိစေခဲ့ပါတယ်။ ဒါပေမယ့် အမေရိကန်ဘဏ်တွေက အီးယူစီးပွားရေးလုပ်ငန်းတွေဆောင်ရွက်တဲ့အခါ အခြေစိုက်စခန်းဖွင့်လှစ်ထားရှိတာက ယူရိုဇုန်ပြင်ပရှိ လန်ဒန်မြို့မှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဘဏ်တွေက အီတလီနဲ့ ပြင်သစ်နိုင်ငံရှိ ဘဏ်တွေရဲ့ ရှယ်ယာတွေကိုဝယ်ထားပေးမဲ့ ရောမနဲ့ ပဲရစ်မှာ မနေဘဲ လန်ဒန်မှာအနေများကြပါတယ်။

## South East Asia

# စင်ကာပူတွင် ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးမှုနဲ့ ကုန်ထုတ်လုပ်မှုကောင်စီ ဖွဲ့စည်း

SkillsFuture Council နဲ့ National Productivity Council (NPC) တို့က တာဝန်ယူဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကိုဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် သုံးပွင့်ဆိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးမှုနဲ့ ကုန်ထုတ်လုပ်မှုဆိုင်ရာကောင်စီ (Council for Skills, Innovation and Productivity- CSIP) ကို စင်ကာပူနိုင်ငံမှာ မေ ၂၀ ရက်က ထူထောင်ခဲ့ကြောင်း ချန်နယ်နယူးစ်အေးရှသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၆ ခုနှစ် ဘတ်ဂျက်မှာ ကြေညာထားတဲ့စက်မှုလုပ်ငန်း ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ကောင်စီက အကောင်အထည်ဖော်ပေးမှာ ဖြစ်ပြီး ဒုတိယဝန်ကြီးချုပ်နဲ့ စီးပွားရေးနဲ့ လူမှုရေးမူဝါဒများ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး သာမန်ရှန်မူဂါရက်တနန်က ကောင်စီရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကောင်စီအဖွဲ့ဝင်များအဖြစ် အစိုးရ၊ စက်မှုလုပ်ငန်း၊ အလုပ်သမားသမဂ္ဂများနဲ့ ပညာရေးနဲ့ လေ့ကျင့်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ပါတယ်။

မစ္စတာ ရှန်မူဂါရက်တနန်က Skill Future Council နဲ့ NPC ရဲ့ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန (MOE) ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာန (MTI)၊ လူအင်အားဝန်ကြီးဌာန (MOM) နဲ့ စင်ကာပူလုပ်သားအင်အားဖွံ့ဖြိုးရေးအေဂျင်စီ (Singapore Work force Development Agency -WDA) တို့ရဲ့ ပူးတွဲသတင်းထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

CSIP က ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးမှုနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတိုးတက်ရေးကို အကောင်အထည်ဖော်ရာမှာ ဦးဆောင်သွားမယ့် အမြဲတမ်းအဖွဲ့အစည်းတစ်ရပ် ဖြစ်ပါတယ်။

## East Asia

# အက်စ်အမ်အီးများကို ထောက်ပံ့ဖို့အတွက် ကြီးကြပ်ထိန်းချုပ်မှုတွေ အလျင်အမြန်လျှော့ချဖို့ တောင်ကိုရီးယားသမ္မတ ကတိပြု

ပြည်တွင်းအသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီး) ကို အထောက်အပံ့ဖြစ်စေရန်အတွက် ကြီးကြပ်ထိန်းချုပ်မှုတွေကို ထိထိရောက်ရောက် လျင်လျင်မြန်မြန်ဆောင်ရွက်ဖို့ တောင်ကိုရီးယားသမ္မတ ပတ်ဂွင်ဟေးက မေ ၂၀ ရက်က ပြောကြောင်း ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

မလိုလားအပ်တဲ့ ကြီးကြပ်ထိန်းချုပ်မှုတွေကြောင့် စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေကြောင်းလည်း သမ္မတကပြောပါတယ်။ တောင်ကိုရီးယား ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေ ကမ္ဘာ့ဈေးကွက်အတွင်း ဝင်ရောက်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာအထောက်အပံ့တွေကို အသင့်ဖြစ်အောင် ဆောင်ရွက်မှာဖြစ်ကြောင်း အက်စ်အမ်အီး ခေါင်းဆောင်များနဲ့ တွေ့ဆုံစဉ်သမ္မတက ကတိပြုပြောကြားပါတယ်။

ကမ္ဘာ့ဈေးကွက်ထဲကို တိုးချဲ့ဝင်ရောက်နိုင်ဖို့အတွက် အီလက်ထရွန်းနစ်ကောမတ်ကဲ့သို့သော စီးပွားရေးပလက်ဖောင်းတွေမှာ ရင်းနှီးမြှုပ်နှံမှုအသစ်တွေပြုလုပ်ကြဖို့ စွန့်ဦးတီထွင်သူတွေကို သမ္မတက တိုက်တွန်းပါတယ်။

သမ္မတပတ်ဂွင်ဟေးက သမ္မတရာထူးကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီမှာ စတင်တာဝန်ယူပြီးနောက် မကြာမီမှာပဲ ပြည်တွင်းအက်စ်အမ်အီးတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး မေလတတိယရက်သတ္တပတ်တိုင်းမှာ နှစ်စဉ်တွေ့ဆုံခဲ့ပါတယ်။ အဆိုပါ တွေ့ဆုံပွဲမှာပဲ အလုပ်အကိုင်သစ်တွေဖန်တီးပေးတဲ့အတွက် အက်စ်အမ်အီးတွေကို ချီးကျူးပြောကြားခဲ့ပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်အတွင်း ပြည်တွင်းအက်စ်အမ်အီးတွေက လူငယ်လူရွယ်များအတွက် အလုပ်အကိုင်သစ် ၁၆၈၀၀၀ ကိုဖန်တီးပေးခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အတိုးနှုန်းများကို ဇွန်မှာမြှင့်တင်လိမ့်မယ်လို့ ယုံကြည်တဲ့ ရင်းနှီးမြှုပ်နှံသူတွေက တိုးတက်များပြားလာတဲ့အတွက် ထွန်းသစ်စ အာရှငွေကြေးအများစုက မေ ၂၀ ရက်မှာ တန်ဖိုးကျဆင်းခဲ့ရာ တတိယမြောက် ရက်သတ္တပတ်အဖြစ် ဆက်တိုက်ကျဆင်းမှုဖြစ်ခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှုနဲ့ လက်လီရောင်းချမှုစတဲ့လုပ်ငန်းအားလုံးက ဧပြီမှာ မူလခန့်မှန်းထားတာထက် ပိုမိုကျဆင်းခဲ့သလိုပို့ကုန်နဲ့ သွင်းကုန်လုပ်ငန်းတွေကလည်း မူလခန့်မှန်းထားတာထက် ပိုမိုကျဆင်းခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေး ဒုတိယနေရာရောက်နေတဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုကြောင့် အာရှငွေကြေးများရဲ့တန်ဖိုးက ယခင်ရက်သတ္တပတ် နှစ်ပတ်ကတည်းက ကျဆင်းခဲ့ပါတယ်။

## တရုတ်ယွမ်

တရုတ်နိုင်ငံဗဟိုဘဏ်က ဗဟိုဘဏ်ရည်ညွှန်းအတိုးနှုန်းကို နှစ်လအတွင်းအနိမ့်ဆုံးနှုန်းအဖြစ် လျှော့ချသတ်မှတ်ပြီးနောက် အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ယွမ်ငွေကြေးတန်ဖိုးက မေ ၁၉ ရက်မှာ တတိယမြောက်နေ့အဖြစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။ မေ ၁၉ ရက်ညနေ ၄ နာရီခွဲက ရှန်ဟဲမှာ တရုတ်ငွေကြေးတန်ဖိုးက တစ်ဒေါ်လာကို ၆ ဒသမ ၅၄၄၀ ယွမ်နှုန်းအထိ ကျဆင်းခဲ့ရာ မတ်လဆန်းနောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

တရုတ်နိုင်ငံဗဟိုဘဏ်က ဗဟိုဘဏ်ပျမ်းမျှငွေလဲနှုန်းကို မေ ၁၈ ရက်ကရှိခဲ့တဲ့ အမေရိကန်တစ်ဒေါ်လာ ၆ ဒသမ ၅၂၁၆ ယွမ်နှုန်းအောက် တန်ဖိုးချပြီး တစ်ဒေါ်လာကို ၆ ဒသမ ၅၅၃၁ ယွမ်နှုန်း သတ်မှတ်ခဲ့ပါတယ်။

## အိန္ဒိယရူပီး

ဘဏ်များနဲ့ ပို့ကုန်လုပ်ငန်းများက အဝယ်လိုက်လာတဲ့အတွက် ပြည်ပဈေးကွက်မှာ ဒေါ်လာတန်ဖိုးတက်ပြီး အိန္ဒိယအီကွိတီရှယ်ယာတွေ တန်ဖိုးကျနေခဲ့ပါတယ်။ အိန္ဒိယရူပီးတန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုည ဒသမ ၃၉ ရူပီးနှုန်း ကျဆင်းခဲ့ကာ တစ်ဒေါ်လာကို ၆၇ ဒသမ ၃၆ ရူပီးနှုန်းရှိခဲ့ပါတယ်။ ခြောက်ရက်မြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခြင်းဖြစ်ပြီး နှစ်လအတွင်း အနိမ့်ဆုံးနှုန်း ဖြစ်ပါတယ်။

နိုင်ငံခြားငွေတွေ ပြည်ပသို့ စီးထွက်မှုနဲ့ ရေနံစိမ်းဈေးနှုန်းပိုမိုမြင့်တက်မှုက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရူပီးတန်ဖိုးကိုကျဆင်းစေခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

## ဂျပန်ယန်း

တိုကျိုဈေးကွက်မှာ မေ ၂၀ ရက်က အမေရိကန်ဒေါ်လာရဲ့ တန်ဖိုးက တစ်ဒေါ်လာကိုယန်း ၁၁၀ ဝန်းကျင်မှာရှိနေပြီး ယမန်နေ့က နယူးယောက်မှာရှိခဲ့တဲ့နှုန်းနဲ့ အနည်းငယ်သာကွာခြားမှုရှိခဲ့ပါတယ်။

ဒေါ်လာယန်းဖလှယ်နှုန်းက မေ ၁၉ ရက်ညနေ ၅ နာရီက နယူးယောက်ဈေးကွက်မှာ တစ်ဒေါ်လာကို ၁၀၉ ဒသမ ၉၀ ယန်းနဲ့ တိုကျိုမှာတစ်ဒေါ်လာကို ၁၁၀ ဒသမ ၀၇ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၀၉ ဒသမ ၉၁ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရိုငွေကြေးဖလှယ်နှုန်းက မေ ၁၉ ရက်ညနေက နယူးယောက်ဈေးကွက်မှာတစ်ယူရိုကို ၁ ဒသမ ၁၁၉၈ ဒေါ်လာနဲ့ ၁၂၃ ဒသမ ၁၄ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုမှာ ၁ ဒသမ ၁၂၁၈ ဒေါ်လာနဲ့ ၁၂၃ ဒသမ ၄၈ ယန်းနှုန်းဖြင့်လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၂၀၂ ဒေါ်လာနဲ့ ၁၂၃ ဒသမ ၁၃ ယန်းနှုန်းရှိခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

ပြည်တွင်း ရင်းဂစ်ငွေကြေးရဲ့ ဝယ်လိုအားပြန်တက်လာတဲ့အတွက် မေ ၂၀ ရက်ကအမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ငွေကြေးဖလှယ်နှုန်းက မေ ၁၉ ရက်ညနေ ၅ နာရီက တစ်ဒေါ်လာကို ၄ ဒသမ ၀၈၀၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၇၅၀ ရင်းဂစ်နှုန်းဖြစ်ခဲ့ပါတယ်။ တခြားအဓိကငွေကြေးတွေနဲ့ဖလှယ်ရာမှာလည်း ရင်းဂစ်ငွေကြေးတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

## တောင်ကိုရီးယားဝမ်

အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းမြင့်တက်လာရင်ဖြစ်ပေါ်လာမယ့်အခြေအနေကို ကြိုတင်တွက်ဆပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ပြည်တွင်းရှယ်ယာတွေကို ရောင်းချလာခဲ့ပေမယ့် မေ ၁၉ ရက်မှာ တောင်ကိုရီးယားရှယ်ယာတွေရဲ့တန်ဖိုးကမပြောင်းလဲဘဲရှိခဲ့ပါတယ်။ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မယ့်အလားအလာနဲ့ ဒေါ်လာ တန်ဖိုးခိုင်မာမှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက စွန့်စားမှုများတဲ့ ငွေကြေးစာချုပ်စာတမ်းတွေဝယ်ယူဖို့ ဝန်လေးတဲ့အတွက် ဒေါ်လာနဲ့ဝမ်ငွေဖလှယ်ရာမှာ ဝမ်ငွေတန်ဖိုးက မေ ၁၉ ရက်ဈေးအောက် ၁ ဒသမ ၅၀ ဝမ်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၉၀ ဒသမ ၂၀ ဝမ်နှုန်းဖြစ်ပါတယ်။

## ထိုင်းဘတ်

ရိုက်တာသတင်းဌာနက ပြုစုထားတဲ့စာရင်းများအရ ဘတ်ငွေတန်ဖိုးက ယခင်နေ့ကနဲ့ နှိုင်းယှဉ်ရင် မေ ၂၀ ရက်မှာ အပြောင်းအလဲမရှိဘဲ အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၇၀ ဘတ်နှုန်းရှိခဲ့ပါတယ်။ နှစ်စကရှိခဲ့တဲ့တစ်ဒေါ်လာ ၃၆ ဒသမ ၀၀ ဘတ်နဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၈၄ ရာခိုင်နှုန်းမြင့်တက်ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# ဇွန်မှာ အတိုးနှုန်းမြှင့်တင်မယ့်လက္ခဏာကို အမေရိကန်ဗဟိုဘဏ်က အခိုင်အမာပြသ

ဇွန်မှာ နောက်ထပ်အတိုးနှုန်းမြှင့်တင်နိုင်ဖို့အတွက် အမေရိကန်စီးပွားရေးက အသင့်ဖြစ်နေပြီလို့ အမေရိကန်ဗဟိုဘဏ်အရာရှိများက ယုံကြည်ထားပြီးဖြစ်ကြောင်း မေ ၁၈ ရက်ကထုတ်ပြန်တဲ့ ဗဟိုဘဏ်ငြိမ်မူဝါဒချမှတ်ရေးအစည်းအဝေးမှတ်တမ်းကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဒုတိယသုံးလပတ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမြင့်မားလာပြီး အလုပ်အကိုင်ရရှိမှုနဲ့ ငွေကြေးဖောင်းပွမှုနှုန်းတွေလည်း တိုးတက်ကောင်းမွန်လာလိမ့်မယ်လို့ ဧပြီ ၂၆ ရက်နဲ့ ၂၇ ရက်မှာကျင်းပတဲ့ မူဝါဒချမှတ်ရေး ကော်မတီအစည်းအဝေးကို တက်ရောက်သူတို့က ခန့်မှန်းကြောင်း အစည်းအဝေးမှတ်တမ်းမှာ ဖော်ပြပါတယ်။ အဲဒီလို ဖြစ်ပေါ်လာမှသာလျှင် ကော်မတီက အတိုးနှုန်းမြှင့်တင်ဖို့ ဇွန်လမှာ ဆုံးဖြတ်တဲ့အခါ အဆင်ပြေနိုင်မှာဖြစ်ကြောင်း အစည်းအဝေးမှတ်တမ်းမှာ ဖော်ပြပါတယ်။

ဖြစ်ပေါ်နေတဲ့ အခြေအနေအရ အမေရိကန်ဗဟိုဘဏ်က ငွေကြေးမူဝါဒ တင်းကျပ်ဖို့ဆုံးဖြတ်ရန် ပိုမိုနီးစပ်လာတာကို တွေ့ရပါတယ်။ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မှုကို ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်



အဖြစ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာမှာ မြှင့်တင်ပေးခဲ့ပါတယ်။

အစည်းအဝေးမှတ်တမ်း ထုတ်ပြန်ပြီးနောက်ပိုင်းမှာ အမေရိကန်စတော့ ဈေးတွေကျဆင်းပြီး အခြားငွေကြေးတွေနဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ မကြာသေးမီကထုတ်ပြန်ခဲ့တဲ့ ကိန်းဂဏန်းများအရ ငွေကြေးဖောင်းပွမှု နှုန်းက အမေရိကန်ဗဟိုဘဏ်က ရည်မှန်းထားတဲ့ ၂ ရာခိုင်နှုန်းကို ရောက်ရှိလာပြီး ကမ္ဘာ့စီးပွားရေး ကျဆင်းမှုအတွက် စိုးရိမ်မှုတွေလည်း ကျဆင်းလာပြီလို့ ယုံကြည်တဲ့ မူဝါဒရေးဆွဲသူတွေ ပိုမိုများပြားလာကြောင်း အစည်းအဝေးမှတ်တမ်းအရ သိရပါတယ်။

# လွန်ခဲ့တဲ့ ၁၂ လအတွင်း တောင်ကိုရီးယားမှာ နိုင်ငံခြား အီကွိတီရန်ပုံငွေ အဖွဲ့များမှ ဆုံးရှုံးမှု ဝမ်ငါးထရီလီယံနီးပါးရှိ

တောင်ကိုရီးယားပြည်တွင်းဈေးကွက်မှာ နိုင်ငံခြား အီကွိတီရှယ်ယာရန်ပုံငွေအဖွဲ့များ အရောင်းအဝယ်ပြုလုပ်ရာမှ လွန်ခဲ့တဲ့တစ်နှစ်အတွက် ဆုံးရှုံးမှုတန်ဖိုးမှာ ဝမ် ၄ ဒသမ ၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၁) ဘီလီယံအထိရှိခဲ့ကြောင်းနဲ့ အထူးသဖြင့် ယခုနှစ်အတွင်း တရုတ်စတော့ဈေးကွက်များ ပြိုကွဲမှုကြောင့်ဖြစ်ရကြောင်း ရန်ပုံငွေအဖွဲ့များရဲ့ အဆင့်သတ်မှတ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Korea Fund Ratings Co. (KFR) မှ မေ ၁၈ ရက်က ထုတ်ပြန်ချက်ကို ကိုးကားပြီး ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

တောင်ကိုရီးယား ပြည်တွင်းဘဏ်များ၊ အကျိုးဆောင်များနဲ့ အခြား ဘဏ္ဍာရေး အဖွဲ့အစည်းများက လွန်ခဲ့တဲ့ ၁၂ လအတွင်းမှာရောင်းချခဲ့တဲ့ နိုင်ငံခြားနဲ့ဆက်စပ်နေတဲ့ အီကွိတီရှယ်ယာစာချုပ်စာတမ်း ၂၈၇၂ ခုကို ဝယ်ယူခဲ့တဲ့အတွက် နိုင်ငံခြားနဲ့ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေရဲ့ သုံးစွဲငွေက စုစုပေါင်း ဝမ် ၂ ဒသ ၅၅၀ ထရီလီယံရှိခဲ့ကြောင်း KFR ကပြောပါတယ်။

နိုင်ငံခြား အီကွိတီရှယ်ယာ ရန်ပုံငွေအဖွဲ့တွေက ပိုင်ဆိုင်တဲ့ အသားတင်ငွေကြေးစာချုပ် စာတမ်းတန်ဖိုးက ယခင်နှစ်ကဝမ် ၁၉ ဒသမ ၂၄၉ ထရီလီယံရှိခဲ့ရာမှ ယခုနှစ် မေ ၁၆ ရက် မှာ ဝမ် ၁၆ ဒသမ ၈၉၁ ထရီလီယံအထိ ကျဆင်းခဲ့တဲ့အတွက် ဆုံးရှုံးမှုတန်ဖိုး ဝမ် ၂ ဒသမ ၃၅၈ ထရီလီယံရှိခဲ့ ကြောင်း KFR က ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ သိရပါတယ်။

ရင်းနှီးမြှုပ်နှံသူများရဲ့ ဆုံးရှုံးမှုနှစ်ခုကိုကြည့်ပါက ဝမ် ၄ ဒသမ ၉၀၇ ထရီလီယံရှိတာကို တွေ့ရမှာဖြစ်ပြီး ယခုကဲ့သို့ဆုံးရှုံးရခြင်းမှာ တရုတ် စတော့ရှယ်ယာဈေးကွက်များ တစ်ဟုန်ထိုး ကျဆင်းမှုကြောင့်ဖြစ်ရကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။


ST
ရွှေထွန်း
ကုမ္ပဏီလီမိတက်


ROYAL SUN (AYE MYINT MYAT)
Medical Equipment Co., Ltd.
One Stop Supplier of Medical & Surgical Equipment
Authorized Distributor of Famed Zywiec Co., Ltd. (Poland)
Carbon Fliper Facemask
No.(B-9/5), Nawaday Garden Estate, Hlaing Thar Yar Tsp., Yangon, Myanmar.
Tel: 09-44 800 6159, 09-73 00 2405, 09 73 10 8337
E-mail: royalsunmedicalequipment@gmail.com


F
FOREVER TRANSPORTATION CO.,LTD
*Owner & Operator for Landing Crafts & Coastal Ships.
*Myanmar Coastal Shipping for General Cargo Transporation(from Yangon to Sittwe,Kyauk Phyu,Mawlamyine,Dawei,Myeik,Kawthaung & Pathein)
*Coastal & Inland Water Transporation(Diesel,Log,Timber,Heavy Machinery,Containers, Sand,Stones & Aggregate)
*Project Cargo Transporation
Room No.(606),6th Floors,United Condo Tower-1,No.(39),Ahlanpya Pagoda Road,Dagon Township,Yangon Township,Yangon,Myanmar.
Tel: (95-1)371193,09-425019907,01-683413,Hp :09-510 9347
E-mail : foreverkmk@gmail.com


WWM
THE WORLDWIDE MOVING SERVICES CO.,LTD
Office:
Bo Soon Pat Condominium,Building No.608
Room No.6(B),6th Floor,Pabedan Township,
Yangon,Myanmar.
Tel :01-250582,250032
Mobile :09-5101084,(Direct Line)01-246981
Fax :951-1-377263
E-mail :wwmservices@myanmar.com.mm
website :www.wwmmovers.com
IAM


Myanma Rock Mountain Co., Ltd.
Chipping 0-25 mm
2-4 Inches
6-9 Inches
Other Size
No.(77-A),ThanLwin Road,Kamayut Tsp,Yangon.
Ph: 01-569 707,09-781848727,09-781848729.

ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်

GOOD BROTHERS' COMPANY LIMITED

လက်ငင်းစနစ်၊ ဘဏ်အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ပြီး အပိုပစ္စည်းများကို အမြဲမပြတ်အနယ်နယ်ရှိကုမ္ပဏီခွဲများတွင်ဝယ်ယူရရှိနိုင်ပါသည်။
ဈေးနှုန်းသက်သာပြီး ဝယ်ယူသူများအဆင်ပြေချောမွေ့စေရန် ဝန်ဆောင်မှုများကို အကောင်းဆုံးဆောင်ရွက်ပေးပါသည်။







ရန်ကုန် – အမှတ်–(၂၂)၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန် လုံးချင်းအိမ်ရာ၊ လှိုင်မြို့နယ်။ ဖုန်း–၀၁ ၆၈၂၁၄၇၊ ၆၈၂၁၅၇၊ ၆၈၂၇၉၉ (လိုင်းခွဲ ၈၁၅ / ၈၂၅) ဖက်(စ်) ၀၁ ၆၈၀၄၁၁ ၀၉–၅၀၂၀၁၈၁၊ ၀၉၂၅၆၂၆၇၄၆၉

မန္တလေး – အမှတ်–(၅၁၂၅၄၁)၊ ၈၁လမ်း၊ ၁၅ × ၃၆ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း–၀၂–၃၉၉၄၈၊ ၃၂၄၄၀၊ ၆၄၅၁၄၊ ၇၁၅၆၄ (လိုင်းခွဲ–၂၁၁၊ ၂၁၄)၊ ၀၉၂၀၁၀၈၁၄၊ ၀၉၆၄၆၀၁၆၅၊ ၀၉၄၄၄၀၀၂၄၁၄၊ Fax–၀၂–၂၄၈၄၈



Myanmar Tha Gyee Co.,Ltd

မြန်မာသူကြီး ကိုရီးယားကားနှင့် Car Spare Parts အရောင်းစင်တာ

ကိုရီးယားကားနှင့် ကားပစ္စည်း အရောင်းစင်တာ (1.2.2016) နေ့မှစ၍
အမှတ် (J 40-41)၊ သီရိရတနာဈေး၊ (၅) တိုးချဲ့ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ (အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး) သို့
ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း မိတ်ဟောင်း၊ မိတ်သစ်များကို
အသိပေးအကြောင်းကြားအပ်ပါသည်။

Spare Parts





ရုံးချုပ် - အမှတ် (၇၄)၊ ပထမထပ်ညာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၂၂၇၄၆၉၊ ၀၉ ၇၃၂၁၃၀၀၂
အရောင်းဆိုင် - သီရိရတနာဈေးသစ်၊ အမှတ် (J/40 - 41)၊ (၅) တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး)၊
ဖုန်း - ၀၉ ၄၂၂၂၆၈၇၇၊ ၀၉ ၄၂၁၃၉၇၆၆၃ Email : myanmarthagyee@gmail.com

# COMMERCE INTERNATIONAL

## လွန်ခဲ့တဲ့ တစ်နှစ်အတွင်း အလုပ်အကိုင်ရှာဖွေသူ လူငယ် တစ်သိန်းခွဲကျော်ကို တောင်ကိုရီးယား အက်စ်အမ်အီးများက အလုပ်ခန့်

ယခင်နှစ်ဇွန်မှစပြီး အလုပ်အကိုင်ရှာဖွေနေတဲ့ လူငယ်လူရွယ် ၁၆၇၈၆၄ ဦးကို တောင်ကိုရီးယား အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်း (အက်စ်အမ်အီး) တွေက အလုပ်အကိုင် ခန့်ထားပေးခဲ့ကြောင်း နဲ့ အဲဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လုပ်ငန်းခွင်အခြေအနေ၊ လူမှုဖူလုံ ရေး အကျိုးခံစားခွင့်များလည်း တိုးတက်ကောင်းမွန်လာခဲ့ကြောင်း အက်စ်အမ်အီးလုပ်ငန်းများကို အားပေးလျက်ရှိတဲ့ အဖွဲ့တစ်ဖွဲ့ရဲ့ မေ ၂၀ ရက်ကထုတ်ပြန်ချက်ကိုကိုးကားပြီး ယွန်းဟပ်သတင်း မှာ ဖော်ပြပါတယ်။

နိုင်ငံအတွင်းရှိအက်စ်အမ်အီးဆိုင်ရာ အဖွဲ့အစည်း ၁၅ ဖွဲ့က မိမိ တို့ရဲ့ အဖွဲ့ဝင်ကုမ္ပဏီများက လာမယ့်နှစ်မှာ ကုမ္ပဏီတစ်ခုလျှင် အနည်း ဆုံး လူငယ်အလုပ်သမားတစ်ဦးကျ ခန့်အပ်နိုင်အောင် တိုက်တွန်းပေးမည် ဖြစ်ကြောင်း မေလအတွင်းက ကတိပြုခဲ့ပြီးနောက် အဖွဲ့ဝင်အက်စ်အမ်အီး လုပ်ငန်း ၃၉၄၅၆ ခုက ယခုကဲ့သို့ အလုပ်သမားများခေါ်ယူခန့်ထားခဲ့ ခြင်းဖြစ်ကြောင်း ကိုရီးယားအက်စ်အမ်အီးဖက်ဒရေးရှင်းက ပြောပါတယ်။

တောင်ကိုရီးယားသမ္မတပတ်ဂွင်ဟေးက ချောင်ဝါဒေးနန်းတော်မှာ အခမ်းအနားကျင်းပပြီး စီးပွားရေးလုပ်ငန်း စွမ်းဆောင်ရည်ကောင်းတဲ့ အက်စ်အမ်အီးတွေနဲ့ လူငယ်လုပ်သားများကို အလုပ်ခန့်ထားမှုစံချိန် တင်ထားတဲ့အက်စ်အမ် အီးတွေကို မေ ၂၀ ရက်မှာ ဆုများချီးမြှင့်ခဲ့ပါတယ်။ ဒီဆုချီးမြှင့်ပွဲအပြီးမှာ ကိုရီးယားအက်စ်အမ်အီးဖက်ဒရေးရှင်းနဲ့ အသေး စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့နှစ်ခုက အလုပ် အကိုင်ခန့်ထားမှု အခြေအနေများကို ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှစပြီး ဒီအခမ်းအနားကို နှစ်စဉ် မေလတတိယပတ် သမ္မတ အိမ်တော်မှာကျင်းပခဲ့တာဖြစ်ပါတယ်။

တောင်ကိုရီးယားအစိုးရက အထူးသဖြင့် အသက် ၂၀ ဝန်းကျင် လူငယ်မျိုးဆက်များ အလုပ်အကိုင်ရရှိမှု နှုန်းမြင့်မားအောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် စီးပွားရေးနှေးကွေးကျဆင်းမှု ရှည်ကြာလာတာနဲ့အမျှ စီးပွားရေးလုပ်ငန်းများက အလုပ်အကိုင်ခန့် ထားဖို့ ဝန်လေးလာ ကြပါတယ်။

တောင်ကိုရီးယားရဲ့ အလုပ်လက်မဲ့နှုန်းက မတ်လက ၄ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ဧပြီမှာ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိပါတယ်။ ဒါပေမယ့် အသက် ၁၅ နှစ်မှ ၂၉ နှစ် အတွင်းရှိ လူငယ်အလုပ်လက်မဲ့နှုန်းက ဧပြီမှာ ၁၀ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း ကိုရီးယားစာရင်းရုံးမှ သိရပါတယ်။




## နည်းပညာဆိုင်ရာမြှင့်တင်မှုများပြုလုပ်ဖို့ ဗီယက်နမ်ဘဏ်များကို တိုက်တွန်း

ဘဏ္ဍာရေး ဈေးကွက်တွေက အနာဂတ်ကာလမှာ ပိုမိုခက်ခဲရှုပ်ထွေးပြီး စွမ်းအားလည်း ကြီးမားလာဦးမှာ ဖြစ်ကြောင်းနဲ့ ဘဏ်များကလက်ရှိ နည်းပညာကို မြှင့်တင်ဖို့ အလေးပေး မဆောင်ရွက်ပါက စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံရဖွယ်ရှိကြောင်း ဘဏ္ဍာရေးကျွမ်းကျင်သူများရဲ့ သတိပေးချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ် သတင်းမှာ ဖော်ပြပါတယ်။

နည်းပညာသစ်အတွက် ရင်းနှီးမြှုပ်နှံတဲ့ ဘဏ်တွေက အကျိုးအမြတ် ၁၅ ရာခိုင် နှုန်းမှ ၁၇ ရာခိုင်နှုန်းအထိ ပိုမိုရရှိနိုင်ကြောင်း ဗီယက်နမ်နိုင်ငံတော်ဘဏ်နဲ့ အင်တာနေရှင်နယ်ဒေတာဂရု (IDG) တို့ မေ ၁၉ ရက်က ပူးတွဲကျင်းပတဲ့ Banking Vietnam 2016 အခမ်းအနားမှာ ဘဏ္ဍာရေး ကျွမ်းကျင်သူ ကမ်ဗန်လပ်ကပြောပါ တယ်။

လတ်တလော ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေနဲ့ ယှဉ်ပြိုင်မှုတွေကို တုံ့ပြန်ဖြေရှင်းနိုင်ဖို့အတွက် Banking Vietnam 2016 ကွန်ဖရင့်မှာ မွမ်းမံပြင်ဆင်ရေးနဲ့ ပြုပြင်ပြောင်းလဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်ရေး၊ ယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်ပြည့်ဝရေးတို့ကို အလေးပေးဆွေးနွေးခဲ့ပါတယ်။

ကွန်ဖရင့်မှာ အဓိကကျတဲ့အစီအစဉ်တွေ၊ အိုင်တီ တီထွင်ဆန်းသစ်မှု Solution တွေကိုဆွေးနွေးဆောင်ရွက်ခဲ့ပြီး ပြည်တွင်းနဲ့ဒေသတွင်းမှ ဘဏ်လုပ်ငန်းကျွမ်းကျင်သူတွေ၊ ကမ္ဘာ့နည်းပညာခေါင်းဆောင်တွေက ဆွေးနွေးမှုများ ရှင်းလင်းတင်ပြမှုများကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ကွန်ဖရင့်မှာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဘဏ်လုပ်ငန်းဆောင်ရွက်မှုတွေအပေါ် ရိုက်ခတ်လာမယ့် အကြောင်းတရားတွေကိုလည်း လပ်က ရှင်းလင်းတင်ပြခဲ့ပါတယ်။ စည်းမျဉ်းဥပဒေ တင်းကျပ်မှုတွေကြောင့် ကုန်ကျစရိတ်ကို မြင့်တက်စေပြီး ဘဏ်လုပ်ငန်းကဏ္ဍရဲ့ အကျိုးအမြတ်ကို ကျဆင်းစေနိုင်ပါတယ်။ လူဦးရေ၊ အသက်အရွယ်ကြီးရင့်သူဦးရေပြောင်းလဲမှုများနဲ့ ဝင်ငွေတိုးတက်မှုတို့က ဘဏ်များအတွက် ဝယ်လိုအားကို မြင့်တက်စေနိုင်ပါတယ်။ ဖောက်သည်တွေကလည်း အသိပညာပိုမိုကြွယ်ဝလာပြီး ဘဏ်လုပ်ငန်းနဲ့ပတ်သက်တဲ့ သတင်းတွေ ပုံမှန်ရနေဖို့အတွက် အိုင်တီပညာရပ်ကို အသုံးပြုကြလာလိမ့်မယ်လို့ သူကပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 23th May 2016

<< April And May Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.30 | 1.55 | 1.90 | 2.20 | 3.50 | X | | | 29.4.2016 | 28.4.2016 | 27.4.2016 | | | 9.5.2016 | 13.5.2016 | |
| | S/O CUT | | | | | | | 25.4.2016 | 24.4.2016 | 23.4.2016 | | | | | |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 17.5.2016 | 16.5.2016 | 19.5.2016 | | 29.5.2016 | 3.6.2016 | |
| | S/O CUT | | | | | | | | 13.5.2016 | 12.5.2016 | 15.5.2016 | | | | |
| MV.CITY OF MUMBAI V.31 | 1.55 | 1.90 | 2.20 | 3.50 | X | | | 6.6.2016 | 7.6.2016 | 8.6.2016 | | | 18.6.2016 | 22.6.2016 | |
| | S/O CUT | | | | | | | 2.6.2016 | 3.6.2016 | 4.6.2016 | | | | | |
| MV.HOEGH CHENNAI V.24 | 1.55 | 1.90 | 2.20 | 3.50 | X | | | | | | | | | | |
| | S/O CUT | | | | | | | | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။